# ကြေးမုံ
# The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ (26-8-2015) (၈၃၀၄)


ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် ဘယ်အခါမျှ မပြေငြိမ်းနိုင်ကုန်။ ရန်တို့ မမူခြင်းဖြင့်သာလျှင် ရန်ပြေငြိမ်းနိုင်ကုန်၏။

ဤတရားသဘောကား လောကစဉ်လာ ဓမ္မတာဖြစ်ပေ၏။


(ဓမ္မပဒ)

**မိုးရွာသွန်းမှုများ**

| | |
|---|---|
| ပေါင် | ၅ ဒသမ ၃၉ လက်မ |
| မော်လမြိုင် | ၄ ဒသမ ၂၁ လက်မ |
| ဘီးလင်း | ၄ ဒသမ ၀၂ လက်မ |
| လောင်းလုံး | ၃ ဒသမ ၃၉ လက်မ |
| ကြာအင်းဆိပ်ကြီး | ၃ ဒသမ ၂၂ လက်မ |
| သံတွဲ | ၃ ဒသမ ၁၁ လက်မ |
| ကျိုက်မရော | ၂ ဒသမ ၈၃ လက်မ |
| မုဒုံ | ၂ ဒသမ ၀၅ လက်မ |

## ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့အား တာဝန်မှ အငြိမ်းစားယူခွင့်ပြု

စာမျက်နှာ - ၂



## ရေခဲတောင်တက်ခြင်း / ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ကချင်ပြည်နယ်အတွင်းရှိ ရေခဲတောင်များ၏ ရှုခင်းဓာတ်ပုံများပြသမည်

စာမျက်နှာ - ၃

## မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၂၀၁၆ ခုနှစ်တွင် ပိုမိုတိုးတက်လာဖွယ်ရှိ

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် လာမည့် ၂၀၁၆ ခုနှစ်တွင် ယခုထက် ပိုမိုတိုးတက်လာဖွယ်ရှိသည်ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေသော ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၏ သုံးသပ်ချက်များအရ သိရသည်။

မြန်မာ့စီးပွားရေးသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အတူ တိုးတက်မှုများရှိလာပြီး နိုင်ငံတကာမှလည်း အမှန်တကယ်လာရောက်ရင်းနှီးမြှုပ်နှံမှုများ ယခင်ကထက် သိသိသာသာ တိုးတက်လာခဲ့သည်။ လာမည့် နိုဝင်ဘာလ ရွေးကောက်ပွဲအပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် အစိုးရသစ်၏ ၅ နှစ်တာကာလအလွန် အတွေ့အကြုံများနှင့်အတူ ၂၀၁၆ ခုနှစ်သည် ပိုမိုကောင်းမွန်သော တိုးတက်မှုများဖြစ်ပေါ်လာမည်ဟု ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များက မျှော်လင့်နေကြသည်။

"လာမယ့် ၂၀၁၆ ခုနှစ်မှာ ယခုထက်ပိုမိုကောင်းမွန်လာမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ ခိုင်မာတဲ့ရင်းနှီးမြှုပ်နှံမှုအနေနဲ့ အဆင့်မြင့်အိမ်ရာစီမံကိန်းကြီးကို ရင်းနှီးမြှုပ်နှံထားပါတယ်။ ၂၀၁၆ ခုနှစ်မှာ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## ညောင်ဦးမြို့နယ်အတွင်း ရောက်ရှိနေသည့် တောဆင်ရိုင်းအုပ်အား ပဲခူးရိုးမသို့ ပြန်လည်ပို့ဆောင်နိုင်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ညောင်ဦးမြို့နယ်အတွင်း ရောက်ရှိနေသော တောဆင်ရိုင်းခြောက်ကောင်အုပ်အား ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်မှုမရှိစေရေးဦးစားပေးကာ မူလကျက်စားရာနယ်မြေဖြစ်သော နတ်မောက်/မြို့သစ်မြို့နယ်ရှိ ပဲခူးရိုးမဒေသအတွင်းသို့ ပြန်လည်ပို့ဆောင်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အထူးအလေးထား၍ စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည်။



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ မြန်မာ့သစ်လုပ်ငန်း တာဝန်ရှိသူများနှင့် တောဆင်ရိုင်းထိန်းသိမ်းရာတွင် ဝါရင့်အတွေ့အကြုံရှိသော ဆင်ဆရာဝန် ဒေါက်တာစည်သူဝမ်ထွန်း ဦးစီးအင်အား ၃၅ ဦး၊ တောဆင်ရိုင်းများ ကျေးရွာများသို့ ဝင်ရောက်မှုမရှိစေရေး၊ လမ်းကြောင်းပိတ်ဆို့ရေးဆောင်ရွက်ရန် ညွှန်ကြားရေးမှူး နှစ်ဦး၊ ဦးစီးအင်အား ၂၈ ဦးတို့သည် ဩဂုတ် ၂၄ ရက်မှစတင်၍ တောဆင်အုပ်ရှိရာနယ်မြေတွင် အင်အားစုဖွဲ့ပြင်ဆင်ပြီး လုပ်ငန်းတာဝန်များ စတင်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်မှစတင်ပြီး ဆင်အုပ်နှင့် အနီးကပ်စောင့်ကြည့်ထိန်းကျောင်းလျက်ရှိသည်။

ဆင်ထိန်းသိမ်းရေးပိတ်ဆို့ရေးအဖွဲ့နှင့်အတူ တောဆင်ရိုင်းများအား လိုအပ်သလိုထိန်းကျောင်းနိုင်ရန် တောဆင်ထိန်းသိမ်းရေးအတွက် လေ့ကျင့်သင်ကြားထားသည့် ဆင်ယဉ်ကွန်ဂျီဆင်ကြီး ခြောက်ကောင်၊ လိုအပ်ပါက ဒေသခံပြည်သူလူထုအား စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳




**ကြေးမုံစာတည်းရှုထောင့်** **၂၆-၈-၂၀၁၅၊ ဗုဒ္ဓဟူးနေ့**

# ငွေကြေးဖောင်းပွမှုကိုကျော်လွှား

ငွေကြေး၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ သင်အလိုရှိသော ပစ္စည်းကို ဝယ်ယူနိုင်ခွင့်ရရှိစေရန်ဖြစ်သည်။ သို့သော် ငွေကြေးဖောင်းပွမှုကို ကျယ်ပြန့်မသွားအောင် ထိန်းချုပ်ထားနိုင်စွမ်းမရှိပါက ငွေ၏တန်ဖိုးသည် လည်းကောင်း၊ ငွေ၏အသုံးဝင်မှုသည်လည်းကောင်း ကျဆင်းသွားသည်။ ထိုအခါ အစိုးရကိုယ်တိုင် ငွေကြေးဖောင်းပွမှုဇက်ကြိုးကို ထိန်းချုပ်ရန် ဆုံးဖြတ်ရသည်။

ဘောဂဗေဒတွင် ပြဿနာကို ဟန်ချက်ညီအောင် ညှိရခြင်းဖြစ်သည်။ တစ်ဖက်တွင် လူအများသည် ငွေအရင်းအနှီးလည်ပတ်စေရန် ငွေကိုသုံးစွဲလိုသည်။ စီးပွားရေးလုပ်ငန်းကို ကြီးပွားတိုးတက်စေလိုသည်။ အခြားတစ်ဖက်တွင်ကား အများအပြားလည်ပတ်ခြင်းကြောင့် ကုန်ဈေးနှုန်းတက်သည်။ ငွေကြေးဖောင်းပွနှုန်း မြင့်တက်မှုမှာ အတိုင်းအတာရှိသည်။

စီးပွားရေးပညာရှင်တို့၏ အကြံပြုချက်တွင် ငွေကြေးဖောင်းပွနှုန်း မြင့်တက်နေလျှင် ဈေးချနေသည့်ဆိုင်ခွဲတွင် ဈေးဝယ်ရန်ကြိုးစားပါ။ ဈေးနှုန်းကြီးသဖြင့် ဈေးဆစ်ချင်လျှင် ထိုဆိုင်ခွဲများတွင် အမျိုးအစားတူပစ္စည်းများကို ဈေးသက်သက်သာသာနှင့် ဝယ်ယူခြင်းဖြင့် ကုစားနိုင်သည်ဟု ဆိုထားသည်။

မြန်မာနိုင်ငံတွင် နှုန်းရှင်ငွေလဲနှုန်း စတင်သတ်မှတ်ခဲ့သည့် သုံးနှစ်ကျော်ကာလအတွင်း မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းမှုရာခိုင်နှုန်း ၆၀ ခန့် ဖြစ်ပေါ်လာသည်။ ၂၀၁၂ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၈၁၅ ကျပ် သတ်မှတ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၂၈၅ ကျပ်နှင့် သုံးနှစ်အတွင်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့သည်။

မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းမှုဖြစ်ပေါ်စေသည့် အကြောင်းအရင်းများစွာရှိသည့်အနက် ငွေကြေးနှင့်ပတ်သက်သည့် ကောလာဟလထုတ်လွှင့်မှုများကလည်း အရေးကြီးသောအချက်များဖြစ်လာသည်။ ထို့ကြောင့် ငွေကြေးကိုင်တွယ်သုံးစွဲသူများအနေဖြင့် ကောလာဟလနောက်သို့ လိုက်ပါစီးမျောပါက ငွေကြေးဖောင်းပွမှုကို ပိုမိုဆိုးရွားစေမည်ဖြစ်ကြောင်း သတိပြုရပေမည်။

ဒေါ်လာဈေးနှုန်းမြင့်တက်မှုသည် ပြည်သူများ၏စားဝတ်နေရေးကို ပိုမိုကျပ်တည်းထိခိုက်စေနိုင်သဖြင့် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို ထိန်းချုပ်ရန် ကြိုးစားကြရမည်ဖြစ်သည်။ ၁၉၇၉ ခုနှစ် မေလက ယူကေနိုင်ငံ၏ ခေါင်းဆောင် မာဂရက်သက်ချာ၏ ငွေကြေးထိန်းချုပ်မှုနှင့် စီးပွားရေးပြန်လည်နာလန်ထူလာအောင် ကြိုးပမ်းဆောင်ရွက်မှုမှာ အားကျစရာဖြစ်သည်။

ထိုအချိန်က ဗြိတိန်လူထုမှာ ငွေကြေးဖောင်းပွမှုနှုန်းနှင့်အပြိုင် ရုန်းကန်လှုပ်ရှားခဲ့ရသည်။ မာဂရက်သက်ချာက စီးပွားရေးပညာရှင် အဒမ်စမစ်၏ လွတ်လပ်သော ဈေးကွက်အခြေခံမှုများကို ပြန်လည်တီထွင်၍ စီးပွားရေးတိုးတက်အောင်ဖန်တီးခဲ့သည်။ ထို့ကြောင့် ထိုအချိန်က မာဂရက်သက်ချာကို သံမဏိလေဒီဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်။

သံမဏိလေဒီ၏နည်းဗျူဟာမှာ ယူကေနိုင်ငံတွင် ကိုယ်ပိုင်အိမ်ဖြင့် နေနိုင်သူများတိုးပွားရေးဖြစ်သည်။ အိမ်ခြံမြေအပေါင်ခံ အခွန်အကောက်များကို လျှော့ချပေးသည်။ စည်ပင်သာယာပိုင်အိမ်များတွင် အငှားနေထိုင်သူများအား အနိမ့်ဆုံးဈေးနှုန်းဖြင့် ၎င်းတို့ငှားနေသည့်အိမ်များကို အပိုင်ဝယ်ယူခွင့်ပြုသည်။

ရည်မှန်းချက်မှာ ရိုးရှင်းသည်။ သင်က ပြည်သူလူထုကို နိုင်ငံတော်အတွင်း ပိုင်ဆိုင်မှုအဖြစ် ဥစ္စာပစ္စည်းတစ်ခုခုကို အပ်နှင်းလိုက်သည်ဆိုလျှင် သူတို့သည် ထိုပိုင်ဆိုင်ခွင့်ကို ကြည့်ရှုစောင့်ရှောက်ကြရတော့မည်။ အပြင်းအထန် ကာကွယ်ထိန်းသိမ်းရတော့မည်။ လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်သည် လွတ်လွတ်လပ်လပ် စီးပွားရေးလုပ်ကိုင်လိုသူများကို အားပေးအားမြှောက်ပြုမည်။ ထိုအခါ စီးပွားရေးသည် ကြီးပွားချမ်းသာဖွံ့ဖြိုးလာမည်ဟူ၍ ဖြစ်သတည်း။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသော ဒေါ်လာဈေးမြင့်တက်မှုကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးအကျပ်အတည်းမှာ အရှုံးပေးရင်ဆိုင်ရမည့်အခြေအနေမဟုတ်ဘဲ ပိုမိုကောင်းမွန်သောစီးပွားရေးအတွေးအခေါ်များဖြင့် ကျော်လွှားလွန်မြောက်နိုင်မည်ဖြစ်ပါသည်။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၇/၂၀၁၅**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)**

**ကရင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြုခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ်၊ ၉/၂၀၁၁ ဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့သော ဦးဇော်မင်း ကို တပ်မတော်မှ အငြိမ်းစားပေးခဲ့ပြီးဖြစ်ပါသဖြင့် ယနေ့မှစ၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၈/၂၀၁၅**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)**

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြုခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်စွဲပါ အမိန့်အမှတ်၊ ၁၅/၂၀၁၄ ဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့သော ဦးမောင်မောင်အုန်း ကို တပ်မတော်မှ အငြိမ်းစားပေးခဲ့ပြီး ဖြစ်ပါသဖြင့် ယနေ့မှစ၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။




# နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၅**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၆၈၇၀၀ | - | ၇၆၉၇၀၀ |
| မန္တလေး | ရွှေဈေး | ၇၆၈၇၀၀ | - | ၇၆၉၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၈၄. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၀. ၄၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၀၁၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၁. ၂၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၂၁၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၈၀. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၃၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၂. ၅၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၁. ၂၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၅)ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်(င)ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မိမိတို့ လွှတ်တော်သက်တမ်းအတွင်း ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေပေါင်း (၅၀)ခန့် အတည်ပြုရန် ကျန်ရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်၌ (၁၇)ခု၊ အမျိုးသားလွှတ်တော်၌ (၂၄)ခု၊ ပြည်ထောင်စုလွှတ်တော်၌ (၉)ခု ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေအများစုသည် အစိုးရအဖွဲ့က တင်သွင်းသော ဥပဒေများဖြစ်ပြီး အတည်ပြုပြဋ္ဌာန်းနိုင်မှသာ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့နိုင်မည် ဖြစ်ပါကြောင်း။

လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်နှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းသည့်တာဝန်များ ဆောင်ရွက်ရသည့်အတွက် ဥပဒေပြုရေးကဏ္ဍတွင် ကျန်ရှိနေသည့် ဥပဒေများကို အကြွေးအကျန်မရှိအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူ့လွှတ်တော်၌ ဖွဲ့စည်းထားသည့်ကော်မတီများသည် ဆောင်ရွက်ရန်ကျန်ရှိသည့်ဥပဒေများကို လွှတ်တော်ရပ်နားချိန်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အနေဖြင့်လည်း ကျန်ရှိနေသည့် ဥပဒေများအပေါ် ကြိုတင်သုံးသပ်၍ ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မကြာမီ ရက်ပိုင်းအတွင်း လွှတ်တော်များ ရပ်နားတော့မည်ဖြစ်ပါကြောင်း၊ ရပ်နားရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတစ်ဝန်းဖြစ်ပေါ်နေသည့် ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကိုယ်စားလှယ်များ သွားရောက်ကူညီနိုင်ရန်နှင့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ လွှတ်တော်ရပ်နားထားစဉ်အတွင်း အခြေအနေ၊ အချိန်အခါပေါ်မူတည်၍ နေပြည်တော်ရှိ လွှတ်တော်နှင့် လွှတ်တော်ရုံးခွဲ(ရန်ကုန်)တို့၌ နောင်လာမည့် လွှတ်တော်အစည်းအဝေးအတွက် အသင့်ဖြစ်အောင် ဆောင်ရွက်သွားကြရန်နှင့် ကော်မတီအလိုက် လိုအပ်ချက်၊ အခက်အခဲများကို တင်ပြညှိနှိုင်းကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ကချင်ပြည်နယ်အတွင်းရှိ ရေခဲတောင်များ၏ ရှုခင်းဓာတ်ပုံများ ပြသမည်

**ရန်ကုန် ဩဂုတ် ၂၅**

ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ရည်ရွယ်၍ ဓာတ်ပုံပညာရှင်ကျော်သာ(ဟိုက်ချင်း)၏ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း အသက်နှင့်ရင်းပြီး ခက်ခက်ခဲခဲသွားရောက်ရိုက်ကူးထားသော ကချင်ပြည်နယ်အတွင်းရှိ ဖုန်ကန်ရာဇီ၊ ဖုန်ရင်ရာဇီနှင့် ဖန်ဂရမ်ရာဇီ ရေခဲတောင်များ၏ ဓာတ်ပုံများအား ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေ ရှာဖွေနိုင်ရန် ဓာတ်ပုံပြပွဲ ပြုလုပ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် (၁၆" × ၂၄") ဓာတ်ပုံ ၈၀၊ (၁၀" × ၁၅") ဓာတ်ပုံ ၃၅ ပုံနှင့် စုစုပေါင်း ဓာတ်ပုံ ၁၁၅ ပုံတို့ကို ပြသသွားမည်ဖြစ်ပြီး ဓာတ်ပုံ ရောင်းရငွေများအားလုံးကို ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်နေသော နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းသွားမည်ဖြစ်သည်။ အဆိုပါပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Think Art Gallary တွင် စက်တင်ဘာ ၁ ရက်မှ ၆ ရက်အထိ ပြသသွားမည်ဖြစ်သည့်အပြင် မန္တလေးမြို့တွင် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မင်္ဂလာမန္တလေးခန်းမတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဓာတ်ပုံများအား ပြသရောင်းချသွားမည်ဖြစ်သည်။ မန္တလေးတွင် ဓာတ်ပုံရောင်းချရသော အလှူငွေများအားလုံးကို မန္တလေးမှ ပရဟိတအသင်းဖြင့် ဆက်သွယ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံပြပွဲကို ပြသသော ဓာတ်ပုံပညာရှင် ကျော်သာ(ဟိုက်ချင်း)က ရေဘေးသင့်ပြန်လည်ထူထောင်ရေးတွင် မိမိ၏ ဓာတ်ပုံအနုပညာဖြင့် တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်နိုင်ရန်နှင့် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံ၌သာရှိသော သဘာဝရေခဲတောင်ဒေသများကို လူများသိရှိပြီး ခရီးသွားဒေသတစ်ခုအဖြစ် ဒေသဖွံ့ဖြိုးမှု အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ခင်မောင်ချို**

## ငွေရေးကြေးရေးစနစ်အားကောင်းခိုင်မာပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းကျဆင်းရေး စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များအကြား ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုတွင် ငွေရေးကြေးရေးကဏ္ဍမှာ အဓိကကျသဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်များ သုံးဦးသုံးဖလှယ် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရေးမှာ အထူးအရေးကြီးပါကြောင်း၊ ငွေရေးကြေးရေးကဏ္ဍ တိုးတက်ပြောင်းလဲမှုများ ရှိလာသည်နှင့်အမျှ ဖြစ်ပေါ်လာသည့် အခက်အခဲများကို အဆိုပါအဖွဲ့အစည်း(၃)ရပ်က ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ငွေရေးကြေးရေးစနစ် အားကောင်းခိုင်မာပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို အသီးသီးဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

### ❒ ကျောဖုံးမှ

"ဒီအခွင့်အလမ်းက တိုင်းပြည်ရဲ့စွမ်းအင်မျှော်မှန်းချက်တွေ ဖြည့်ဆည်းပေးမယ့် သဘာဝဓာတ်ငွေ့ရည်ဆိုင်ရာ ကမ္ဘာကျော်ကုမ္ပဏီတွေ မြန်မာနိုင်ငံကို ခေါ်ဆောင်လာဖို့ Shell နဲ့ မိတ်ဖက်ကုမ္ပဏီတွေကို အထောက်အကူပြုမှာပါ" ဟု Shell Global LNG ဒုတိယဥက္ကဋ္ဌ ရော်ဂျာဘောင်းစ်က ပြောကြား သည်။ သဘာဝဓာတ်ငွေ့ရည်ဈေးကွက်မှာ ကြီးမားလာနေကြောင်း၊ နိုင်ငံတကာရေနံစိမ်းဈေးနှုန်း စဉ်ဆက်မပြတ်ကျဆင်းနေမှုကြောင့် လက်ရှိအချိန်တွင် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်းနိမ့်ကျနေသော်လည်း အလားအလာ အလွန်ကောင်းမွန်ကြောင်း ၎င်းကဆိုသည်။ Italian-Thai Development နှင့် ယင်းမိတ်ဖက်ကုမ္ပဏီများက မက်ဂါဝပ် ၄၅၀ ရှိ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံ၊ ဆိပ်ကမ်းငယ်တစ်ခုနှင့် ထိုင်းနိုင်ငံသို့ ဖောက်လုပ်ထားသော နှစ်လမ်းသွား လမ်းမကြီးတစ်ခုပါဝင်သည့် ထားဝယ်စီမံကိန်း ပထမအဆင့်အတွက် လုပ်ပိုင်ခွင့်သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။ **(သုတ)**

### ❖ ဘိုကလေးမှ

၁၅မိနစ်ခန့်အကြာတွင် မိကျောင်းသည်ရေပေါ်သို့ ပြန်ပေါ်လာကြောင်း၊ မိကျောင်း၏အရှည်မှာ ၁၂ ပေခန့်ရှိကြောင်း၊ ညီမဖြစ်သူ မကျော့ကေခိုင်က ဖခင်ဖြစ်သူ ဦးလှငွေထံသို့ အပြေးသွားရောက်ပြောပြကြောင်း၊ ဖခင် ဦးလှငွေက ကဒုံကနီနယ်မြေရဲစခန်းသို့ ဖုန်းနှင့်ဆက်သွယ်၍ အကူအညီတောင်းခံရာ မွန်းတည့် ၁၂ နာရီတွင် ကဒုံကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် နယ်မြေလှည့်ကင်းတာဝန်ထမ်းဆောင်နေသော ရဲတပ်ကြပ်ကြီးအောင်မြင့်ပါ ရဲတပ်ဖွဲ့ဝင်ငါးဦးတို့က ပဲ့ထောင်တစ်စီးဖြင့်ချောင်းအတွင်း မိကျောင်းကိုက်ချီသွားသော မောင်သန်းထိုက်၏ အလောင်းကို လိုက်လံရှာဖွေကြောင်း သိရသည်။ မိကျောင်းကိုက်ချီသွားသူအား ယနေ့အထိ အလောင်းမတွေ့ရသေးကြောင်း သိရသည်။ **ဘိုကလေးဌေးနိုင်**

### ❖ မြန်မာမှ

အခန်းပိုင်ရှင်တွေကို အခန်းအပ်နိုင်မှာဖြစ်တဲ့အပြင် ဒီနှစ်ရွေးကောက်ပွဲအပြီး နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမယ့်သူတွေ ထပ်မံဝင်ရောက်လာဦးမှာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ၂၀၁၆ခုနှစ်ကို ပိုမိုကောင်းမွန်လာမယ်လို့ မျှော်လင့်ထားပါတယ်။ အဲဒါနဲ့ထပ်တူ နောက်ထပ် ရင်းနှီးမြှုပ်နှံရမယ့်လုပ်ငန်းတွေ၊ ကဏ္ဍတွေ ပေါ်ပေါက်လာဦးမှာဖြစ်တဲ့အတွက် ဘယ်လိုကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမလဲဆိုတာ ဆောင်ရွက်နိုင်မှာပါ"ဟု Golden City အဆင့်မြင့် အိမ်ရာစီမံကိန်း စီမံကိန်းရှယ်ယာပိုင်ရှင်နှင့် ကိုယ်စားလှယ် မစ္စတာ ဂျက်ဖရီလူက မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့်ပတ်သက်ပြီး ပြောကြားခဲ့သည်။ အလားတူ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကြမည့် စီးပွားရေးလုပ်ငန်းကြီးများကို မြန်မာနိုင်ငံအနေဖြင့် ၅ နှစ်တာ အဘက်ဘက်မှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့မှုနှင့် အတွေ့အကြုံပိုင်းတို့အရ ပိုမိုကောင်းမွန်လာမည့် အခြေအနေများကို မျှော်မှန်းကာ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် စောင့်ကြည့်လျက်ရှိသည်ဟု သိရသည်။

အခွင့်အလမ်းကောင်းနှင့် အလားအလာကောင်းများရှိနေသည့် မြန်မာနိုင်ငံသည် ယခုနှစ်ပိုင်းအတွင်း ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ခြံမြေဖွံ့ဖြိုးမှုလုပ်ငန်း၊ အခြားသော ကဏ္ဍအသီးသီးတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ များပြားလာခဲ့ခြင်းကြောင့် စီးပွားရေးတိုးတက်မှုများ ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၉ ဒသမ ၃ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားသည်ဟု သိရသည်။ အာရှဖွံ့ဖြိုးရေးဘဏ် ခန့်မှန်းချက်ဖြစ်သော ၈ ဒသမ ၃ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက် ၈ ရာခိုင်နှုန်းတို့ထက် မြင့်မားနေသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစပြီး မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကိုရရှိခဲ့ပြီး ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စံချိန်သစ်အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံအထိ မြင့်တက်ခဲ့ပြီး ယင်းမှာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်၏ ၂၅ ဆခန့်ပင်ဖြစ်ကြောင်း သိရသည်။ **(ဝဝ၁)**

**ဥတုရာသီ တောကိုမှီ၍**

**ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်**

၂၅-၈-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာစာမျက်နှာ (၁) တွင် ပါရှိသော ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး အစိုးရက ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်ပေးသွားရမည် သတင်း၏ ကောက်စာတွင် **'ရေဘေးသင့် ပြည်သူများ၏'** အစား **'ရေဘေးသင့်ပြည်သူများ၏'** ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးပါရန်။ **(စာတည်း)**

## အမျိုးသားဇာတ်ရုံ ငှားရမ်းအသုံးပြုမှုများ ခေတ္တရပ်နား

**နေပြည်တော် ဩဂုတ် ၂၅**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)နှင့် အမျိုးသားဇာတ်ရုံ(မန္တလေး)တို့၏ မီး၊ အသံစနစ်များ ဇာတ်စင်ဆိုင်ရာစနစ်များ၊ လေအေးပေးစက်၊ အဆောက်အအုံ ထိန်းသိမ်းပြုပြင်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာလ ဒုတိယပတ်အတွင်းမှစ၍ လုပ်ဆောင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအတွက် သုံးစွဲရန်ခွင့်ပြုထားပြီးသည့် အစီအစဉ်များမှအပ ဟောပြောပွဲများ၊ အနုပညာဖျော်ဖြေပွဲများ၊ ဇာတ်အငြိမ့်များ၊ တေးဂီတဖျော်ဖြေပွဲများအတွက် အမျိုးသားဇာတ်ရုံများအား ငှားရမ်းအသုံးပြုခွင့်ကို နိုဝင်ဘာ ၃၀ ရက်အထိ ရပ်နားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြောင်းများပိတ်ဆို့မှုမဖြစ်ရန် ဆောင်ရွက်

**ညောင်တုန်း ဩဂုတ် ၂၅**

မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် မြစ်ရေမြင့်တက်စဉ်က တာပေါင်များပေါက်၍ ရေများစိမ့်ဝင်ကာ ရေမြောင်းများအတွင်း ပိတ်ဆို့လျက်ရှိသည့် သဲ၊ နုန်းများနှင့် အမှိုက်များအား ရေစီးရေလာကောင်းမွန်စေရန်အတွက် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **ခရိုင်ပြန်/ဆက်**

# တရုတ်နှင့် မြောက်ကိုရီးယား နယ်စပ်ကုန်သွယ်ရေးဇုန်ဖွင့်မည်

**ပေကျင်း ဩဂုတ် ၂၅**

တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် နယ်စပ်ဒေသကုန်သွယ်ရေးဇုန်တစ်ခုကို အောက်တိုဘာတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ဩဂုတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် တန်တုန်းမြို့ရှိ ကွေ့မင်ဝမ် ကုန်သွယ်ရေးဇုန်ကို ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲ ကျင်းပစဉ်ကာလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားလျက် ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

နယ်စပ်ကုန်သွယ်ရေးဇုန်အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ယွမ်ငွေ တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅၆ သန်း)ရှိသည်ဟု တာဝန်ရှိသူများက ပြောကြားသော်လည်း အသေးစိတ်မသိရပေ။

တရုတ်နှင့် မြောက်ကိုရီးယား နယ်စပ်ဒေသ တစ်ဖက်တစ်ချက် ကီလိုမီတာ ၂၀ အကွာအဝေးအတွင်း နေထိုင်သူဒေသခံများသည် အပြန်အလှန်ကုန်သွယ်မှုပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းအချို့ တင်သွင်းရာတွင် အကောက်ခွန်ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားမှုနည်းပါးခြင်းနှင့် ကုလသမဂ္ဂ၏ စီးပွားရေးပိတ်ဆို့မှုနှင့် တွေ့ကြုံနေရသော မြောက်ကိုရီးယားနိုင်ငံနှင့် စီးပွားရေးဆက်ဆံရန် မဝံ့မရဲဖြစ်ကြခြင်းတို့ကြောင့် လွတ်လပ်သော ကုန်သွယ်ရေးဇုန်များ ထူထောင်ရေး ယခင်ကြိုးပမ်းမှုများ ပျက်ပြားခဲ့ရသည်။ **ဆင်ဟွာ။**



# တင်းမာမှုများလျှော့ချရန် ကိုရီးယားနှစ်နိုင်ငံ သဘောတူ

**ဆိုးလ် ဩဂုတ် ၂၅**

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့က နှစ်နိုင်ငံကြားဖြစ်ပွားနေသည့် တင်းမာမှုများကို လျှော့ချရန် သဘောတူညီမှုများ ရရှိခဲ့ပြီဖြစ်သည်။ နှစ်နိုင်ငံမှ ထိပ်တန်းတာဝန်ရှိသူများသည် စနေနေ့ကတည်းက နှစ်နိုင်ငံနယ်စပ် ပန်မွန်ဂျုမ်ကျေးရွာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အင်္ဂါနေ့တွင် ဆွေးနွေးမှုများ ပြီးဆုံးခဲ့သည်။

ယင်းသဘောတူညီမှုတွင် နှစ်နိုင်ငံကြား စစ်မဲ့ဇုန်၌ ဩဂုတ် ၄ ရက်က မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် တောင်ကိုရီးယားစစ်သားနှစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည့်အတွက် မြောက်ကိုရီးယားနိုင်ငံက ဝမ်းနည်းကြောင်းဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက လွန်ခဲ့သည့်သီတင်းပတ်တွင် ၎င်း၏ ရှေ့တန်းတပ်ဖွဲ့များကို စစ်ပြင်ဆင်ထားရန်ကြေညာခဲ့မှုကို ရုပ်သိမ်းပေးရန် သဘောတူညီခဲ့သည်။ တောင်ကိုရီးယားနိုင်ငံကလည်း အသံချဲ့စက်များအသုံးပြုပြီး ဝါဒဖြန့်မှုများကို ရပ်တန့်ရန် သဘောတူညီခဲ့ကြသည်။ နှစ်ဖက်စလုံးက တွေ့ဆုံဆွေးနွေးပွဲများကို ဆိုးလ်မြို့သို့မဟုတ် ပြုံယမ်းမြို့၌ ဆက်လက်ပြုလုပ်သွားကြရန် သဘောတူညီခဲ့ကြသလို ကိုရီးယားစစ်ပွဲတွင် ကွဲကွာသွားခဲ့ကြသည့် မိသားစုများ ပြန်လည်တွေ့ဆုံနိုင်မည့်အစီအစဉ်ပြုလုပ်သွားရန်လည်း သဘောတူညီခဲ့ကြသည်။

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက တင်းမာမှုများလျှော့ကျပြီး သဘောတူညီချက်များကို ချောချောမွေ့မွေ့ရရှိခဲ့မှုမှာတစ်ဆင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းသာယာစွာ ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်ပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ရန် မျှော်လင့်ကြောင်း ပြောကြားသည်။

ကိုရီးယားနှစ်နိုင်ငံကြား ရရှိခဲ့သည့် သဘောတူညီချက်များကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ထောက်ခံကြိုဆိုခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# စင်ကာပူ အထွေထွေရွေးကောက်ပွဲ စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပမည်

**စင်ကာပူ ဩဂုတ် ၂၅**

စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၁၁ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန် သမ္မတတိုနီတန်ကန်းယမ်က ဝန်ကြီးချုပ် လီရှန်လွန်း၏ အကြံပြုချက်အရ ဩဂုတ် ၂၅ ရက်တွင် ပါလီမန်ကို တရားဝင် ဖျက်သိမ်းလိုက်သည်။

မဲဆန္ဒနယ်မြေ ၂၉ ခုအတွက် ပါလီမန်အမတ် ၈၉ ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် အထွေထွေရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်သည်။

ဝန်ကြီးချုပ်၏ အကြံပြုချက်နှင့်အညီ သမ္မတက ရွေးကောက်ပွဲဆိုင်ရာ အမိန့်စာချွန်ထုတ်ပြန်လိုက်ပြီး ယင်းအမိန့်စာချွန်အရ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရမည့်နေ့ရက်အဖြစ် စက်တင်ဘာ ၁ ရက်ကို သတ်မှတ်ထားသည်။

စက်တင်ဘာ ၁၁ ရက်ကို အများပြည်သူ အားလပ်ရက်အဖြစ် သတ်မှတ်ပေးထားကြောင်း၊ စက်တင်ဘာ ၁၀ ရက်ကို မဲဆွယ်စည်းရုံးမှုပြုလုပ်ခွင့်မရှိသောနေ့အဖြစ် သတ်မှတ်ကြောင်း ရွေးကောက်ပွဲဌာနက ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# ကန်ဒေါ်လာ ခုနစ်သန်းကျော် တန်ကြေးရှိ ဆေးခြောက်များ ကမ္ဘောဒီးယားရဲတပ်ဖွဲ့ ဖမ်းဆီး

**ဖနောင်ပင် ဩဂုတ် ၂၅**

ကမ္ဘောဒီးယားရဲတပ်ဖွဲ့က ပမာဏများပြားသော ဆေးခြောက်များနှင့် သံသယဖြစ်ဖွယ်ရာ မူးယစ်မှောင်ခိုသမားသုံးဦးကို ဖနောင်ပင်မြို့တော်၌ဖမ်းဆီးခဲ့ကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက ဖနောင်ပင်မြို့ရှိ အိမ်တစ်အိမ်ကို စီးနင်းခဲ့ပြီး မူးယစ်ဆေးချက်လုပ်ရာတွင် အသုံးပြုသည့် ကိရိယာအချို့နှင့်အတူ ဆေးခြောက် ၁ ဒသမ ၅ တန်နီးပါးနှင့် ဆေးခြောက်ဆီ ၁ ဒသမ ၅ တန်နီးပါးကို ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခိယူဆာမန်က ပြောကြားသည်။ “သူတို့က ဆေးခြောက်တွေကို လာအိုနိုင်ငံကနေ ကမ္ဘောဒီးယားနိုင်ငံကို မှောင်ခိုသွင်းလာပြီး တတိယတိုင်းပြည်တစ်ခုကို ပို့ဆောင်ဖို့ ဦးတည်ထားပါတယ်။ ဆေးခြောက်တွေက အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော် တန်ကြေးရှိပြီး ဆေးခြောက်ရည်တွေကတော့ အမေရိကန်ဒေါ်လာ ၇၅၀၀၀ တန်ကြေးရှိမယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်” ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

သံသယဖြစ်ဖွယ်ရာ မူးယစ်မှောင်ခိုသမားများက လာအိုနိုင်ငံမှ ဆေးခြောက်များကို ကော်ဖီထုပ်များအတွင်းဝှက်၍ ကမ္ဘောဒီးယားနိုင်ငံသို့ တင်သွင်းခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ခဲ့သော သံသယဖြစ်ဖွယ်ရာ မူးယစ်မှောင်ခိုသမားများကို ငွေကြေးထောက်ပံ့ပေးခဲ့သည့် ဥရောပတိုက်သား ဂိုဏ်းခေါင်းဆောင်တစ်ဦးကို ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိကြောင်း ၎င်းကဆိုသည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံ ဥပဒေတွင် သေမိန့်မရှိပေ။ **ဆင်ဟွာ။**





# ဂျပန် မောင်းသူမဲ့ ကုန်တင်အာကာသယာဉ် နိုင်ငံတကာ အာကာသစခန်းသို့ ဆိုက်ရောက်

**တိုကျို ဩဂုတ် ၂၅**

လွန်ခဲ့သည့်ရက်သတ္တပတ်က ဂျပန်နိုင်ငံက လွှတ်တင်ခဲ့သော မောင်းသူမဲ့ ကုန်တင်အာကာသယာဉ်သည် စားနပ်ရိက္ခာနှင့် အခြားထောက်ပံ့ရေးပစ္စည်းများကို လွှဲပြောင်းပေးနိုင်ရန် နိုင်ငံတကာအာကာသစခန်းယာဉ်သို့ ဩဂုတ် ၂၄ ရက်တွင် ဆိုက်ရောက်ခဲ့ကြောင်း ဂျပန်လေကြောင်း အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

အဆိုပါ ကုန်တင်အာကာသယာဉ်မှာ ဂျပန်နိုင်ငံက သုတေသနပြု တည်ဆောက်ခဲ့သော ကူနိုတိုရီ-၅ အမည်ရှိ အာကာသယာဉ်ဖြစ်သည်။ အလေးချိန် ၅ ဒသမ ၅ တန်ရှိ ထောက်ပံ့ရေးပစ္စည်းများနှင့် သိပ္ပံစူးစမ်းလေ့လာရေးကိရိယာများကို တင်ဆောင်လာခဲ့သည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်၌ ရှိနေသော ဂျပန်လူမျိုး အာကာသယာဉ်မှူး ကီမိယယူရိသည် အာကာသစခန်းယာဉ်၌ သယ်ယူပို့ဆောင်ရေး အာကာသယာဉ် ဆိုက်ကပ်နိုင်စေရန် စက်ရုပ်လက်တံတစ်ခုကို အသုံးပြုခဲ့သည်ဆို၏။

အမေရိကန်လေကြောင်း အာကာသနှင့် အာကာသအဖွဲ့(နာဆာ)၏ ထိန်းချုပ်ရေးခန်းမ၌ ရောက်ရှိနေသော ဂျပန်လူမျိုး အာကာသယာဉ်မှူး ကိုအိချိဝါကာတာက ယူရိနှင့် ဆက်သွယ်ကာ ကုန်တင်အာကာသယာဉ် ဆိုက်ကပ်နိုင်စေရန် အကူအညီပေးခဲ့သည်။

ကူနိုတိုရီ ကုန်တင်အာကာသယာဉ်၏ ခရီးစဉ်ကို ဂျပန်လေကြောင်းအာကာသစူးစမ်းလေ့လာရေးအေဂျင်စီ၏ ဆုကုရာ အာကာသစခန်းမှ အဖွဲ့တစ်ဖွဲ့က ထိန်းချုပ်ပေးခဲ့သည်။ အဆိုပါ အာကာသစခန်းသည် အီဘာရာကီခရိုင်၌ တည်ရှိသည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှိမခရိုင်ရှိ တာနီဂါရှိမ အာကာသစခန်းမှ အိပ်ချ်-၂ ဘီ အမျိုးအစားဒုံးပျံယာဉ်ဖြင့် ကုန်တင်အာကာသယာဉ်ကို ဩဂုတ် ၁၉ ရက်က လွှတ်တင်ခဲ့သည်။ **ကျိုတို။**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆောင်ရွက်နိုင်ရေးဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၅**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ ဌာနေကိုယ်စားလှယ် Mr. Jurg Montani နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် Mr. Jurg Montani က ICRC အနေဖြင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုတွင် ရခိုင်ဒေသ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ တိုက်ပွဲဖြစ်ပွားသည့် ဒေသများတွင်ရှိသော ဒေသခံများ၊ ထိခိုက်ဒဏ်ရာ ရရှိသူများအား လွန်ခဲ့သည့်နှစ် ၁၅၀ ကျော်အတွေ့အကြုံပေါ်မူတည်ပြီး အကောင်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်ပေးနေမှု၊ လူသားချင်းစာနာထောက်ထားမှုဖြင့် မိုင်းရှင်းလင်းရေးကိစ္စများ ဆောင်ရွက်ပေးနေမှု၊ ရွေးကောက်ပွဲနှင့်ငြိမ်းချမ်းရေးကိစ္စများတွင် နိုင်ငံရေးနှင့် မသက်ဆိုင်သည့် အခြားလိုအပ်သည့်ကိစ္စများ ကူညီ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်အနေဖြင့်လည်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အင်နှင့်အားနှင့် ဖြည့်ဆည်းလုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း တိုက်ပွဲဖြစ်စဉ်များနှင့် ပတ်သက်၍ တစ်ဖက်အဖွဲ့အစည်းအနေဖြင့် သတ်မှတ်ထားသည့် နှစ်ဖက်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို မလိုက်နာဘဲ ကျော်လွန်လုပ်ဆောင်ခြင်းကြောင့် ဖြစ်ကြောင်း၊ ယင်းတိုက်ပွဲ ဖြစ်စဉ်များကို မလိုလားပါကြောင်း၊ ၎င်းဒေသများရှိ IDP စခန်းများနှင့် ပတ်သက်၍ ၎င်းတို့၏နေရာတွင် ပြန်လည် လုပ်ကိုင်စားသောက်ရန် ခွင့်ပြုထားသော်လည်း တစ်ဖက်အဖွဲ့အစည်းများက ခွင့်မပြုဘဲ ဖိအားပေးနေခြင်းကြောင့်သာ ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့တပ်မတော်မှ တိုင်းရင်းသားများအပေါ် ဖိနှိပ်နေသည်ဟု ပြောဆိုမှုများသည် လွဲမှားသည့်ပြောဆိုမှုများသာဖြစ်ကြောင်း ဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် သင်တန်းကိစ္စရပ်များ၊ အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာများ၊ တပ်မတော် မဟုတ်သည့် အခြားအဖွဲ့အစည်းများတွင် ရှေးဦးသူနာပြုစုနည်း သင်တန်းများ လေ့ကျင့်ပို့ချရေးဆိုင်ရာများ၊ Focal Ministry များနှင့် ဆက်သွယ်၍ လိုအပ်သည့်ဒေသများတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မုံရွာမြို့တွင် သွေးလွန်တုပ်ကွေး ထပ်မံဖြစ်ပွား၍ ပြည်သူ့ဆေးရုံကြီးတွင် ကလေးလူနာ ၂၀၀ ကျော်ကုသလျက်ရှိ

**မုံရွာ ဩဂုတ် ၂၅**

၂၀၁၅ ခုနှစ် ဇူလိုင်လဆန်းပိုင်းက မြန်မာနိုင်ငံတစ်ဝန်း သွေးလွန်တုပ်ကွေးဖြစ်ပွားကာ ကလေးငယ်များ ဆေးရုံတက်ရောက်ကုသမှု မြင့်တက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ၂၃ မြို့နယ်မှ ကလေးငယ် ၈၀၀ ကျော် သွေးလွန်တုပ်ကွေးဖြစ်ပွားခဲ့ပြီး သေဆုံးသူ ခြောက်ဦးရှိခဲ့ရာ တစ်နိုင်ငံလုံးရောဂါဖြစ်ပွားမှု အဆင့်(၆)နေရာတွင် ရှိခဲ့သည်။ ကြားကာလအတွင်း ဆယ်ဂဏန်းရှိ ကလေးလူနာများ မုံရွာပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသသူ၊ ပြန်လည်ကောင်းမွန်၍ ဆင်းသွားသူများဖြင့် ရှိနေရာမှ ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကလေးသွေးလွန်တုပ်ကွေးလူနာ အပါအဝင် လူကြီးသွေးလွန်တုပ်ကွေးလူနာ ၂၁၅ ဦးအထိ ဆေးရုံတက်ရောက်ကုသမှုများရှိခဲ့ကြောင်း မုံရွာပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးသန်းညွန့်ထံမှ သိရသည်။

"အခုဩဂုတ် ၂၃ ရက် နောက်ပိုင်းမှာ မုံရွာပြည်သူ့ဆေးရုံကြီးသို့ သွေးလွန်တုပ်ကွေးကြောင့် လာရောက်ကုသတဲ့ လူကြီးလူနာ အပါအဝင် ကလေးလူနာ ၂၀၀ ကျော် လောက်ရောက်ရှိပါတယ်။ မုံရွာပြည်သူ့ဆေးရုံကြီးရဲ့ ကလေးလူနာဆောင်မှာ ကလေးလူနာဦးရေ ၈၀ လက်ခံနိုင်ပေမယ့် ရောက်ရှိလာတဲ့ကလေးမှန်သမျှကိုတော့ လူနာဆောင်အတွင်း လက်ခံနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ မြင်နေကြရတဲ့ ဆေးရုံကြီးရှေ့မှာ ရှိကြတဲ့သူတွေကတော့ လူနာစောင့်တွေ၊ မိဘဆွေမျိုးတွေပဲဖြစ်ပါတယ်။**(အောက်ပုံ)** လူနာစောင့်တွေ အဆင်ပြေအောင် ဆေးရုံကြီး ရှေ့မျက်နှာစာမှာရှိတဲ့ ရှင်းလင်းဆောင်ပေါ်မှာ နေရာချထားပေးပေမယ့် ရာသီဥတုကပူတဲ့အတွက် ဆေးရုံကြီးရှေ့မှာ အခင်းတွေခင်း စောင့်ဆိုင်းနေကြတာပဲဖြစ်ပါတယ်။ ကလေးလူနာအားလုံး အမြန်ရောဂါပျောက်ကင်းအောင် ကလေးအထူးကု ဆရာဝန်ကြီးသုံးဦးက ဦးဆောင်ပြီး အရင်လက်ထောက်ဆရာဝန် ကိုးဦးကနေ အခု ၁၃ ဦးအထိ တိုးမြှင့်ခန့်ထား ဆောင်ရွက်စေပါတယ်။ သူနာပြုဆရာမ၊ အကူဆရာမတွေကိုလည်း လူဦးရေတိုးမြှင့် ခန့်ထားပါတယ်"ဟု ဆေးရုံအုပ်ကြီး ဒေါက်တာသန်းညွန့်က ပြောသည်။



ယခင် ဇူလိုင်လဆန်းပိုင်းက သွေးလွန်တုပ်ကွေးရောဂါအဖြစ်များစဉ်က စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ဘုတလင်မြို့နယ်တို့မှာ အဖြစ်များခဲ့သော်လည်း ဩဂုတ်လကုန်ပိုင်းတွင် ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါသည် မုံရွာမြို့နှင့်ကျေးလက်တောရွာများမှ ကလေးငယ်များ အဖြစ်များပြီး အသက်(၁၅)နှစ်မှ(၃၀)ကြား လူရွယ်ငါးဦးခန့်လည်း သွေးလွန်တုပ်ကွေး ဖြစ်နေကြောင်း သွေးဖောက်စစ်ဆေးချက်အရသိရ၍ မုံရွာပြည်သူ့ဆေးရုံကြီးတွင် ကုသလျက်ရှိကြောင်း သိရသည်။

မုံရွာပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသောသွေးလွန်တုပ်ကွေးရောဂါဖြစ်သည့် ကလေးငယ်များနှင့် လူရွယ်များကို သွေးဖောက်စစ်ဆေး၍ အချိန်တိုအတွင်း ရောဂါအခြေအနေအဖြေကို သိရှိနိုင်ရန်အတွက် PCB သွေးစစ်ဆေးစက်နှစ်လုံးကို တပ်ဆင်၍ အချိန်ပြည့်စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ ယခုအချိန်တွင် ကလေးလူနာဦးရေနှင့် လူနာစောင့်ဦးရေများပြားလာသောကြောင့် ဆေးရုံကြီးအတွင်း၊ အပြင်သန့်ရှင်းရေးနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အနာဂတ်နိုင်ငံအတွက် တပ်မတော်၏ ရည်မှန်းချက်ရှင်းလင်းပြောကြား

**နေပြည်တော် ဩဂုတ် ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေ ၃ နာရီတွင် ဂျပန်နိုင်ငံ ကျိုဒိုသတင်းဌာန၏ ရန်ကုန်ဗျူရိုဌာနမှူး Mr. Hidenori Tajima အား ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍**(အောက်ပုံ)** မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ပြောင်းလဲမှုများနှင့် တပ်မတော်၏ အခန်းကဏ္ဍ၊ အနာဂတ်နိုင်ငံအတွက် တပ်မတော်၏ ရည်မှန်းချက်၊ မြန်မာ-ဂျပန်နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ ဂျပန်နိုင်ငံထုတ် စစ်ဘက်သုံးအထောက်အကူပစ္စည်းများရောင်းဝယ်မှုအခြေအနေ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် မြန်မာ့နိုင်ငံရေးတို့အပေါ် သဘောထားအမြင်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းပညာ ဂျုံခမောက်ထိုးသင်တန်းဖွင့်

**ဝက်လက် ဩဂုတ် ၂၅**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် ကျေးလက်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းပညာအဖြစ် ဂျုံခမောက်ထိုးနှင့် ခမောက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် ဝက်လက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် ဒေါ်ဆွေဆွေသန့်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြဆရာနှစ်ဦးက သင်ကြားပေးပြီး သင်တန်းသို့ ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

**ပြည်ထောင်စုလွှတ်တော် အစည်းအဝေး**

# ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူခွင့်နှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ရက်(၈၀) မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေတို့က ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်း**တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၉)ဦးတို့က ဆွေးနွေးကြသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကိုယ်စား မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက နိုင်ငံတကာမှ ချေးယူသည့် ချေးငွေများတွင် နှစ်တိုချေးငွေနှင့် အတိုးများသည့်ချေးငွေများပါဝင်ပါကြောင်း၊ စုစုပေါင်းလွှတ်တော်က အတည်ပြုပေးခဲ့သည့် ချေးငွေမှာ သန်းပေါင်း ၁၄၀၀ ကျော်ဖြစ်ပါကြောင်း၊ အတည်ပြုပေးခဲ့သည့် သဝဏ်လွှာများအရ ၁၀ ဘီလီယံကျော်ရှိပြီဟု ခန့်မှန်းရပါကြောင်း၊ ယနေ့ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကို ထပ်မံခွင့်ပြုမည်ဆိုပါက ခန့်မှန်းတွက်ချက်မှုအရ ကြွေးမြီ၏ ဂျီဒီပီအချိုးမှာ ၃၃ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက်တွင် ဘဏ္ဍာရေးဝန်ကြီးမှ တောင်းခံ



မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး



ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး

ရရှိသည့် စာရင်းများအရ ပြည်ပကြွေးမြီစာချုပ်တန်ဖိုးအရ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံကျော်ရှိပြီး ထုတ်ယူသုံးစွဲမှုမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ရှိပါကြောင်း၊ လက်ရှိအနေအထားရ အတိုးနှုန်းနည်းပြီး နှစ်ရှည်ကြွေးမြီများကို နိုင်ငံတိုးတက်ရန်အတွက် ထပ်မံချေးယူနိုင်ပါကြောင်း၊ ယင်းငွေများဖြင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်မည်ဟု သိရှိရပါကြောင်း၊ လျှပ်စစ်မီးလင်းရေးသည် ပြည်သူများ အလွန်စိတ်ဝင်စားပြီး အရေးတကြီးလိုအပ်ခြင်း၊ ချေးငွေသည် အတိုးမဲ့ နှစ်ရှည်ကြွေးမြီဖြစ်ခြင်း၊ နိုင်ငံအနေဖြင့်လည်း ကြွေးမြီခံနိုင်သည့် အနေအထားတွင်ရှိခြင်းတို့ကြောင့် ချေးငွေချေးယူနိုင်ရန် ထောက်ခံတင်ပြပါကြောင်းဖြင့် ဆွေးနွေးသည်။

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး**က ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့် ကျေးရွာမီးလင်းရေးနှင့် မဟာဓာတ်အားလိုင်းတိုးချဲ့ရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းသည် အလွန်ကောင်းသည့် စီမံကိန်းဖြစ်သော်လည်း ဝင်ငွေရှိမှသာ ချေးယူသင့်ပါကြောင်း၊ ဝင်ငွေမရှိဘဲ အသုံးစရိတ်များသုံးပါကမည်သို့ပြန်လည်ပေးဆပ်မည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ နောင်နှစ် ၄၀ မှ ပြန်ဆပ်မည့်အသုံးစရိတ်ဆိုပါက နောင်တက်လာမည့်အစိုးရ(၈)ဆက်အထိ အကြွေးများရှိနေမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဒေါ်လာဈေးများတက်ပြီး ရေနံဈေးများကျနေချိန်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် ဓာတ်ငွေ့၊ ရေနံတို့မှရမည့် ဝင်ငွေမှာလျော့သွားမည်ဖြစ်ပါကြောင်း၊ ဝင်ငွေမရှိဘဲ မလိုအပ်သည့် အသုံးစရိတ်များ၊ စီမံကိန်းများကို ဖြတ်တောက်သင့်ပြီး အပိုသုံးမည့် အသုံးစရိတ်များ မသုံးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းချေးငွေကိစ္စနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းတို့က ကျေးလက်ဒေသလျှပ်စစ်မီးလင်းရေးနှင့် မဟာဓာတ်အားလိုင်း တိုးချဲ့ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာများ၊ ချေးငွေအား အလေအလွင့်မရှိစေရေး စနစ်တကျ ကိုင်တွယ်ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၏ ကြွေးမြီအခြေအနေ၊ ချေးယူမည့် ချေးငွေအား ပြန်လည်ပေးဆပ်မည့်အစီအစဉ်များနှင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၉၉ ရာခိုင်နှုန်း မီးလင်းရေးအတွက် စီမံဆောင်ရွက်သွားမည့်အစီအစဉ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အဆုံးအဖြတ်ရယူရာ လွှတ်တော်က အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော် အစည်းအဝေး**

# ဘဏ္ဍာရေးစည်းမျဉ်းအရ နိုင်ငံပိုင်စီးပွားရေးအဖွဲ့ အစည်းများ၏ ရန်ပုံငွေများကို ပုဂ္ဂလိကဘဏ်များတွင် အပ်နှံခွင့်မရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၏ **ဗဟိုဘဏ်သည် Deposit Auction Market အကောင်အထည် ဖော်နိုင်ရန် နိုင်ငံတော်အစိုးရနှင့်ပတ်သက်သော စီးပွားရေးအဖွဲ့အစည်းများ၏ ရန်ပုံငွေများကို ပုဂ္ဂလိကဘဏ်များသို့ ခွဲဝေအပ်နှံရန် စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် နိုင်ငံတော်ဘဏ်များမှ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်သဖြင့် ဖြစ်ပေါ်နေသည့် အရှုံးပေါ်နေမှုများ လျှော့ချနိုင်ရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေ မည်သို့ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က နိုင်ငံပိုင်ဘဏ်ဖြစ်သော မြန်မာ့စီးပွားရေးဘဏ်များတွင် ဌာနဆိုင်ရာငွေထုတ်စာရင်းများဖွင့်လှစ်၍ ရငွေများကို ထည့်သွင်းခြင်း၊ အသုံးစရိတ်များကို ထုတ်ယူသုံးစွဲခြင်းတို့ကို ဆောင်ရွက်ရပါကြောင်း၊ ငွေစုစာရင်းများ ဖွင့်လှစ်ဆောင်ရွက်ခွင့်မရှိပါကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်းအရ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရန်ပုံငွေများကို ပုဂ္ဂလိကဘဏ်များတွင် ခွဲဝေအပ်နှံခွင့်မရှိပါကြောင်း။

နိုင်ငံပိုင်ဘဏ်များသည် ထုတ်ချေးငွေများအားစိစစ်၍ ခိုင်မာမှုသာ ထုတ်ချေးရခြင်း၊ နိုင်ငံတော်၏



ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်

မူဝါဒအရ အတိုးနှုန်းသက်သာစွာဖြင့် အချို့သောချေးငွေများကို ထုတ်ချေးရခြင်းတို့ကြောင့် အရှုံးပေါ်ရခြင်းဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံပိုင်ဘဏ်များအနေဖြင့် ဝင်ငွေတိုးတက်ရရှိစေရန်နှင့် အသုံးစရိတ်များ ကာမိစေရန် Treasury Bill Auction နှင့် Deposit Auction တို့တွင် ပါဝင်ဆောင်ရွက်စေခြင်း၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် အရည်အသွေးပြည့်မီသော ချေးငွေများကို ထုတ်ချေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် တင်းကျပ်သည့်ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရန်အတွက် Deposit Auction တွင် ပုဂ္ဂလိကဘဏ်များရှိ ငွေကြေး ပိုမိုနုတ်ယူနိုင်ရေး မြန်မာ့စီးပွားရေးဘဏ်ကို Non-competitive bidder အဖြစ် ထားရှိပါကြောင်းဖြင့် ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **YCDC မှ ရန်ကုန်တိုင်းဒေသကြီး ပြင်ပကားများအတွက် ကောက်ခံသော မြို့ဝင်ကြေး၊ မြို့ထွက်ကြေးများကို အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူများအတွက် ဖြေလျှော့ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက မြို့ဝင်ကြေးကောက်ခံရာတွင် ခရီးသည်တင်ဘတ်စ်ကားများ၊ ဌာနဆိုင်ရာယာဉ်များ၊ အစိုးရဝန်ထမ်းကြိုပို့ယာဉ်များ၊ ကုန်တင်ဆောင်လာသည့် ကုန်တင်ယာဉ်များအား မြို့ဝင်ကြေး ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုထားပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးပြင်ပနှင့် မြို့တော်နယ်နိမိတ်ပြင်ပမှ မော်တော်ယာဉ်များကို မြို့ဝင်ကြေးကောက်ခံရာ၌လည်း မြို့တော်နယ်နိမိတ်အတွင်းရှိ ကော်မတီပိုင်လမ်းများကို ဝင်ရောက်အသုံးပြုမောင်းနှင်သည့် ယာဉ်များကိုသာ မြို့ဝင်ကြေးကောက်ခံခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်နယ်နိမိတ် ပြင်ပမှ မော်တော်ယာဉ်များ မြို့တော်နယ်နိမိတ်အတွင်း ဝင်ရောက်၍ ကော်မတီပိုင်လမ်းများကို အသုံးပြုမောင်းနှင်ခြင်း



မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး

အတွက် ဥပဒေနှင့်အညီ မြို့ဝင်ကြေးကောက်ခံလျက်ရှိသကဲ့သို့ အခြားသောတိုင်းဒေသကြီးများ၊ ပြည်နယ်များရှိ စည်ပင်သာယာရေးအဖွဲ့များကလည်း ၎င်းတို့တာဝန်ယူဆောင်ရွက်ရသည့် မြို့နယ်များ၊ လမ်းမကြီးများကို ဝင်ရောက်အသုံးပြုမောင်းနှင်သည့် ပြင်ပမှမော်တော်ယာဉ်များကို ဥပဒေနှင့်အညီ မြို့ဝင်ကြေး ကောက်ခံလျက်ရှိပါကြောင်း။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီးပြင်ပမှ မော်တော်ယာဉ်များ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ကော်မတီပိုင်လမ်းများကို ဝင်ရောက်အသုံးပြုမောင်းနှင်ခြင်းအတွက် မော်တော်ယာဉ်အမျိုးအစားအလိုက် လက်ရှိကောက်ခံနေသည့် မြို့ဝင်ကြေးနှုန်းထားများအတိုင်း ဆက်လက်ကောက်ခံသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မော်တော်ယာဉ်ဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးကြည်သာက **စက်မှုလုပ်ငန်းဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းပြီး ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းကို တင်သွင်းရာ၌ ဦးကြည်သာက စက်မှုကဏ္ဍ၌ ကုန်ပစ္စည်းအရည်အသွေး စံချိန်စံညွှန်းပြဋ္ဌာန်းကျင့်သုံးရေး၊ ကုန်ထုတ်လုပ်မှုစွမ်းရည် ကျွမ်းကျင်မှုအဆင့်အတန်းတိုးတက်ရေး၊ နည်းပညာသစ်များလက်ခံကျင့်သုံးရေး၊ ဆန်းသစ်တီထွင်မှုကို ဦးစားပေးဆောင်ရွက်လာရေး တွန်းအားပေးရန်နှင့် ပံ့ပိုးဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ တိုးတက်စေရေး၊ စက်မှုလုပ်ငန်းများ ထူထောင်ခြင်းဖြင့် စက်မှုနိုင်ငံတည်ဆောက်ရေး၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၏ မောင်းနှင်အားဖြင့် စက်မှုနိုင်ငံကြီး တည်ဆောက်နိုင်ရေးအတွက် ရည်ရွယ်တင်သွင်းခြင်းဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခု အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းနှင့် ဥပဒေကြမ်း (၁)တစ်ခု တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ကလေးဝမြို့ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၅**

ယနေ့နံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ကလေးဝမြို့နယ် အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# ကျော်ဇင်ကျေးရွာအုပ်စု ရေဘေးသင့်ပြည်သူများအား ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ထောက်ပံ့ပစ္စည်းများလှူဒါန်း



**ကလေးဝ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစီအစဉ်မှ ထောက်ပံ့ရေးပစ္စည်းများကို ကျော်ဇင်ကျေးရွာအုပ်စုတွင် ဩဂုတ်လ တတိယပတ်က လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို ရေဘေးသင့်ပြည်သူတစ်ဦးလျှင် ဆန်နှစ်ပြည် လေးဘူး၊ ပဲတစ်ဘူး၊ လူသုံးဦးလျှင် ဆီတစ်ဘူး၊ အိမ်ထောင်စုတစ်စုလျှင် ဆားတစ်ထုပ်နှုန်းဖြင့် ကျော်ဇင်ကျေးရွာအုပ်စုရှိ ရေနစ်မြုပ်သည့် အိမ်ထောင်စု ၂၆၇ စု၊ လူဦးရေ ၁၁၆၈ ဦးတို့အတွက် ဆန်အိတ်ပေါင်း ၁၁၆ ဒသမ ၅ အိတ်၊ ပဲ ၆ ဒသမ ၅အိတ်၊ ဆီ ၂၀၁ ဘူးနှင့် ဆားတစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား (ပြန်/ဆက်)**

# ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ADB က အမေရိကန်ဒေါ်လာ သုံးသန်းထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံဒေသအနှံ့အပြား ရေလွှမ်းမိုးမှုကြောင့် ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ သုံးသန်းကို အာရှဖွံ့ဖြိုးရေးဘဏ်က ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် အဓိကလိုအပ်ချက်များနှင့် အရေးပေါ်လိုအပ်သော ဝန်ဆောင်မှုများကို ဖြည့်ဆည်းရာတွင် အထောက်အကူဖြစ်စေရန် ADB ၏ အာရှ-ပစိဖိတ် သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးရန်ပုံငွေမှ တစ်ဆင့် အဆိုပါ ထောက်ပံ့ငွေကို ကူညီခြင်းဖြစ်သည်။

ရေဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ထောက်ပံ့နိုင်ရန် ADB က ရည်ရွယ်ထားပြီး ထိခိုက်ဆုံးရှုံးမှုနှင့် လိုအပ်ချက်ဆန်းစစ်မှုများကိုအခြေပြု၍ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလို ရေဘေးဒဏ်သင့်ခဲ့ရတဲ့ ခက်ခဲတဲ့အခြေအနေတစ်ရပ်မှာ ADB အနေနဲ့ မြန်မာနိုင်ငံကို ထောက်ပံ့ကူညီသွားမှာပါ။ ပြန်လည်ထူထောင်ရေးအတွက် ရေရှည်အစီအမံတွေနဲ့အတူ ကယ်ဆယ်ရေးကဏ္ဍနဲ့ ကနဦးပြန်လည်ထူထောင်ရေးကဏ္ဍတို့ကို ချိတ်ဆက်ဆောင်ရွက်ဖို့ရာ အရေးကြီးပါတယ်"ဟု ADB ဥက္ကဋ္ဌ တာခဲဟိကို နာကာအိုက ပြောသည်။

ရေလွှမ်းမိုးမှုကြောင့် လူ့အသက်များနှင့် အသက်မွေးဝမ်းကျောင်းမှုများ ထိခိုက်ဆုံးရှုံးပျက်စီးခဲ့မှုများအပေါ် မြန်မာနိုင်ငံနှင့် နိုင်ငံသားများအား စာနာမိပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာတစ်စောင်ကို ADB ဥက္ကဋ္ဌက ယခုလအစောပိုင်းက ပေးပို့ထားသည်။

မနီလာအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်သည် အာရှနှင့် ပစိဖိတ်ဒေသတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၄ ခုနှစ်အတွင်း ပံ့ပိုးဆောင်ရွက်ပေးမှုပမာဏမှာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးတွဲငွေကြေးထည့်ဝင်မှု အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံအပါအဝင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ ဘီလီယံရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အစားအသောက်နှင့် အဝတ်အထည်များလှူဒါန်း

**ညောင်တုန်း ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များ ပရဟိတအသင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သောင်တန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၂၄ ရက်က ထောက်ပံ့ရေးပစ္စည်းများနှင့် အစားအသောက်၊ ဆေးဝါးနှင့် အဝတ်အထည်များကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က နဂိုကတည်းက ပရဟိတ သီးသန့်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပရဟိတအသင်းကို ဖွဲ့ထားတာပါ။ ကိုယ့်ရဲ့ ချွေးနဲ့စာတွေကို အခုလို လိုအပ်တဲ့နေရာတွေမှာ စုပေါင်းလှူရတော့ အလွန်ပီတိဖြစ်ရပါတယ်။ ပထမအကြိမ်တုန်းက ပြည်ဘက်မှာ တကယ်ဒုက္ခရောက်နေတဲ့ ရွာတွေကို လှူခဲ့ပါတယ်။ ဒါက ဒုတိယအကြိမ်ပါ။ ဒီရွာကို တော်တော်များများ အလှူရှင်တွေမလာဖြစ်ကြဘူးလို့သိရတယ်။ ဒီရွာမှာ အခက်အခဲတွေရှိတယ်လို့ ဒီဒေသက ဒေသအာဏာပိုင်တွေပြောပြလို့ သိရတဲ့အတွက် သောင်တန်းရွာကို ရွေးလိုက်တာပါ။ ရှေ့ဆက်ပြီး ကျွန်တော်တို့ ပရဟိတအဖွဲ့အနေနဲ့ ပြန်လည်ထူထောင်ရေးတွေ ဆောင်ရွက်တဲ့အခါမှာလည်း တတ်နိုင်သလောက်အားဖြည့် ပါဝင်လှူဒါန်းသွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များ ပရဟိတအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က ပြောသည်။

သောင်တန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းမှ မသီသီစိန်က "ကိုယ်ကကိုင်းမရှိတော့ သူများကိုင်းမှာ အငှားလုပ်ရတာ။ တစ်နေ့ ငွေကျပ် နှစ်ထောင်ရပါတယ်။ အခုတော့ ကိုင်းလုပ်တဲ့ အလုပ်ရှင်တွေက နားနေရတော့ ကျွန်မတို့ အဆင်မပြေကြဘူး။ အလှူရှင်တွေက ကျွန်မတို့ရွာကိုကြည့်ပြီး စားဝတ်နေရေး အဆင်ပြေတယ်ထင်ပြီး ကပ်ပြီးကျော်သွားကြတယ်။ ဒီတော့ စားရေးသောက်ရေး မပြေလည်ပါဘူး။ အခုနဲ့ဆို ဒီရွာကို အလှူရှင်လာလှူတာ နှစ်ကြိမ်ပဲရှိသေးတယ်။ ဒီလို လာရောက်လှူဒါန်းတဲ့အတွက် ဝမ်းလည်းသာတယ်၊ ကျေးဇူးလည်းတင်တယ်"ဟု ပြောသည်။

သောင်တန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြမ္မာပြာသာကျေးရွာအုပ်စုအတွင်း ပါဝင်ပြီး အိမ်ထောင်စု ၂၂၀ ကျော်ရှိကာ လူဦးရေ ၁၁၀၀ ကျော်ခန့်ရှိသည့် ကျေးရွာဖြစ်သည်။ ဇူလိုင်လနှောင်းပိုင်းနှင့် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေတိုးလာမှုကြောင့် အိမ်ခြေ ၄၀ ခန့် ရေကြီးနစ်မြုပ်ခဲ့ရာ ရေဘေးသင့်ပြည်သူပေါင်း ၂၀၀ နီးပါးခန့်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာရှိ ရေဘေးသင့်ပြည်သူများနှင့် ကျေးရွာအတွင်းနေထိုင်သော မိသားစုဝင်အားလုံးအတွက် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များ ပရဟိတအသင်းက တန်ဖိုးငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ ရေသန့်ဆေးထုပ်များ၊ ရေသန့်ဘူးများ၊ အစားအသောက်၊ အဝတ်အထည်များနှင့် တစ်အိမ်ထောင်လျှင် ဆန် ငါးပြည်နှုန်းဖြင့် အိမ်ထောင်စု ၂၂၀ ကျော်အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သီသီမင်း)**



# ရေဘေးသင့်ကလေးဒေသတွင် အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ကတ်များ အခမဲ့အသစ်ပြန်လည်ထုတ်ပေးလျက်ရှိ

**မုံရွာ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရေဘေးသင့်ခဲ့သည့် ကလေးဒေသမှ ဒေသခံပြည်သူများ၏ ရေဘေးကြောင့် ပျောက်ဆုံး/ပျက်စီးခဲ့သည့် အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အသစ်ပြန်လည်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကလေးဒေသရှိ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများနှင့် ပြန်လည်ထူထောင်ရေးစခန်းများအရောက် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ကလေးခရိုင်မှ ခရိုင်/မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများက အခမဲ့ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းဆောင်ရွက်သည့်နေရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး လာရောက်ကြည့်ရှုအားပေးကာ အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ရေဘေးသင့်ဒေသခံ တစ်ဦးချင်းလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

# လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၅**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ယင်းသို့ ပို့ဆောင်ရာတွင် ဩဂုတ် ၂၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ဆပ်ပြာ၊ အဝတ်အစား၊ ခေါက်ဆွဲခြောက်၊ စားစရာ၊ ဆေးမျိုးစုံ၊ ရေသန့်ဆေးနှင့် ခြင်ထောင်များကို ခေါက်ရေတစ်ခေါက်ဖြင့် ပေးပို့လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကောလင်းမြို့ ကမ်းလင့်လက်များပရဟိတအသင်းက လှူဒါန်း

**ကောလင်း ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ကမ်းလင့်လက်များပရဟိတအသင်းက ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းမှုများ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။

အဆိုပါ ကမ်းလင့်လက်များ ပရဟိတအသင်းသည် ကောလင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ဩဂုတ် ၂၃ ရက်က ရေသန့်၊ ဓာတ်ဆားနှင့် ဆေးဝါးပစ္စည်းများကိုလှူဒါန်းခဲ့ပြီး ယခင်က မကွေးတိုင်းဒေသကြီး ပွင့်ဖြူ၊ စေတုတ္တရာ၊ မင်းဘူးမြို့များသို့လည်း ပြန်လည်ထူထောင်ရေးပစ္စည်းမျိုးစုံ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၈၀ ဖိုးခန့် သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်သည်။

ယခုအကြိမ်တွင် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် သိန်း ၅၀ ကို ကလေးမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၂၅ ရက်တွင် ကောလင်းမြို့မှထွက်ခွာပြီး သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

# ခနုဖြူမြို့နယ်တွင် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်လှူဒါန်း

**ခနုဖြူ ဩဂုတ် ၂၅**

မအူပင်ခရိုင် ခနုဖြူမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအား အလှူရှင်များက လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် ပိန်းဆိပ်ကျေးရွာရှိ ပြည်သူများအား NTT ပရဟိတအဖွဲ့နှင့် KEVIN အဖွဲ့တို့ပူးပေါင်း၍ ဆန်၊ ဆီ၊ ဆား၊ မုန့်မျိုးစုံ၊ ဆေးပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများကို ကျေးရွာအရောက် ဒုတိယအကြိမ် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ရေပြန်လည်ကျဆင်း၍ကျောင်း ၅၉ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်

**ကျုံပျော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒါးကချောင်းရေနှင့် အထက်မှ မြစ်ရေများ ဝင်ရောက်မှုကြောင့် ဩဂုတ် ၆ ရက်မှ စတင်၍ ယာယီကျောင်းများပိတ်ထားခဲ့ရပြီး ရေဝင်ရောက်မှုအပေါ် မူတည်၍ စာသင်ကျောင်း စုစုပေါင်း ၆၂ ကျောင်းအထိ ပိတ်ထားခဲ့ရကြောင်း သိရသည်။

ယခုအခါ ရေများပြန်လည်ကျဆင်းခဲ့ပြီး သွားလာမှုအဆင်ပြေကာ ရေအန္တရာယ်ကင်းလာပြီဖြစ်သောကြောင့် ဩဂုတ် ၂၁ ရက်အထိ ရှစ်ကျောင်း၊ ဩဂုတ် ၂၄ ရက်တွင် ၅၁ ကျောင်း စုစုပေါင်း စာသင်ကျောင်း ၅၉ ကျောင်းအားပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီဖြစ်သည်။

ရေလက်ကျန် အခြေအနေကြောင့် ဆက်လက်ဖွင့်လှစ်ရန် အမက(ထိန်တပင်)၊ အမက(သုံးအိမ်တန်း)နှင့် အလက(ခွဲ) (မယ်ကြွက်မအိုင်) စသည့် ကျောင်းသုံးကျောင်းသာ ကျန်ရှိတော့ကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၂၅ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၀၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၇၉၇ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၉၉၇၁ | ၁၈၆၈၅၃ | ၁၅၂၄၄၅ | ၁၂၁၁၁၉ | ၄၂၂၈၃ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၃၅၀၆၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၇၅၆၅ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၀၂၀၉ | ၂၉၀၂၀၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၉၅၉၃၁ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၉၀၄၄၅ | ၇၆၇၈၇ | ၃၁၀၈၈ | ၃၉၂၁ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၃ | ၂၆၅၃ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၀၄၈၆၆ | ၂၃၇၂၉၄ | ၁၉၄၁၅၉ | ၈၃၉၉ |
| | စုစုပေါင်း | ၁၄၄၅၈၉၃ | ၁၃၁၀၉၅၆ | ၁၀၉၄၃၈၀ | ၈၀၀၈၇၂ | ၂၉၉၇၂၃ |

# ရေဘေးသင့်ဒေသပြည်သူများအား စိတ်-လူမှုရေးဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင်လမှ စတင်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၂ ခုတွင် ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ပြည်သူများအတွက် အရေးပေါ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးကြီးသော နယ်ပယ် ရှစ်ရပ်မှ ထိခိုက်လွယ်သောအုပ်စုများ စောင့်ရှောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် စိတ်-လူမှုရေးဆိုင်ရာပံ့ပိုးမှုအဖွဲ့များ ဖွဲ့စည်း၍ ထိခိုက်လွယ်သော အုပ်စုများမှ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများပါဝင်သည့် စောင့်ရှောက်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ဒေသများဖြစ်သည့် ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ ဘုတလင်၊ ကောလင်း၊ အရာတော်၊ ဆားလင်းကြီးမြို့နယ်များသို့ ဇူလိုင် ၂၀ မှ စတင်၍ အဖွဲ့ ငါးဖွဲ့ဖြင့်လည်းကောင်း၊ ကလေးမြို့ရှိ တောင်ဖီလာ ကယ်ဆယ်ရေးစခန်းတွင် ဩဂုတ် ၂ ရက်မှ ၅ ရက်အထိလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများဖြစ်သည့် ရေနံချောင်းမြို့နယ်ရှိ ဘုရားကုန်းကျေးရွာ၊ ပင်းစက္ကလံပဘုရားဝင်းရှိ ကယ်ဆယ်ရေးစခန်းနှင့် ဆားတိုင်ကျေးရွာရှိ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများတွင် လည်းကောင်း၊ ချင်းပြည်နယ်ရှိ ကာဆင်ဘုရားကျောင်းကယ်ဆယ်ရေးစခန်းနှင့် BCM မြို့သစ်ကယ်ဆယ်ရေးစခန်းတွင် လည်းကောင်း၊ ကရင်ပြည်နယ်တွင် အဖွဲ့ ရှစ်ဖွဲ့ခွဲ၍ ဘားအံမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်း ရှစ်ခုတွင်လည်းကောင်း နှစ်သိမ့်ဆွေးနွေးခြင်း (Social Counselling)၊ စိတ်-လူမှုရေးဆိုင်ရာပံ့ပိုးခြင်း(Psycho Social Care and Support)နှင့် လိုအပ်သည့် ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် စိတ်-လူမှုရေးဆိုင်ရာပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် စိတ်-လူမှုရေးဆိုင်ရာပံ့ပိုးမှုသင်တန်းကို UNICEF နှင့် ပူးပေါင်း၍ သင်တန်းသား သင်တန်းသူ ၁၅ ဦးဖြင့် လည်းကောင်း၊ UNFPA နှင့်ပူးပေါင်း၍ သင်တန်းသား သင်တန်းသူ ၂၇ ဦးဖြင့်လည်းကောင်း သင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကောလင်းမြို့နယ်၊ ကလေးမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်များသို့ ၁၈ ဦး၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာမြို့နယ်များသို့ ၂၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ်များသို့ ၁၂ ဦးနှင့် ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့နယ်သို့ ခြောက်ဦး စုစုပေါင်း ၅၆ ဦးတို့သည် ယနေ့မှစတင်၍ အဆိုပါ ဒေသများသို့ အသုတ်လိုက်ထွက်ခွာပြီး ရပ်ရွာအတွင်းရှိ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စိတ်-လူမှုရေးဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)



# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ် မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ် (၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ် (၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန်**

ဦးခင်မောင်ရီ
အမြဲတမ်းအတွင်းဝန်
ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉ ၂၀၀၇၄၅၄

တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)



# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များထံမှ အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ အလှူပစ္စည်းများပေးပို့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် ရန်ကုန်မြို့ Myanmar Telecomunication Network မှ အဝတ်အထည်မျိုးစုံ လေးထုပ်၊ Dee Do အချိုရည်ဖာ ၇၀၊ အလှူပစ္စည်းရရှိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၀၀၀၀ နှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ပစ္စည်းအမယ်စုံ ၂၂၅ ခြင်း၊ ဒန်အိုး တစ်တွဲ၊ ခေါက်ဆွဲခြောက် ရှစ်ဖာ၊ ဆား နှစ်အိတ်၊ ဆပ်ပြာမှုန့် တစ်အိတ်၊ ရေသန့် ၃၁ ကတ်၊ ဆန် ငါးအိတ်၊ Popular Rastic အခြေခံပညာဦးစီးဌာနမှ စာရေးစားပွဲ ၁၅ လုံးပါ ပလတ်စတစ်အိတ် ၁၂၀၊ ထိုင်ခုံအလုံး ၃၀ ပါ ပလတ်စတစ်အိတ် ၁၂၀ တို့ လက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# တိုက်ကြီးမြို့နယ်တွင် လယ်ယာသုံးစက်ကိရိယာများ ကွင်းဆင်းပြုပြင်ပေး

**တိုက်ကြီး ဩဂုတ် ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သော လယ်မြေများရှိ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် အမှတ် (၇၇) စက်မှုလယ်ယာစခန်းရှိဝန်ထမ်းများသည် လယ်မြေထိခိုက်ပျက်စီးသည့် ကျေးရွာများရှိ တောင်သူပိုင်စက်ကိရိယာများအား ကွင်းဆင်းပြုပြင်ပေးလျက်ရှိသည်။

ခရိုင်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်တွန်းထွန်စက် ၁၀ စီး ပြုပြင်ပေးနိုင်ခဲ့ပြီး ဆက်လက်၍ ကျန်ရှိသောကျေးရွာအုပ်စုများသို့ ပြုပြင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ရေဘေးသင့်၍ ပျက်စီးသွားသော အခြေခံပညာကျောင်းများအား ပြန်လည်ထူထောင်ရေးအတွက် ဖော်ပြပါအတိုင်း လှူဒါန်းလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

### မူလတန်းကျောင်း(၁)ကျောင်းအတွက် လိုအပ်ချက်


| စဉ် | အကြောင်းအရာ | လိုအပ်ချက် | နှုန်း (ကျပ်သိန်း) | တန်ဖိုး (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | စာသင်ဆောင် | ၆၀'× ၃၀' ခြေတံရှည် ၈' ၁ ဆောင် | ၄၀၀ | ၄၀၀. ၀၀၀ |
| ၂ | ရေသန့်စနစ် | ၁ ယူနစ် | ၃၅ | ၃၅. ၀၀၀ |
| ၃ | စာသင်ခုံ ၄ ယောက်တွဲ(နိမ့်) | အစုံ ၃၀ | ၀. ၃၈၇ | ၁၁. ၆၁၀ |
| ၄ | ဆရာစားပွဲနှင့်ထိုင်ခုံ | ၆ စုံ | ၀. ၆၅ | ၃. ၉၀၀ |
| ၅ | ကျောက်သင်ပုန်း | ၅ ချပ် | ၀. ၃၅ | ၁. ၇၅၀ |
| ၆ | သန့်စင်ခန်း | ၂ ခန်းတွဲ ၁ လုံး | ၁၀ | ၁၀. ၀၀၀ |
| မူလတန်းကျောင်း(၁)ကျောင်းအတွက် ကုန်ကျငွေ | | | | ၄၆၂. ၂၆၀ |


### မူလတန်း(လွန်)ကျောင်း (၁)ကျောင်းအတွက် လိုအပ်ချက်


| စဉ် | အကြောင်းအရာ | လိုအပ်ချက် | နှုန်း (ကျပ်သိန်း) | တန်ဖိုး (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | စာသင်ဆောင် | ၉၀'× ၃၀' ခြေတံရှည် ၈' ၁ ဆောင် | ၆၀၀ | ၆၀၀. ၀၀၀ |
| ၂ | ရေသန့်စနစ် | ၁ ယူနစ် | ၃၅ | ၃၅. ၀၀၀ |
| ၃ | စာသင်ခုံ ၄ ယောက်တွဲ(မြင့်) | အစုံ ၃၀ | ၀. ၄၃ | ၁၂. ၉၀၀ |
| ၄ | ဆရာစားပွဲနှင့်ထိုင်ခုံ | ၁၀ စုံ | ၀. ၆၅ | ၆. ၅၀၀ |
| ၅ | ကျောက်သင်ပုန်း | ၉ ချပ် | ၀. ၃၅ | ၃. ၁၅၀ |
| ၆ | သန့်စင်ခန်း | ၂ ခန်းတွဲ ၂ လုံး | ၁၀ | ၂၀. ၀၀၀ |
| မူလတန်း(လွန်)ကျောင်း(၁)ကျောင်းအတွက် ကုန်ကျငွေ | | | | ၆၇၇. ၅၅၀ |

### အလယ်တန်းကျောင်း(၁)ကျောင်းအတွက် လိုအပ်ချက်

| စဉ် | အကြောင်းအရာ | လိုအပ်ချက် | နှုန်း (ကျပ်သိန်း) | တန်ဖိုး (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | စာသင်ဆောင် | ၁၂၀'× ၃၀' ခြေတံရှည် ၈' ၁ ဆောင် | ၈၀၀ | ၈၀၀. ၀၀၀ |
| ၂ | ရေသန့်စနစ် | ၁ ယူနစ် | ၃၅ | ၃၅. ၀၀၀ |
| ၃ | စာသင်ခုံ ၄ ယောက်တွဲ(မြင့်) | အစုံ ၄၀ | ၀. ၄၃ | ၁၇. ၂၀၀ |
| ၄ | ဆရာစားပွဲနှင့်ထိုင်ခုံ | ၁၀ စုံ | ၀. ၆၅ | ၆. ၅၀၀ |
| ၅ | ကျောက်သင်ပုန်း | ၉ ချပ် | ၀. ၃၅ | ၃. ၁၅၀ |
| ၆ | သန့်စင်ခန်း | ၂ ခန်းတွဲ ၃ လုံး | ၁၀ | ၃၀. ၀၀၀ |
| အလယ်တန်းကျောင်း(၁)ကျောင်းအတွက် ကုန်ကျငွေ | | | | ၈၉၁. ၈၅၀ |




## ရန်ကုန်ပညာရေးတက္ကသိုလ်က အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်ပညာရေးတက္ကသိုလ် ဗုဒ္ဓဘာသာအသင်း၊ ကြက်ခြေနီအသင်းနှင့် ကင်းထောက်အဖွဲ့များ၏အစီအစဉ်ဖြင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ ရေဘေးသင့်ဒေသ များဖြစ်သော ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကြေး၊ အစား အသောက်နှင့် အဝတ်အထည်များလှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက်က Air KBZ မှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။

အဆိုပါပေးပို့လှူဒါန်းငွေမှာ ငွေကျပ် ၇၇၅၀၉၉၅ ကျပ်နှင့် အဝတ်အစား မျိုးစုံပီနံအိတ် ၈၃ အိတ်၊ အစားအသောက်မျိုးစုံ ပီနံအိတ် ၂၄ အိတ်တို့ဖြစ် ကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအတွက် သီးသန့် အလှူငွေအဖြစ် ငွေကျပ် ၁၀ သိန်းကို ဩဂုတ် ၅ ရက်က ရန်ကုန်မြို့ရှိ ရခိုင် သဟာယအသင်းသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရေဘေးသင့်အခြေခံပညာကျောင်းများ ပြန်လည် ထူထောင်ရေးအတွက် အခြေခံပညာဦးစီးဌာနသို့ အလှူငွေကျပ် သိန်း ၂၀ နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းမှ ကျောင်းများ အတွက် အလှူငွေကျပ် ကိုးသိန်းခွဲနှင့် ဗလာစာအုပ် ၇၆၈ ဒါဇင် အပါအဝင် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ၊ အစားအသောက်မျိုးစုံ စုစုပေါင်း တန်ဖိုးငွေကျပ်၂၆၁၀၈၅၀ ကို ဩဂုတ် ၂၆ ရက်က ရန်ကုန်ပညာရေးတက္ကသိုလ်၌ ရန်ကုန်တိုင်းပညာရေးမှူးရုံးသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ တက်ရောက်လျက်ရှိသည့် ရေဘေးသင့်ကျောင်း သား ကျောင်းသူ ၂၇ ဦးကိုလည်း ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၅ သိန်းကို ခွဲဝေထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ရေဘေးသင့်ဒေသများတွင် ကျန်းမာ ရေးစောင့်ရှောက်မှုများ ဆောင်ရွက် ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးပို့ခြင်း၊ အရေးပေါ် တုံ့ပြန်မှုဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ် ခြင်းလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိသည်။

ကုသရေးဦးစီးဌာနမှ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အဖွဲ့ လိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်ထိ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် တို့တွင် ထိခိုက်ဒဏ်ရာရရှိသူ ပြင်ပ လူနာ ၁၉၂ ဦး၊ အတွင်းလူနာ ၁၈၁ ဦး စုစုပေါင်း လူနာ ၃၇၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း များ ဆောင်ရွက်ပေးခြင်း၊ ရောဂါ စောင့်ကြည့်ခြင်း၊ ကျန်းမာရေး အသိ ပညာပေးခြင်း၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့နှင့် ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပိုးလောက်လမ်း နှိမ်နင်းရေးဆောင်ရွက်ခြင်း၊ ပတ် ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ ဆောင်ရွက်ကြ သည်။

တိုင်းရင်းဆေးပညာဦးစီးဌာနက ချင်းပြည်နယ် ဟားခါးမြို့ B.C.M ခရစ်ယာန် ဘုရားကျောင်းကယ်ဆယ် ရေးစခန်းတွင် လူနာ၀ါးဦးကို လည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက် ကယ်ဆယ်ရေးစခန်းတွင် လူနာ ၁၁ ဦးကို လည်းကောင်း၊ မကွေးတိုင်း ဒေသကြီး ပွင့်ဖြူမြို့ ဖလန်းတောရွာ ကယ်ဆယ်ရေးစခန်းတွင် လူနာ ၆၁ ဦးကို လည်းကောင်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မောင်တော မြို့နယ် ကယ်ဆယ်ရေးစခန်းများတွင် လူနာစုစုပေါင်း ၁၆၀ ကို လည်း ကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်း၊ သာပေါင်း၊ အင်္ဂပူမြို့နယ် ကယ်ဆယ်ရေးစခန်းများတွင် စုစု ပေါင်းလူနာ ၂၁၈ ဦးကိုလည်းကောင်း တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သည်။

ဩဂုတ် ၂၄ ရက်အထိ ရေဘေး သင့်ဒေသများတွင် ရွေ့လျားဆေး အဖွဲ့ ၃၇၉ ဖွဲ့၊ ယာယီဆေးခန်း ၁၀၉၇ ခန်းတွင် လာရောက်ပြသသူ စုစုပေါင်း ၂၀၁၃၇၄ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုဆောင် ရွက်ပေးခဲ့ပြီး ရေတွင်း၊ ရေကန် စုစုပေါင်း ၁၀၈၁၃၂ ကန်ကို ကလိုရင်းဆေးခတ်ခြင်း ဆောင်ရွက် ပေးနိုင်ခဲ့သည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်း ပျက်စီးသွားသော တံတားကြီးများအား ယာယီပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | တံတားအမည် | ပျက်စီးမှု | ပြန်လည်ပြင်ဆင်ပြီးစီးသည့်ရက် |
|---|---|---|---|---|
| ၁။ | ကရင်ပြည်နယ် | သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းပေါ်ရှိ မဲဇလီတံတား(၁၆၀ပေ) | Super Structure တိုင်စင်ပေါ်မှ D/S ဘက်သို့ပြုတ်ကျ | ၃၀-၇-၂၀၁၅ ရက်နေ့ပြီး |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို-မြစ်ကြီးနား လမ်းပေါ်ရှိ ဟဲနုတံတား (၁၀၀ပေ)ဘေလီတံတား | တံတား(၁)စင်းလုံး ရေထဲမျောပါ | ၃-၈-၂၀၁၅ ရက်နေ့ပြီး |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို-မြစ်ကြီးနား လမ်းပေါ်ရှိ နန့်ဒရန်တံတား(၂/၁၆၀) (၈၀ပေ) လမ်းလွှဲရေနိမ့်တံတား | ရေထဲမျောပါ | ၃-၈-၂၀၁၅ ရက်နေ့ပြီး |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးဝ-ကျီးကုန်း-တမူး လမ်းပေါ်ရှိ ခမ်းပတ်ရွာတံတား (၁/၅၉) (၂၈၀ပေ) ဘေလီတံတား | ရေလည်တိုင်(၂)တိုင် ပြိုလဲ၊ ဘေလီ (၁)စင်းလုံးပြုတ်ကျ | ၁၅-၈-၂၀၁၅ ရက်နေ့ပြီး |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးဝ-ကျီးကုန်း-တမူး လမ်းပေါ်ရှိ ကနန်တံတား (၁/၆၀) (၂၉၀ပေ)ဘေလီတံတား | ရေလယ်တိုင်(၃)တိုင် အနက်၊ ဒုတိယတိုင် စောင်း | ၁၆-၈-၂၀၁၅ ရက်နေ့ပြီး |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးဝ-ကျီးကုန်း-တမူး လမ်းပေါ်ရှိ ကမ္မကြီးတံတား (၄/၆၂) (၃၁၀ပေ) ဘေလီတံတား | တံတား(၁) စင်းလုံး ရေထဲကျ | ၁၈-၈-၂၀၁၅ ရက်နေ့ပြီး |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးဝ-ကျီးကုန်း-တမူး လမ်းပေါ်ရှိ တွီဗန်တံတား(၄/၇၂) (၂၁၀ပေ) ဘေလီတံတား | တံတား(၁)စင်းလုံး ဘေလီကျိုးကျ | ၁၈-၈-၂၀၁၅ ရက်နေ့ပြီး |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးဝ-ကျီးကုန်း-တမူး လမ်းပေါ်ရှိ တီးတိန်တံတား(၁/၇၄) (၂၁၀ပေ) ဘေလီတံတား | ကမ်းကပ်ခုံနှင့် တံတား(၁)စင်းလုံး မျောပါ | ၁၆-၈-၂၀၁၅ ရက်နေ့ပြီး |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ ဟသ်ာချောင်းတံတား (၃/၇၈)(၆၀ပေ)ဘေလီတံတား | သစ်သား+ဘေလီ တံတား(၁)စင်းလုံး ရေမျောပျက်စီး | ၂၅-၇-၂၀၁၅ ရက်နေ့ပြီး |
| ၁၀။ | စစ်ကိုင်းတိုင်းဒေသကြီး | ဂန့်ဂေါ-ကလေးလမ်းပေါ်ရှိ ကမ္မားနီ တံတား(၅၉၅ပေ) ကွန်ကရစ်တံတား | ရေလယ်တိုင်(၁)တိုင် နိမ့်ကျ | ၁၈-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ဂန့်ဂေါ-ကလေးလမ်းပေါ်ရှိ ဇင်းကလင်းတံတား | ချဉ်းကပ်လမ်းပြတ်ပါ၊ ဘေလီ(၉၀ပေ) ဆက်ရန် ကကယာ အဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက် | ၁၅-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ဂန့်ဂေါ-ကလေးလမ်းပေါ်ရှိ ဇင်းကလင်း-ကလေးကြား | လမ်းပြတ် (၁၃၀ ပေ) ဘေလီ ဆောင်ရွက်ဆဲ | ၁၅-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး | တမူး-စေတီလမ်းပေါ်ရှိ နန်းတီဆင်တံတား(၁/၁၉) (၁၆၀ပေ) ဘေလီတံတား | ရေလယ်တိုင်(၂)တိုင် ကျိုးကျပျက်စီး | ၁၇-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၄။ | စစ်ကိုင်းတိုင်းဒေသကြီး | တမူး-စေတီလမ်းပေါ်ရှိ နန်းသလက် တံတား(၁/၂၁) (၂၁၀ပေ) ဘေလီတံတား | ကမ်းကပ်ခုံ ရေတိုက်စားပျက်စီး | ၂၁-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၅။ | မကွေးတိုင်းဒေသကြီး | ငဖဲ-စေတုတ္တရာလမ်းပေါ်ရှိ မန်းချောင်းတံတား (၄၅၀ပေ) (သစ်သား+ဘေလီ) | (၁၅၀ပေ) အရှည်ခန့် ရေတိုက်စားမျောပါ | ၂၀-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၆။ | မကွေးတိုင်းဒေသကြီး | တောင်ကုတ်-မအီ လမ်းပိုင်းပေါ်ရှိ ငှက်ပျောချောင်းတံတား (၂/၁၅)(၄၅ပေ) | သံကူကွန်ကရစ်ကမ်း ကပ်ခုံနိမ့်ဆင်း၊ချဉ်းကပ် လမ်းပြတ်ပါ | ၆-၇-၂၀၁၅ ရက်နေ့ပြီး |
| ၁၇။ | ရခိုင်ပြည်နယ် | သံတွဲ-ဂွလမ်းပေါ်ရှိ တံတားအမှတ် (၈/၂၇) (၂၀ပေ) | ကျောက်စီ+သံကူ ကွန်ကရစ်တံတား ကျိုးကျပျက်စီး၊ ရေစီးမျောပါ(၁၁၀ ပေ) အရှည်ဘေလီထိုး | ၇-၇-၂၀၁၅ ရက်နေ့ပြီး |
| ၁၈။ | ရခိုင်ပြည်နယ် | သံတွဲ-ဂွလမ်းပေါ်ရှိ တံတားအမှတ် (၁၀/၂၇) (၄၀ပေ) | သံကူကွန်ကရစ်တံတား ကမ်းကပ်ခုံ နိမ့်ကျပျက်စီး၊ (၁၄၀ပေ) အရှည် ဘေလီထိုး | ၇-၇-၂၀၁၅ ရက်နေ့ပြီး |
| ၁၉။ | ရခိုင်ပြည်နယ် | အမ်း-စစ်တွေလမ်းပေါ်ရှိ ဒါးလက်ချောင်းတံတား (၉၉၀ပေ) | သံကူ+ဘေလီတံတား ရေလယ်တိုင် P6 ပြိုကျပျက်စီး | ၁၈-၈-၂၀၁၅ ရက်နေ့ပြီး |
| ၂၀။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | သီပေါ-နမ္မတူ လမ်းပေါ်ရှိ နန့်ပေါတံတား (၁၆၈ ပေ) အုတ်စီခုံး | တံတား၏ (၁၆၈ ပေ) ပြတ်ပါသွား | ၃၀-၇-၂၀၁၅ ရက်နေ့ပြီး |
| | စုစုပေါင်း | | ၂၀ စင်း | |

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၂၅ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၅ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၁၉၂၄၈ စုမှ လူဦးရေ ၁၆၂၉၄၀၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၁ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ် အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၂၁၃၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၆၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၈၀၅၈၂၉၃၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၀၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **စုစုပေါင်း** | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၂၅)ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၆ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၃ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၈၀၀၀၀၀ | ၁၂၈၅၂၂၇၁၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၃၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၀၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၀၀ | |
| ၅။ | ချင်းပြည်နယ် | ၂၆၆၆ | ၄၀၁၀ | ၂၀၂၈၄ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၄ | ၁၅၄၃ | ၆၇၈၃ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၃၅၃ | ၁၂၁၃၉၂ | ၅၀၄၂၀၈ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | ၁၆၇၈၄ | ၃၉၉၉၀၃ | ၁၆၁၄၄၉၄ | ၁၁၄ | ၁၀၂၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၁၈၀၈၉၀၀၀၀ | ၃၁၂၁၅၉၉၇၀ | ၉၉၀၀၀၀၀ | ၆၁၆၅၃၇၂၂၀ | |
| | **ဇွန်လ၊ဇူလိုင်လနှင့်ဩဂုတ်လ စုစုပေါင်း** | ၁၇၁၈၉ | ၄၀၂၀၄၉ | ၁၆၂၉၄၀၅ | ၁၂၁ | ၁၀၅၆၈၃၁၅၀ | ၁၅၂၄၄၂၃၀ | ၂၂၁၃၉၀၀၀၀ | ၃၂၇၈၆၅၅၅၀ | ၁၀၆၀၀၀၀၀ | ၆၈၀၅၈၂၉၃၀ | |

# နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု ထပ်မံစေလွှတ်မည့်အမည်စာရင်း


| စဉ် | အမည် | ခုံအမှတ် | အဆင့် | အထူးပြု | တက်ရောက်ခွင့်ရရှိသောတက္ကသိုလ် | နိုင်ငံ |
|---|---|---|---|---|---|---|
| ၁ | မပိုးနန္ဒာကျော် | Mdy-PGP-0521 | ပါရဂူဘွဲ့ | Horticulture | Curtin University | ဩစတြေးလျ |
| ၂ | မဆုမွန်အေး | Ygn-PGP-0605 | ပါရဂူဘွဲ့ | Pharmacy and Pharmaceutical Sciences | Monash University | ဩစတြေးလျ |
| ၃ | ဒေါက်တာဝင်းမင်းဦး | Mdy-PGP-0777 | ပါရဂူဘွဲ့ | Medicine | University of Sydney | ဩစတြေးလျ |
| ၄ | မချယ်ရီဇင်ဦး | Ygn-PGP-0076 | ပါရဂူဘွဲ့ | Education | University of New South Wales | ဩစတြေးလျ |
| ၅ | မဇင်မေထွန်း | Ygn-PGM-0758 | မဟာဘွဲ့ | Tourism & Hospitality | International College of Management Sydney | ဩစတြေးလျ |
| ၆ | မဝင့်ဝင့်သက် | Ygn-PGM-0692 | မဟာဘွဲ့ | Educational Leadership and Management | La Trobe University | ဩစတြေးလျ |
| ၇ | မရှာန်လဲန်တီာ | Ygn-PGM-0508 | မဟာဘွဲ့ | Educational Leadership and Management | La Trobe University | ဩစတြေးလျ |
| ၈ | မဆုမြတ်သီရိစိုး(ခ) စန္ဒာအောင် | Ygn-PGM-0165 | မဟာဘွဲ့ | Educational Leadership and Management | La Trobe University | ဩစတြေးလျ |
| ၉ | မဆုထက်ဇော် | Ygn-PGM-0524 | မဟာဘွဲ့ | Educational Leadership and Management | La Trobe University | ဩစတြေးလျ |
| ၁၀ | မောင်အောင်ချမ်းမြေ့ | Mdy-PGM-0004 | မဟာဘွဲ့ | Information Technology | Macquarie University | ဩစတြေးလျ |
| ၁၁ | မောင်သန့်စင်ဝင်း | Ygn-PGM-0571 | မဟာဘွဲ့ | Mechanical Engineering | Monash University | ဩစတြေးလျ |
| ၁၂ | မောင်ဟိန်းထက် | Mdy-PGM-0097 | မဟာဘွဲ့ | Aerospace and Aviation | RMIT | ဩစတြေးလျ |
| ၁၃ | မောင်ကျော်ဇေမင်း | Ygn-PGM-0285 | မဟာဘွဲ့ | Aerospace and Aviation | RMIT | ဩစတြေးလျ |
| ၁၄ | မဖြိုးသီရိအောင် | Mlm-PGM-0035 | မဟာဘွဲ့ | Education (TESOL) | University of South Australia | ဩစတြေးလျ |
| ၁၅ | မအေးမြတ်သီရိကျော် | Ygn-PGM-0034 | မဟာဘွဲ့ | Structural Engineering | University of Sydney | ဩစတြေးလျ |
| ၁၆ | မခန့်စန္ဒာထက် | Mdy-PGM-0183 | မဟာဘွဲ့ | Sustainable International Agriculture | Georg August-University Goettingen | ဂျာမနီ |
| ၁၇ | မမေမိုးဦး | Ygn-PGM-0310 | မဟာဘွဲ့ | Agriculture | Chungnam National University | ကိုရီးယား |
| ၁၈ | မချိုးသဥ္ဇာဦး | Mgw-PGM-0021 | မဟာဘွဲ့ | Structural Engineering | Asian Institute of Technology(AIT) | ထိုင်း |
| ၁၉ | မဝင်းလဲ့အေး | Ygn-PGM-0675 | မဟာဘွဲ့ | Agricultural and Resource Economics | Kasetsart University | ထိုင်း |
| ၂၀ | မနှင်းဆုမွန်ဝင်း | Ygn-PGM-0150 | မဟာဘွဲ့ | Sustainable Mega-Buildings | Cardiff University | ဗြိတိန် |
| ၂၁ | မောင်ပိုင်စိုးအောင် | MLm-PGM-0034 | မဟာဘွဲ့ | TESOL with Applied Linguistics | University of Central Lancashire (UCLAN) | ဗြိတိန် |
| ၂၂ | မဆုသီရိလှိုင် | Ygn-PGM-0167 | မဟာဘွဲ့ | TESOL with Applied Linguistics | University of Central Lancashire (UCLAN) | ဗြိတိန် |
| ၂၃ | မမြတ်နိုးလွင် | Ygn-PGM-0363 | မဟာဘွဲ့ | TESOL with Applied Linguistics | University of Central Lancashire (UCLAN) | ဗြိတိန် |
| ၂၄ | မယဉ်လင်းဟန် | Ygn-PGM-0713 | မဟာဘွဲ့ | Ship and Offshore Structures | University of Strathclyde Glasgow | ဗြိတိန် |
| ၂၅ | မသဲဆုလွင် | Ygn-UG-0323 | ဘွဲ့ကြို | Medicine | Monash University | ဩစတြေးလျ |
| ၂၆ | မယွန်းမျက်သွယ် | Ygn-UG-0394 | ဘွဲ့ကြို | Medicine | Monash University | ဩစတြေးလျ |
| ၂၇ | မမေရှား | Ygn-UG-0168 | ဘွဲ့ကြို | Medicine | Trinity College, Universityof Melbourne | ဩစတြေးလျ |
| ၂၈ | မဖူးသက်ခိုင် | Ygn-UG-0243 | ဘွဲ့ကြို | Medicine | Trinity College, University of Melbourne | ဩစတြေးလျ |
| ၂၉ | မယမင်းအေး | Ygn-UG-0376 | ဘွဲ့ကြို | Electrical Engineering | University of New South Wales | ဩစတြေးလျ |
| ၃၀ | မောင်သန့်နေဆု | Mdy-UG-0103 | ဘွဲ့ကြို | Civil Engineering | University of Sydney | ဩစတြေးလျ |
| ၃၁ | မောင်ကျော်နိုင်ဝင်း | Ygn-UG-0138 | ဘွဲ့ကြို | Civil Engineering | University of Wollongong | ဩစတြေးလျ |
| ၃၂ | မောင်သန်းဇော်မြင့် | Mlm-UG-0015 | ဘွဲ့ကြို | Medicine | Bellerbys College, Brighton | ဗြိတိန် |
| ၃၃ | မောင်တွောင်ဖျက်လျှန်း | Ygn-UG-0356 | ဘွဲ့ကြို | Medicine | Bellerbys College, Brighton | ဗြိတိန် |
| ၃၄ | မောင်လိုတရစိုး | Ygn-UG-0155 | ဘွဲ့ကြို | Medicine | St. George's Universtiy of London | ဗြိတိန် |
| ၃၅ | မသက်စုခင် | Ygn-UG-0327 | ဘွဲ့ကြို | Civil Engineering | University of Glasgow | ဗြိတိန် |
| ၃၆ | မောင်ဆက်မြတ်ထွန်း | Ygn-UG-0267 | ဘွဲ့ကြို | Mechanical Engineering | University of the West of Scotland | ဗြိတိန် |
| ၃၇ | မနော်ဂလဲဒစ်(စ်) မောင်မောင် | Ygn-UG-0218 | ဘွဲ့ကြို | Political Science | Oregon State University | အမေရိကန် |

**✱ ညောင်ဦးမှ**

အန္တရာယ်မပြုစေနိုင်ရေးအတွက် အသုံးပြုရန် မေ့ဆေးသေနတ် လေးလက်၊ မေ့ဆေးသေနတ်သမားများစုဖွဲ့ထားပြီး လိုအပ်ချက်ပေါ်မူတည်၍ တောဆင်ရိုင်းများကို ယာဉ်ကြီးများဖြင့်တင်ဆောင်ရွှေ့ပြောင်းနိုင်ရေးအတွက် ၁၀ ဘီး ယာဉ်ခုနစ်စီးပါဝင်စုဖွဲ့ကာ တောဆင်အုပ်အခြေပြုရာနေရာတစ်ဝိုက်တွင် အနီးကပ်စောင့်ကြည့်ထိန်းကျောင်းလျက်ရှိသည်။

တောဆင်ရိုင်းအုပ်ကို မူလကျက်စားရာနယ်မြေဖြစ်သည့် နတ်မောက်၊ မြို့သစ်နယ်မြေ ပဲခူးရိုးမအတွင်းသို့ ပြန်လည်ပို့ဆောင်ရာတွင် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်မထိခိုက်စေဘဲ ဆင်ထိန်းသိမ်းရေးကျွမ်းကျင်သူများ၏ ကြီးကြပ်မှုဖြင့် ကွန်ဂျီဆင်များကိုအသုံးပြု၍ ပြန်လည်ထိန်းကျောင်းပို့ဆောင်သွားရေး သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

တောဆင်ရိုင်းအုပ်ကို မူရင်းဒေသပဲခူးရိုးမသို့ ပြန်လည်ရောက်ရှိရေးဆောင်ရွက်ရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် အန္တရာယ်မကျရောက်စေရေးအတွက် အတွေ့အကြုံရှိသည့် ဝါရင့်ဆင်ထိန်းသိမ်းရေး ကျွမ်းကျင်သူအဖွဲ့နှင့် ပိတ်ဆို့ရေးအဖွဲ့များက အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် တောဆင်ရိုင်းများကို ဝိုင်းဝန်းကြည့်ရှုခြင်း၊ ခြောက်လှန့်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းတို့ မပြုလုပ်ကြရန်နှင့် ဒေသအုပ်ချုပ် ရေးအဖွဲ့များ၏ ဆင်အန္တရာယ်ကင်းရှင်းရေးမေတ္တာရပ်ခံနှိုးဆော်ချက်များအပေါ် ပါဝင်ကူညီ ဆောင်ရွက်ပေးခြင်းဖြင့် ထိန်းသိမ်းပို့ဆောင်ရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုများကို ပိုမိုချောမွေ့မြန်ဆန်စေမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အချိန်အခါမရွေး သတိပေး**
**မီးဘေးကင်းဝေးမှာ**

## အသံမိုင်းပေါက်ကွဲမှုဖြစ်ပွား

**မူဆယ် ဩဂုတ် ၂၅**

မူဆယ်မြို့ ဈေးရပ်ကွက် ပြည်ထောင်စုကားလမ်းမကြီးဘေးရှိ အင်း၀ ဘဏ်ရှေ့ မျက်နှာစာတွင် ဩဂုတ် ၂၄ ရက် ညက အသံမိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ဘဏ်ရှေ့မျက်နှာစာလေကာမှန်များနှင့် ဘေးဘက်ရှိ ပြတင်းပေါက်မှန်များကွဲပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ဘဏ်ရှေ့တွင်မှန်စများ ပြန့်ကြဲလျက်ရှိကြောင်း တွေ့ရှိရသည်။

ပေါက်ကွဲရာနေရာသို့ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးတပ်စု (မူဆယ်) မှ တပ်ဖွဲ့ဝင်များ၊ ရှေ့တန်းနယ်မြေခံ ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဘဏ်အဝင် ဆင်ဝင်တံခါး ယာဘက်ခြမ်းတိုင်နှင့် အဆောက်အအုံကြားတွင် ခြောက်လက်မ ပတ်လည် အနက် နှစ်လက်မခန့်ရှိ ချိုင့်ခွက်ငယ်တစ်ခုနှင့် အောက်ခြေနံရံတွင် မီးခိုးမှိုင်း များ တွေ့ရှိရကြောင်း သိရသည်။



အဆိုပါ ဘဏ်သည် အုတ်ကာသွပ်မိုး သုံးထပ်အဆောက်အအုံဖြစ်ပြီး ဘဏ်တွင် မူဆယ်ဘဏ်ခွဲမန်နေဂျာ ဒေါ်ခင်နီနီကို အပါအဝင် အမျိုးသမီးဝန်ထမ်း ၁၁ ဦးတို့ ညအိပ်နေထိုင်ကြောင်း ဘဏ်လုံခြုံရေး(ညစောင့်) ထားရှိခြင်းမရှိကြောင်း သိရသည်။ **(ရှိုးသျှား)**



## ညောင်ရွှေမြို့တွင် မီးလောင်မှုဖြစ်ပွား

**ညောင်ရွှေ ဩဂုတ် ၂၅**

ညောင်ရွှေမြို့ရှိ VIEW POINT ဟိုတယ်တွင် ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁၂နာရီ၄၅မိနစ်ခန့် တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံးချင်းတည်းခိုဆောင်အတွင်း လျှပ်စစ်ခြင်ပြေးစက်မှ စတင်မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် ပျဉ်ခင်း ပျဉ်ကာ သွပ်မိုး ပေ (၂၀×၃၀) အဆောက်အအုံတစ်ခု မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်မှုဖြစ်စဉ်တွင်မီးသတ်ယာဉ်များ၊ကိုယ်ပိုင်မီးသတ်စက်များဖြင့် မီးငြိမ်းသတ်ခဲ့ပြီး အဆိုပါဟိုတယ်တွင်လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# အဖွဲ့ရဲ့နှစ်ပတ်လည်မှာ ထူးထူးခြားခြားဖျော်ဖြေသွားမယ့် Super Junior

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားပေါ့ပ်ဂီတအဖွဲ့တွေထဲက တစ်ဖွဲ့ဖြစ်တဲ့ "Super Junior"ရဲ့ ဆယ်နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် "Super Camp"လို့အမည်ပေးထားတဲ့ ထူးခြားတဲ့ အစီအစဉ်တစ်ရပ်ကို စက်တင်ဘာ ၁၉ ရက်မှာ ကျင်းပသွားဖို့ စီစဉ်ထားတယ်လို့သိရပါတယ်။

အဆိုပါ အစီအစဉ်အတွက် ဂီတဖျော်ဖြေပွဲတစ်ခုကို ဆိုးလ်မြို့မှာရှိတဲ့ ကိုရီးယားတက္ကသိုလ်ရဲ့ ဟွာဂျန်းအားကစားခန်းမမှာ ကျင်းပသွားမှာဖြစ်ပြီးတော့ ဖျော်ဖြေရေးအစီအစဉ်တွေအပြင် အဖွဲ့ရဲ့ ပရိသတ်တွေကို ပြန်လည်ကျေးဇူးဆပ်နိုင်ဖို့ ရည်ရွယ်စီစဉ်ထားတဲ့ အခြားအစီအစဉ်များစွာလည်း ပါဝင်မှာဖြစ်ပါတယ်။

Super Juniorအဖွဲ့ရဲ့ ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ဟာ နိုဝင်ဘာ ၆ ရက်မှာ ကျရောက်မှာဖြစ်ပါတယ်။ ဒါပေမယ့် အဖွဲ့ဝင်အချို့ဟာ စစ်မှုထမ်းဖို့ရှိနေတာမို့ အခုလို နှစ်ပတ်လည်ပွဲကို စောပြီးကျင်းပဖို့ ဆုံးဖြတ်ခဲ့ရတာဖြစ်ပါတယ်လို့လည်း အဖွဲ့က ဆိုခဲ့ပါတယ်။

# အမေရိကန်ဒေါ်လာလေးသန်းကျော်တန်ကားကို ဖလွိုက်မေဝယ်သာ ဝယ်ယူ



ကမ္ဘာကျော်လက်ဝှေ့ကစားသမား ဖလွိုက်မေဝယ်သာသည် သူ၏ချမ်းသာကြွယ်ဝမှုကို ပြသသည့်အနေဖြင့် အမေရိကန်ဒေါ်လာ လေး ဒသမ ရှစ်သန်းတန်ကားကိုဝယ်ယူခဲ့သည်။

မေဝယ်သာဝယ်သူခဲ့သောကားသည် ဇိမ်ခံကားအမျိုးအစားဖြစ်ကာ ကမ္ဘာပေါ်တွင် အရေအတွက်အားဖြင့် နှစ်စီးသာထုတ်လုပ်ထားသောကားလည်းဖြစ်သည်။

အင်စတာဂရမ်စာမျက်နှာပေါ်တွင်း သူက“ကျွန်တော့်ရဲ့ကားကတော့ စူပါကားဆိုတာထက်ပိုပါတယ်။ ဟိုက်ပါဆိုတဲ့ အဆင့်လောက်ရှိတဲ့ကားပါ” ဟုလည်း ဂုဏ်ယူစွာဖော်ပြထားခဲ့သည်။

မေဝယ်သာသည် ယခုနှစ်အစပိုင်းက ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပတ်ကွီအိုကို အနိုင်ယူခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း၃၀၀ရရှိခဲ့ကာ ပတ်ကွီအိုကမူ ဒေါ်လာသန်း၁၆၀ရရှိခဲ့သည်။ သူသည် ဖော်ဘီစ်ဒေါ့ကွန်းက ထုတ်ပြန်ခဲ့သည့် ၂၀၁၅ ခုနှစ်အတွက် ဝင်ငွေအကောင်းဆုံးသောနာမည်ကျော်(၁၀၀)စာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်နေကာ ပတ်ကွီအို က ဒုတိယနေရာတွင် ရှိနေသည်။



# ဟောလိဝုဒ်ရဲ့သရုပ်ဆောင်ကြေးအမြင့်ဆုံး စတုတ္ထနေရာမှာရှိနေတဲ့ဖန်ဘင်းဘင်း

တရုတ်မင်းသမီးချောဖန်ဘင်းဘင်းသည် ဟောလိဝုဒ်၏ သရုပ်ဆောင်ကြေးအများဆုံးရရှိသော အမျိုးသမီးသရုပ်ဆောင်များအနက် စတုတ္ထနေရာတွင် ရှိနေသည်။

ဖန်သည် သရုပ်ဆောင်၊ အဆိုတော်နှင့် ထုတ်လုပ်သူအဖြစ် အနုပညာလုပ်ငန်းများလုပ်ကိုင်လျက်ရှိပြီး ပြီးခဲ့သည့်နှစ်က သူ၏အနုပညာလုပ်ငန်းများဖြစ်မှ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၁သန်းရရှိခဲ့သည်။

သူသည် ဟောလိဝုဒ်၏ထိပ်တန်းငါးယောက်တွင် ပါဝင်သည့် တစ်ဦးတည်းသော အာရှအနုပညာရှင်ဖြစ်ပြီး အခြားအနုပညာရှင်လေးဦးမှာ အမေရိကန်လူမျိုးအနုပညာရှင်များဖြစ်သည်။ သရုပ်ဆောင်ကြေးအမြင့်ဆုံးသော အမျိုးသမီးအနုပညာရှင်နေရာတွင် ဂျနီဖာလောရန့်စ်ရှိနေပြီး ဒုတိယနေရာတွင် စကားလက်ဂျိုဟန်ဆန်၊ တတိယနေရာတွင် မယ်လစ်ဆာမက်ကတ်ထ်သီနှင့် ပဉ္စမနေရာတွင် ဂျနီဖာအန်နစ်စတန်တို့က အသီးသီးနေရာယူထားကြောင်း အက်စ်ဘီအက်စ်ဒေါ့ကွန်းတွင် ဖော်ပြထားသည်။

ဖန်သည် X-Manရုပ်ရှင်များအနက် တစ်ခုဖြစ်သည့် “Days of Future Past”တွင် ပါဝင်သရုပ်ဆောင်ရာမှ ဟောလိဝုဒ်တွင် လူသိများလာခဲ့သည်။

# MTVဂီတဆုပေးပွဲတွင် ဆယ်လီနာဂိုမက်ဇ် ပါဝင်ဖျော်ဖြေမည်

အမေရိကန်ပေါ့ပ် အဆိုတော် ဆယ်လီနာဂိုမက်ဇ်သည် ဩဂုတ်လ ၃၀ရက်တွင် ကျင်းပမည့် ၂၀၁၅ခုနှစ်အတွက် MTV ရုပ်သံလိုင်းကပေးအပ်သော ဂီတထူးချွန်ဆုပေးပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေသွားမည်ဖြစ်သည်။

အသက် (၂၃) နှစ်အရွယ်ဆယ်လီနာသည် အဆိုပါဆုပေးပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ဖျော်ဖြေခြင်းဖြစ်ကာ သူ၏သီချင်းကောင်းများအနက်တစ်ပုဒ်ဖြစ်သည့် “Good For You”ဖြင့် ဖျော်ဖြေသွားမည်ဖြစ်သည်။ ထို့ပြင် သူ၏တေးသီချင်းသစ်တစ်ပုဒ်နှင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်းလည်း သတင်းများထွက်နေပြီး အချို့သောသူများကမူ ဆယ်လီနာသည် တေလာဆွစ်နှင့်တွဲဖက်ကာ “Bad Blood”တေးဗွီဒီယိုမှ သီချင်းတစ်ပုဒ်နှင့်လည်း ဖျော်ဖြေမည်ဟု သို့လောသို့လောပြောဆိုနေကြသည်။

အေးပြည့် - စုစည်းသည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၂၆ - ၈ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)

## MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ “အေးငြိမ်းမှုတ်တိုင်စိုက်ကြမယ်” တရားတော်(ဆရာတော် ဘဒ္ဒန္တ ခေမာသီရိလင်္ကာရ)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၈း၀၀ Cartoon Series (Welcome To Sky Ville)
၈း၄၀ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
၉း၄၀ အနုပညာမိုးကောင်းကင်
၁၁း၀၀ ဟင်းချက်ရအောင်
၁၁း၂၅ MRTV-4 Stage
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၃၆)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (အပိုင်း-၂၄)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၃၃)
၆း၀၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၃၄)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (အပိုင်း-၂၅)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း” (အပိုင်း-၆၆)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၃၇)
၁၀း၀၅ Let's Talk
၁၁း၀၅ နှုယဉ်ဆန်းထွင်းပန်းအလှဆင်

## မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ VOAအင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၁၅ လျှပ်တစ်ပြက်
၄း၂၅ အမျိုးသားရေးတေးကဗျာ
၄း၄၅ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၅ ရှေးဟောင်းသုတ
၅း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၆၇)
၆း၀၆ Amazing Cities
၆း၁၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အရာထက်မင်း (အပိုင်း-၈)
-ရယ်စရာပျော်စရာ ဟာသကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-မြဝတီရုပ်မြင်သံကြားသတင်း
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၂၀)

## mitv

Today Fresh
07:03 Am New
07:26 Am Yangon Markets:Nyaung Pin Lay Market
07:34 Am Oboist and His Life
07:54 Am Will you feed the pigeons
08:03 Am News
08:25 Am A Real Dream Of Accidental Gift
08:50 Am Mt.Naw Bu Baw
09:03 Am News
09:26 Am Lady Pilot
09:37 Am The History Of Mrauk U Pagoda
09:53 Am Sticky Shan Snack
10:03 Am News
10:26 Am Taung Byone Nat Festival (Ep-1)
10:51 Am Black Gold (Part-1)

Prime Time
07:03 Pm News
07:26 Pm A Day In Bagan
07:46 Pm Goldsmith
07:51 Pm Today Mynmar:Rising Insurance Infrastructure
08:03 Pm News
08:26 Pm Myanmar Traditional Identity (EP-3)
The Sphinx Of Egypt and The Manousiha Of Myanmar
08:41 Pm Temple Stalls
08:47 Pm Director:Thiha Kyaw Soe

အားကစား

## ကမ္ဘာ့ချန်ပီယံဆုအတွက် ပြောရန်စောလွန်းသေးကြောင်း ဟာမီလ်တန်ပြောကြား

ဩဂုတ်၂၄ရက်က ကျင်းပပြီးစီးခဲ့တဲ့ ဘယ်လ်ဂျီယံဂရင်းပရီမှာ ဗိုလ်စွဲခဲ့ပေမယ့် ဟာမီလ်တန်က သူ့အနေနဲ့ကမ္ဘာ့ချန်ပီယံဆုဖလားရဖို့ဆိုတာပြောဖို့စောနေသေးတယ်လို့ ဆိုလိုက်ပါတယ်။ဒီဘယ်လ်ဂျီယံဂရင်းပရီမှာ ဗိုလ်စွဲခဲ့တဲ့ ဟာမီလ်တန်ဟာ မာစီဒီးစ်အသင်းမှ တစ်သင်းတည်းကစားဖော် ရော့စ်ဘတ်ကို ၂၈မှတ်အထိဖြတ်ထားနိုင်ခဲ့တဲ့အတွက် သူပဲ ချန်ပီယံဆုကိုဆက်လက်ထိန်းနိုင်ဖို့အလားအလာပိုမိုအားကောင်းသွားပြီဖြစ်တယ်လို့ ထင်ကြေးပေးမှုတွေဟာ ပိုမိုမြင့်တက်လာခဲ့ပါတယ်။

ဒီဂရင်းပရီဟာ ဟာမီလ်တန်အတွက် ယခုရာသီဂရင်းပရီစုစုပေါင်း (၁၁) ကြိမ်မှာ ခြောက်ကြိမ်မြောက်နိုင်ပွဲဖြစ်ခဲ့ပြီး ပြီးခဲ့တဲ့ဟန်ဂေရီဂရင်းပရီက အမှားအတွက် ပြန်လည်ပေးဆပ်မယ်လို့ပြောထားတာကိုလည်း ဂတိပြုရာရောက်စေခဲ့ပါတယ်။

ဒါပေမယ့်လည်း ဟာမီလ်တန်က“ ကမ္ဘာ့ချန်ပီယံဖြစ်ရမယ်ဆိုတဲ့ အိပ်မက်ဟာ ဖော်မြူလာဝမ်းကစားသမားတိုင်းအတွက် သဘာဝကျတဲ့ခံစားချက်ပါ။ ဒါပေမယ့် ကျန်နေတဲ့ ဂရင်းပရီတွေမှာ ချန်ပီယံဖြစ်မှာလား၊ တစ်ခြားသူတွေက ကျော်ဖြတ်သွားဦးမှာလားတိုတာတော့ စိုးရိမ်သင့်တဲ့ကိစ္စရပ်ပဲလေဗျာ။ ဒါကြောင့် အခုလက်ရှိချန်ပီယံဘွဲ့ကို ကျွန်တော်ဆက်လက်ထိန်းထားနိုင်မှာ သေချာပြီလားဆိုတာပြောဖို့စောနေပါသေးတယ်” လို့ဆိုခဲ့ပါတယ်။

မာစီဒီးစ်အသင်းပိုင်ရှင်တိုတို ဝုဖ်ကတော့ ရော့စ်ဘတ်အနေနဲ့ ဟာမီလ်တန်ကို ဖြတ်ကျော်ပြီး ရာသီသိမ်းဖလားရနိုင်သေးတယ်လို့ အားပေးစကားဆိုခဲ့ပါသေးတယ်။ ဟာမီလ်တန်ဟာ လက်ရှိဖော်မြူလာဝမ်းလောကမှာ ပြိုင်ဘက်ကင်းအနေအထားရောက်ရှိနေသူဖြစ်ပြီး သူသာ ဒီနှစ်ချန်ပီယံဖလားထပ်မံဆွတ်ခူးနိုင်မယ်ဆိုရင် သူလေးစားအားကျတဲ့ ဆန်နာလို သုံးနှစ်ဆက်တိုက် ချန်ပီယံဆုကို သိမ်းပိုက်နိုင်သူဖြစ်လာမှာပါ။ဒါကြောင့် ဟာမီလ်တန်အနေနဲ့ ဒီနှစ်မှာရော ချန်ပီယံဖြစ်မဖြစ် ပရိသတ်တွေ စောင့်ကြည့်ကြပါစို့လား။

**ရှိုင်းယန်ဟေဒင်**





## အာဆင်နယ်၏ လက်ရှိကစားဟန်မှာ ချန်ပီယံဖြစ်ရန်မလုံလောက်ဟု ဝင်းဂါးဝန်ခံ

အာဆင်နယ်၏ လက်ရှိကစားပုံမှာ ချန်ပီယံဖြစ်နိုင်သော အစွမ်းအစမျိုးပျောက်ဆုံးနေပြီး အကောင်းဆုံးအနေအထားကို ပြန်လည်ရရှိအောင်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း နည်းပြကြီးဝင်းဂါးက ဝန်ခံပြောကြားခဲ့သည်။ အာဆင်နယ်သည် ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲကစားပြီးချိန်၌ ရမှတ်လေးမှတ်သာ ရရှိခဲ့ပြီး အသင်း၏တိုက်စစ်မှူးများ ဂိုးပေါက်ပျောက်ဆုံးနေသဖြင့် အမှတ်ပေးဇယား အလယ်အလတ်နေရာတွင်သာရပ်တည်နေရသည်။

သို့သော် ဝင်းဂါးက လီဗာပူးနှင့်ပွဲစဉ်၌ ရမ်ဆေးသွင်းယူသောဂိုးမှာ လူကျွံအနေအထားမှမဟုတ်ဘဲ ဒိုင်လူကြီး၏ မှားယွင်းသော ဆုံးဖြတ်ချက်ကြောင့် အာဆင်နယ်မှာနစ်နာခဲ့ရခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။ အာဆင်နယ်သည် ယခုနွေစျေးကွက် မပိတ်သိမ်းမီ တိုက်စစ်မှူးတစ်ဦးအား ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း လက်ရှိ၌ မည်သည့် အပြောင်းအရွှေ့မျှ ဖြစ်မြောက်ခြင်းမရှိသေးဘဲ ယခုသုံးပွဲကစားပြီးချိန်မှာပင် ဇယားထိပ်ရှိ မန်စီးတီးနှင့် ရမှတ်ငါးမှတ်အထိကွာဟနေခဲ့ပြီဖြစ်သည်။

မန်ယူနောက်ခံလူ ဂယ်ရီနဗီးလ်က ဝင်းဂါးမှာကလေးကလားဆန်ပြီး မောက်မာသူဖြစ်သည့်အတွက် ကစားသမားတစ်ယောက်ထွက်ခွာသွားပြီဆိုလျှင် အမြဲတမ်း ပြန်လည်အစားထိုးရန်ပျက်ကွယ်သူဖြစ်ခြင်းကြောင့် အာဆင်နယ်မှာ ချန်ပီယံဆုနှင့် လွဲချော်နေခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့သည်။ ထို့ပြင် နဗီးလ်က အာဆင်နယ်ကွင်းလယ်အဖျက်နေရာတွင်ကစားနေသော ကာဇိုလာနှင့်ကိုကွာလင်တို့နှစ်ဦးစလုံးမှာ ဖာဘရီဂတ်စ်နှင့် ပေါလ်စခိုးလ်တို့ကဲ့သို့ အရည်အသွေးမြင့် ကစားသမားမျိုးမဟုတ်ဘဲ ယခုကွင်းလယ်အင်အားဖြင့်ဆိုလျှင် မည်သည့်အခါမျှ ချန်ပီယံဖြစ်မည်မဟုတ်ဟု ဆိုခဲ့သည်။

နယူးကာဆယ်နှင့် တွေ့ဆုံယှဉ်ပြိုင်ရမည့် ပွဲစဉ်၌ အဓိကနောက်ခံကစားသမားနှစ်ဦးဖြစ်သော ကိုစီယယ်နီနဲ့ မာတီဆက်ကာတို့နှစ်ဦးလုံးမှာအဖျားရောဂါနှင့် ဒဏ်ရာပြဿနာတို့ကြောင့် လွဲချော်မည်ဖြစ်ရာ ချိန်ဘာနှင့်ဂါဘရီရယ်လ်တို့နှစ်ဦးမှာလည်း အတွေ့အကြုံနည်းပါးသူများဖြစ်သောကြောင့် အရံသင့်အစားထိုးရန် ခက်ခဲနေသည်။ ထို့ပြင် အာဆင်နယ်၏ လက်ရှိလူအင်အားစာရင်းမှာ မန်စီးတီး၊ မန်ယူနှင့် ချယ်လ်ဆီးတို့အား သူတင်ကိုယ်တင်ယှဉ်ပြိုင်ရန် မဖြစ်နိုင်သော အနေအထားပင်ဖြစ်သည်။

**မေလှဲ့သင်း**

### အားကစားသတင်းတိုများ

- စပါးတိုက်စစ်မှူး အဒီဘာယောက ဝက်စ်ဟမ်းအသင်းသို့ အငှားဖြင့်သွားရောက်ကစားတော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။
- ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဖာဘရီဂတ်စ်နှင့် မာတစ်တို့နှစ်ဦးတွဲဖက်ကစားရန်မှာ အလုံးစုံအံဝင်ခွင်ကျဖြစ်နိုင်မည်ဟု မယူဆသောကြောင့် ဂျူဗင်တပ်ကွင်းလယ်လူပေါ့ဘာ အား ယခုနွေစျေးကွက် မပိတ်သိမ်းမီ ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။
- မန်ယူအသင်းက ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်အတွက် ပြောင်းရွှေ့ကြေးပေါင် ၈၅သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ရီးယဲလ်ဘက်ကမူ အဆိုပါ ကစားသမားအား မည်သည့်စျေးနှင့်မျှ ရောင်း ချမည်မဟုတ်ကြောင်း တုံ့ပြန်ခဲ့သည်။
- စပါးအသင်းသည် ဝက်စ်ဘရွန်း တိုက်စစ်မှူးဘရာဟီနိုအား ပြောင်းရွှေ့ကြေးပေါင် ၂၁သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

## ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ခြေချရန် ဘင်ဇီမာငြင်းဆို

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာသည် အင်္ဂလန်ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ငြင်းဆိုခဲ့ကြောင်း သိရသည်။ အသက်(၂၇)နှစ်အရွယ်ရှိ ပြင်သစ်ကြယ်ပွင့် ဘင်ဇီမာသည် အခြားကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားမည်မဟုတ်ကြောင်းနှင့်စပ်လျဉ်း၍ “ရီးယဲလ်မက်ဒရစ်အသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ”ဟုပင် တင်စားပြောဆိုခဲ့သည်။

တိုက်စစ်မှူး ဘင်ဇီမာသည် ၂၀၀၉ ခုနှစ်အတွင်းက လိုင်ယွန်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့က ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူးဘင်ဇီမာသည် လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်း၌ ၂၀၁၉ ခုနှစ်တိုင်အောင် ဆက်ရှိနေမည့် စာချုပ်သက်တမ်းတစ်ရပ်ကျန်ရှိနေပြီး ဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်း၏ လာလီဂါအဖွင့်ပွဲစဉ်တွင် လွဲချော်ခဲ့သည်။ သို့ရာတွင် လက်ရှိတွင်မူ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ လေ့ကျင့်ရေးပြန်ဆင်းနေပြီဖြစ်သည်။ ဘင်ဇီမာသည် ပြီးခဲ့သည့်ဘောလုံးရာသီကမူ ပြိုင်ပွဲအရပ်ရပ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး ၂၂ ဂိုး သွင်းယူ ပေးနိုင်ခဲ့သူဖြစ်သည်။

ငွေကြယ်

## စီးရီးအေရင်ခုန်သံ-၂

**၂၀၁၅-၁၆ စီးရီးအေပွဲစဉ် (၂)ကို ဩဂုတ် ၂၉၊ ၃၀၊ ၃၁ နေ့တွေမှာ ကျင်းပသွားဖို့ ရှိနေပါတယ်။ အီတလီ စီးရီးအေ ပွဲစဉ် ၂ မှာ ရိုမာနဲ့ ဂျူဗင်တပ်တို့ ဆုံတွေ့နေတဲ့ပွဲစဉ် ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းတဲ့ပွဲစဉ်တစ်ခုဖြစ်ပြီး ဒီပွဲစဉ်မှာ အေစီမီလန်နဲ့ အင်တာမီလန်တို့ နိုင်ပွဲကိုယ်စီရရှိသွားနိုင်တယ်။**

ဘလော့ညာ - ဆာစူအိုလို ည ၁၀း၃၀ (၂၉-၈-၁၅)

ဘလော့ညာဟာ ပြီးခဲ့တဲ့ စီးရီးဘီပြိုင်ပွဲမှာ အိမ်ကွင်းခြေစွမ်းပိုင်း မဆိုးဘူးဆိုပေမယ့် တန်းတက်ခွင့်အတွက် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတဲ့အသင်းဖြစ်တယ်။ လက်ရှိအချိန်မှာလည်း ဘလော့ညာရဲ့ တိုက်စစ်နဲ့ ခံစစ်ကတည်ငြိမ်မှု မရှိသေးဘူး။ ဆာစူအိုလိုက ပြီးခဲ့တဲ့ ရာသီနောက် ပိုင်းပွဲတွေမှာခြေစွမ်းပိုင်း တည်ငြိမ်ခဲ့သလိုခြေစွမ်းပွဲတွေ ကစားခဲ့ရာမှာ လည်းကစားပုံကောင်းမွန်ခဲ့တယ်။ဆာစူအိုလိုပဲ အနိုင်ရသွားမယ့်ပွဲပါ။

အေစီမီလန် - အမ်ပိုလီနံနက် ၁း၁၅ (၃၀-၈-၁၅)

အေစီမီလန်ဟာ ပြီးခဲ့တဲ့ရာသီမှာရုန်းကန်ခဲ့ရပေမယ့် လက်ရှိအချိန်မှာ နည်းပြအပြောင်း အလဲပြုလုပ်ထားသလို ကားလော့စ်ဘာကာ၊ လူးဝစ် အက်ဒရီယာနိုတို့လို ကစားသမားကောင်းတွေကို အားဖြည့်ထားနိုင်တာကြောင့် အမ်ပိုလီကို ဖိအားပေးနိုင်မှာပါ။အမ်ပိုလီက တိုက်စစ်ပိုင်း အားနည်းနေမှုကြောင့် အေစီမီလန်ခံစစ်ကို ဖိအားပေး နိုင်ဖို့ရုန်းကန်ရမှာပါ။ အေစီမီလန်ပဲ နှစ်ဂိုးအသာနဲ့အနိုင်ရသွားမယ်။

ရိုမာ - ဂျူဗင်တပ် ည ၁၀း၃၀ (၃၀-၈-၁၅)

ကစားသမားကောင်းတွေကိုအားဖြည့်ထားတဲ့ ရိုမာဟာ ရာသီကြိုခြေစမ်းပွဲတွေမှာအနိုင်ရလဒ်တွေရယူနိုင်ခဲ့သလို တိုက်စစ်ကလည်း ထက်မြက်မှုရှိတယ်။ ဒါပေမယ့်ခံစစ်က အနည်းငယ် အားနည်းခဲ့တာ ကိုတော့သတိပြုရမယ်။ ဂျူဗင်တပ်အသင်းက ပီဒဲလ်၊တီဗက်ဇ်၊ ပီယာလို တို့ကိုဆုံးရှုံးခဲ့ရပေမယ့်မန်ဇူကစ်၊ ဒိုင်ဘာလာတို့လို တိုက်စစ်မှူး သစ်တွေ ဂိုးသွင်းခြေရနေတယ်။ ခံစစ်ကလည်းကစားပုံမာကျောမှု ရှိတယ်။ ဂျူဗင်တပ်မပြတ်သားတဲ့ရလဒ်နဲ့နိုင်ပွဲရနိုင်တယ်။

အတ္တလန္တာ - ဖရိုစီနိုနီ နံနက် ၁း၁၅ (၃၁-၈-၁၅)

အတ္တလန္တာဟာ ပြီးခဲ့တဲ့ စီးရီးအေပြိုင်ပွဲမှာ အိမ်ကွင်းပွဲလေးပွဲသာအနိုင်ရခဲ့သလိုတန်းမဆင်းရဖို့အတွက် ရုန်းကန်ခဲ့ရတဲ့ အသင်း ဖြစ်ပေမယ့်ရာသီကြိုခြေစမ်းပွဲတွေမှာ ခြေစွမ်းပိုင်းမဆိုးခဲ့ဘဲကျူပီအာ၊ ခီယေဗိုတို့ကို သရေကစားနိုင်ခဲ့တယ်။တန်းတက်လာတဲ့ဖရိုစီနိုနီက ခြေစမ်းပွဲတွေမှာရလဒ်ပိုင်း တည်ငြိမ်မှုမရှိသလိုအဝေးကွင်းခြေစွမ်းလည်း အားနည်းတယ်။ အိမ်ရှင် အတ္တလန္တာနိုင်ပွဲရနိုင်တယ်။

ကာပီ - အင်တာမီလန် နံနက် ၁း၁၅ (၃၁-၈-၁၅)

ကာပီဟာ အကောင်းဆုံးခြေစွမ်းပုံစံမျိုး ရရှိဖို့ ရုန်းကန်နေရပြီး ကိုပါအီတာလီယာပွဲမှာလည်းစီးရီးဘီကလပ်လီဗော်နိုကိုခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရတယ်။ အင်တာမီလန်ရဲ့အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိတယ်။ တိုက်စစ်က အားနည်းနေပေမယ့် ကာပီရဲ့ခံစစ်ကလည်း အားနည်းတာမို့အင်တာမီလန်ရဲ့ တိုက်စစ်ကို ထိန်းချုပ် နိုင်ဖို့ ခက်ပြီး အင်တာမီလန်ကသာနှစ်ဂိုးအသာနဲ့နိုင်ပွဲရသွားမှာပါ။

ခီယေဗို - လာဇီယို နံနက် ၁း၁၅ (၃၁-၈-၁၅)

ခီယေဗိုက ခြေစွမ်းပိုင်း အကောင်းဆုံးပုံစံမရှိသေးသလို တိုက်စစ်ကလည်း ပုံမှန်ဂိုးသွင်းခြေရဖို့ ရုန်းကန်နေရတယ်။ လာဇီယို အီတလီစူ ပါဖလားပွဲမှာဂျူဗင်တပ်ကို အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့သလို ချန်ပီယံလိဂ်ခြေစစ်ပွဲမှာလည်း လေဗာကူဆင်ကို အနိုင်ယူနိုင်ခဲ့တာကြောင့် ခီယေဗိုကိုအခက်တွေ့စေနိုင်တယ်။ ဒါပေမယ့်ပွဲပန်းမှုရှိလာနိုင်ကာ လာဇီယိုနိုင်ပွဲရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်နိုင်တယ်။

ဂျီနိုအာ - ဗီရိုနာ နံနက် ၁း၁၅ (၃၁-၈-၁၅)

ဂျီနိုအာရဲ့ ခြေစွမ်းပိုင်းမဆိုးသလို ဗီရိုနာအသင်းကို အိမ်ကွင်းမှာ လက်ခံကစားခဲ့တဲ့ နောက်ပိုင်းပွဲတွေမှာ လည်းအနိုင်ရလဒ်တွေ ရရှိခဲ့တယ်။ ဗီရိုနာအသင်းကတော့ခြေစွမ်းပိုင်းသာမန်သာရှိပြီး အဝေးကွင်း မှာလည်းကစားပုံအားနည်းတတ်တာကြောင့် ဂျီနိုအာကို ယှဉ်နိုင်ဖို့ ခက်တယ်။ ဂျီနိုအာအသင်းသာတစ်ဂိုးအသာနဲ့ အနိုင်ရသွားမယ်လို့ မြင်မိတယ်။

နာပိုလီ - ဆမ့်ဒိုးရီးယား နံနက် ၁း၁၅ (၃၁-၈-၁၅)

နာပိုလီဟာနည်းပြသစ်မာယူရီဇီယိုဆာရီလက်အောက်မှာ အကောင်းဆုံးခြေစွမ်းပုံစံမျိုးရရှိဖို့ရုန်းကန်နေရပြီး တိုက်စစ်နဲ့ ခံစစ်ပိုင်း လည်းအားနည်းနေတာကြောင့် ဆမ့်ဒိုးရီးယားကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ ဆမ့်ဒိုးရီးယားကလည်း နည်းပြအပြောင်းအလဲပြု လုပ်ထားပေမယ့်လက်ရှိခြေစွမ်းပိုင်းမဆိုးဘူး။ တိုက်စစ်နဲ့ ခံစစ်က လည်းကစားပုံ ကောင်းမွန်နေတာမို့ နာပိုလီကို အခက်တွေ့စေနိုင်တယ်။ ဒါပေမယ့်ဆမ့်ဒိုးရီးယားဟာ နာပိုလီရဲ့ကွင်းမှာ ရုန်းကန်ရတတ်ပြီး အဝေးကွင်းမှာလည်းကစားပုံ အားနည်းတတ်တယ်။ သရေ ရလဒ်ထွက်ပေါ်လာနိုင်တယ်။

တိုရီနို - ဖီယိုရင်တီနာ နံနက် ၁း၁၅ (၃၁-၈-၁၅)

ပြီးခဲ့တဲ့စီးရီးအေပြိုင်ပွဲမှာ ဒီနှစ်သင်းဆုံတွေ့ခဲ့တဲ့နှစ်ပွဲစလုံး တစ်ဂိုးစီသရေရလဒ်တွေသာ ထွက်ပေါ်ခဲ့တယ်။ လက်ရှိအချိန်မှာလည်း နှစ်သင်းစလုံးရဲ့ ခြေစွမ်းပိုင်းကောင်းမွန်နေတာမို့ အကြိတ်အနယ်ရှိ တဲ့ပွဲတစ်ပွဲဖြစ်လာမှာပါ။ ဒါပေမယ့် တိုရီနိုဟာ ကိုပါအီတာလီယာဖလားပွဲမှာစီးရီးဘီကလပ်ပက်စ်ကာရာကိုဂိုးပြတ်နိုင်ပွဲ ရခဲ့တယ်ဆို ပေမယ့်ခြေစွမ်းပိုင်းအရအသာစီးမရခဲ့တာကို သတိပြုရမယ်။ ဖီယိုရင်တီနာကနည်းပြအပြောင်းအလဲပြုလုပ်ထားပေမယ့် ခြေစွမ်းပိုင်းကောင်း မွန်ပြီးဂိုးသွင်းခြေလည်းရနေတယ်။ ဖီယိုရင်တီနာကပ်နိုင်မှာပါ။

အူဒီးနီးစ် - ပါလာမို နံနက် ၁း၁၅ (၃၁-၈-၁၅)

အူဒီးနီးစ်ဟာနည်းပြအပြောင်းအလဲပြုလုပ်ထားပြီး လက်ရှိခြေ စွမ်းလည်းမဆိုးတာမို့ အိမ်ကွင်းမှာ ပါလာမိုကိုဖိအားပေးနိုင်ဖို့အား စိုက်လာမှာပါ။ ဒါပေမယ့် ပါလာမိုကလည်း အသင်းလိုက် ကစားအား ကောင်းမွန်မှုရှိတာမို့ အူဒီးနီးစ်အနေနဲ့ခြေစွမ်းအသာစီးနဲ့ကစား နိုင် ဖို့ခက်တယ်။ နှစ်သင်းစလုံးရဲ့ တိုက်စစ်တွေက လက်ရှိအချိန်မှာကစား ပုံမတည်ငြိမ်သေးဘူး။ သရေရလဒ်သာ ထွက်ပေါ်လာမယ်။

**ရှိုင်းမင်းမင်း**

# ဆိုင်ကယ်ခိုးမှုကျူးလွန်သူအား ထပ်မံစစ်ဆေးရာ ဆိုင်ကယ်ကိုးစီး သိမ်းဆည်းရမိ

**ရန်ကုန် သြဂုတ် ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့၌ သြဂုတ် ၂၀ ရက်က ဆိုင်ကယ်ခိုးမှုဖြင့် အရေးယူထားသူအား အခြားပြစ်မှုများထပ်မံကျူးလွန်ခြင်း ရှိမရှိ စစ်ဆေးရာမှ ခိုးမှုများ ထပ်မံဖော်ထုတ်နိုင်ခဲ့သည်။



သြဂုတ် ၁၂ ရက် ညနေ ၅ နာရီတွင် သန်လျင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ် အောင်နိုင်နှင့်အဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက် ဘုရင့်နောင်လမ်းမပေါ် အရောက် သက်နိုင်ဦး(ခ)အောင်မြတ်မင်း(၁၇)နှစ် သဃ်န်းကျွန်းမြို့ နေသူအား CZI နက်ပြာရောင် ဆိုင်ကယ်နှင့်အတူ တွေ့ရှိ၍ စစ်မေးရာ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်း မရှိဘဲ မြို့နယ်အတွင်းရှိ နေအိမ်အတွင်းမှ ခိုးယူလာကြောင်း သိရသဖြင့် ဥပဒေအရ စစ်ဆေးဆောင်ရွက်ရန် သန်လျင်မြို့မရဲစခန်းက ပြစ်မှုပုဒ်မ ၃၈၀/၅၄ဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး ၎င်းအား ထပ်မံစစ်ဆေးခဲ့ရာ စည်သူ(၁၉)နှစ် အမှတ်(၈) ကမ်းနားလမ်း သဃ်န်းကျွန်းမြို့နယ်နေသူနှင့် မျိုးဟိန်း (၁၈)နှစ် ဒဂုံတောင်မြို့နယ်နေသူတို့နှင့်အတူ ဆိုင်ကယ်ခိုးမှုများကျူးလွန်ခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ပြစ်မှုကျူးလွန်သူများအား သွားရောက်ဖမ်းဆီး၍ ဆိုင်ကယ်ခိုးမှုများအား စစ်ဆေးဖော်ထုတ်ရာ စုစုပေါင်း ဆိုင်ကယ်ကိုးစီး သိမ်းဆည်းရမိသဖြင့် ဆက်လက်အရေးယူထားကြောင်း သိရသည်။

(၀၇၉)

# ကျောက်စည်အတွင်း ခေါင်းငုံ့ရေခပ်ရာမှ ပြုတ်ကျ၍ ရေနစ်သေဆုံး

**မကွေး သြဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်ချမ်းသာအုပ်စု ရန်အောင် (၁၅) လမ်းတွင် သြဂုတ် ၂၁ ရက် နံနက် ၁၁ နာရီခွဲခန့်က လူတစ်ဦး ကျောက်စည်အတွင်းကျပြီး ရေနစ်သေဆုံးကြောင်း သိရသည်။

သေဆုံးသူမှာ မကွေးမြို့ ရန်အောင်ရပ်ကွက်နေ သော်မင်းစိုး(၂၀)နှစ်ဖြစ်ပြီး ၎င်းသည် နေအိမ်တွင် တစ်ဦးတည်းရှိနေစဉ် နေအိမ်ဘေးရှိကျောက်စည်အတွင်း ခေါင်းငုံ့ရေခပ်ရာမှ ပြုတ်ကျရေနစ်သေဆုံးခြင်းဖြစ်ကြောင်း သိရပြီး ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် မကွေးမြို့နယ် နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

**နေပြည်တော် သြဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက်တွင် သြဂုတ် ၂၃ ရက်က ဆိုင်ကယ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၉ နာရီက အောင်ဆန်းလမ်းအတိုင်း ဟုမ္မလင်းမြို့နယ် နားမော်ကျေးရွာနေ တင်မျိုးထွန်း(၂၂)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ ဖြိုးပြည့်ကျော်(၂၃)နှစ်နှင့် ကိုကိုဇင်(၂၃)နှစ်တို့ လိုက်ပါလာသည့် KENBO-125 ဆိုင်ကယ်နှင့် ခိုပဲဝရပ်ကွက်နေ မသင်းသင်းဇော်(၃၃)နှစ် မောင်းနှင်ပြီး မဆွေဇင်ထွန်း(၃၅)နှစ်လိုက်ပါလာသော CZI-125 ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ရာ တင်မျိုးထွန်း၊ ဖြိုးပြည့်ကျော်၊ ကိုကိုဇင်၊ မသင်းသင်းဇော်နှင့် မဆွေဇင်ထွန်းတို့တွင် ဒဏ်ရာများအသီးသီး ရရှိခဲ့ပြီး တင်မျိုးထွန်းနှင့် မသင်းသင်းဇော်တို့နှစ်ဦးအား ဟုမ္မလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

# ရပ်ထားသောယာဉ်ပေါ်မှ လက်ဆွဲအိတ်ခိုးယူသူများအား အရေးယူ

**မန္တလေး သြဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲအုပ် ခင်မောင်ထွေးနှင့်အဖွဲ့သည် သြဂုတ်၂၃ ရက် ညနေ ၄ နာရီက အမှတ်(၆)နယ်မြေရဲစခန်းက ပြစ်မှုပုဒ်မ ၃၈၀/၅၄အမှုမှ ညီညီဇွဲ (၁၉)နှစ် (၈၇)လမ်းနှင့်(၈၈)လမ်းကြား အောင်မြေသာစံမြို့နယ်နှင့် တစ်ရပ်ကွက်တည်းနေ ဆန်းမင်းထွန်း(၁၈)နှစ်တို့အား အမှုကွင်းဆက်ဖော်ထုတ်ရာ ၎င်းတို့ နှစ်ဦးသည် ချမ်းအေးသာစံမြို့နယ်(၇၇)လမ်းနှင့် (၇၈) လမ်းကြား (၃၃)လမ်းပေါ် ဒိုင်းမွန်းပလာဇာအနီး ရပ်ထားသော ယာဉ်နောက်ခန်းအတွင်းမှ အနက်ရောင် လက်ဆွဲအိတ်အား ညီညီဇွဲက ခိုးယူပြီး အိတ်အတွင်းပါသည့်ငွေကျပ် ၁၀၅၀၀၀၀ နှင့် ရွှေလက်စွပ်နှစ်ကွင်းအား ယူဆောင်ပြီးအဆိုပါ အိတ်အား သိုးခြံဘူတာအနီး သံလမ်းဘေးတွင် ပစ်ချခဲ့သည်။

ခိုးယူခဲ့သောငွေဖြင့် (၅၉)လမ်းဆိုင်ကယ်အရောင်း ဆိုင်မှ ၄၆ယ/----- Toyomax-125 ဆိုင်ကယ်အား ငွေကျပ် ၁၀၃၀၀၀၀ ဖြင့် ဝယ်ယူပြီး ရက် ၂၀ ခန့်အကြာ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ဦးချစ်ပွေ့ထံ ငွေကျပ် ၆၀၀၀၀၀ဖြင့် ပြန်လည်ရောင်းချခဲ့ပြီး လက်စွပ်နှစ်ကွင်းအား စောထွန်းလွင်(၁၈)နှစ် (၁၉)လမ်း တာရိုးအနောက်ထိပ် နေသူအား ရောင်းချခိုင်းရာ စဥ့်ကူးမြို့နယ် ကျည်တောက် ပေါက်ရွာနေ သန်းနိုင်ထံ ငွေကျပ် ၆၀၀၀၀၀ ဖြင့် ရောင်းချပြီး ၎င်းတို့သုံးဦးအတူ သုံးစွဲခဲ့ကြောင်းသိရသဖြင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းပြီး ချမ်းအေးသာစံ မြို့နယ် မြို့မရဲစခန်းက ညီညီဇွဲ၊ ဆန်းမင်းထွန်း၊စောထွန်း လွင်တို့အား ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ခြောက်ဘီးယာဉ်တိမ်းမှောက်၍ ဒဏ်ရာများရရှိ

**နေပြည်တော် သြဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကန်ချောင်းကျေးရွာအနီး ကိုးပင်-သာဂရကားလမ်း မိုင်တိုင် အမှတ်(၆၈/၄)၌ သြဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာဂရမှ ကိုးပင်သို့ တောင်တွင်းကြီးမြို့နယ် အုန်းတော (၁)ရပ်ကွက်နေ ကျော်ကျော်ဆွေ(ခ)ပုကြီး(၄၈)နှစ် မောင်းနှင်ပြီး ဝါးများတင်ဆောင်လာသည့် NISSAN DISEL ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်း ကျော်ကျော်ဆွေ(ခ)ပုကြီး၊ ယာဉ်ပေါ် တွင် လိုက်ပါလာသည့် တောင်တွင်း ကြီးမြို့နယ် ရွာသာကျေးရွာနေ ရဲကိုနိုင်(၂၅)နှစ်နှင့် ဦးကျော်လွင်(၅၁)နှစ်တို့တွင် ဒဏ်ရာများ အသီးသီးရရှိ ခဲ့သဖြင့် ကျော်ကျော်ဆွေ(ခ)ပုကြီးအား ကိုးပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရ သည်။

(ကြေးမုံ)

# မူးယစ်ဆေးဝါးသိမ်းဆည်းရမိ

**ကော့သောင်း သြဂုတ် ၂၅**

ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် ကျောက်ဖျာ(၂)လမ်း လမ်းဘေး ထိုင်ခုံတွင် ထိုင်နေသူ အမျိုးသားထံမှ သြဂုတ်၂၂ ရက်က မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယင်းနေ့ ညနေပိုင်းက ကော့သောင်းမြို့ ရဲတပ်ဖွဲ့နှင့် နယ်ထိန်းအဖွဲ့မှ နယ်မြေအေးချမ်းသာယာရေးကင်းလှည့်စဉ် ဘုရင့်နောင်ရပ်ကွက် ကျောက်ဖျာ(၂)လမ်း လမ်းဘေးထိုင်ခုံတွင် ထိုင်နေသည့် မြထွန်းအား စစ်ဆေးရာ ၎င်းနှင့်အတူ စိတ်ကြွဆေးပြား ၁၈ ပြား၊ မူးယစ်ဆေးဝါးရောင်းချရငွေ ၂၅၀၀၀ အား သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါး အသုံးပြုသော ပလတ်စတစ်ဘူးနှစ်ဘူး၊ ဆေးထိုးအပ်တပ်ထားသည့် ဂက်စ်မီးခြစ်တစ်လုံး၊ ခဲစက္ကူအပိုင်းငယ်များ၊ ဆေးထည့်ရာတွင် အသုံးပြုသော ကပ်ခွာအိပ်ငယ်များနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## တံဆိပ်ခေါင်းခွန်ထမ်းဆောင်ကြရန် အသိပေးနှိုးဆော်ချက်

၁။ မိဘပြည်သူများအနေဖြင့် အစိုးရဌာနများနှင့်လည်းကောင်း၊ ပုဂ္ဂလိက အချင်းချင်းအကြားတွင်လည်းကောင်း တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများကို ချုပ်ဆိုရာတွင် စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ ချုပ်ဆိုသည့်အခါ၌ ဖြစ်စေ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဟု မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေတွင် ပြဋ္ဌာန်းပါရှိပါသည်။

၂။ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းပေါ်တွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်းမရှိလျှင် အဆိုပါစာချုပ်စာတမ်းကို သက်သေခံအဖြစ် လက်ခံခြင်း၊ မှတ်ပုံတင်ပေးခြင်း၊ မှန်ကန်ကြောင်း အသိအမှတ်ပြုသက်သေခံလက်မှတ်ရေးထိုးပေးခြင်း စသည်တို့ကို သက်ဆိုင်ရာဌာနတို့က ဆောင်ရွက်ပေးမည်မဟုတ်ပါ။

၃။ စာချုပ်စာတမ်းတစ်စုံတစ်ရာပေါ်တွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်မထားခြင်း သို့မဟုတ် ထိုက်သင့်သည့် တံဆိပ်ခေါင်းပမာဏ အပြည့်အဝထမ်းဆောင်ထားမှု မရှိခြင်းကို စိစစ်တွေ့ရှိရလျှင် ထပ်မံထမ်းဆောင်ရမည့်တံဆိပ်ခေါင်းခွန်ပမာဏအပြင် ယင်း၏ ၁၀ ဆနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ်ပေးဆောင်ပြီးမှသာ ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို မည်သူကပေးဆောင်ရမည်၊ မည်သည့်စာချုပ်စာတမ်းအမျိုးအစားအတွက် တံဆိပ်ခေါင်းခွန် မည်မျှထမ်းဆောင်ရမည်တို့ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ အင်တာနက်စာမျက်နှာ www.irdmyanmar.gov.mm တွင်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီးတွင်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ သို့ဖြစ်ပါ၍ မိမိတို့၏ စာချုပ်စာတမ်းများကို ဥပဒေနှင့်အညီ သက်သေခံခိုင်မာစေရေးအတွက် စာချုပ်စာတမ်းများပေါ်တွင် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် အပြည့်အဝ ထမ်းဆောင်စေရေး အလေးထားလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

RUBY ကားစီးလိုးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊၃၃၊၂၄၊၁၈၊၁၄၊၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လစျုပ်ကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

7Stars
09.789107733, 09.780080052, 09421052736, 09.799860155

ပေ ၄၀×ပေ ၆၀ မြေကွက်များ ရောင်းရန်ရှိသည်
နေပြည်တော်၊ အမြန်လမ်း ရန်ကုန်အထွက် မိုင်တိုင်(၇)မိုင်(၆)ဖာလုံ၊ မယ်ဇလီကုန်းကျေးရွာ၊ ရွာမြေအမျိုးအစား၊ တစ်ကွက်လျှင်သိန်း(၅၀)၊ ရေ၊ မီး၊ ကွန်ကရစ် လမ်းအပါအဝင်၊ ကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ဝယ်ယူသူအား (၃၅)သိန်းဖြင့် ရောင်းချပေးပါမည်။
ဖုန်း-၀၉-၉၇၆၉၂၃၂၈၁၊ ၀၉-၅၇၁၃၀၁၄

## မူးယစ်ကင်းစင် အောင်ပွဲဆင်

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်တပ်ကုန်း)ရှိ လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်တပ်ကုန်း)ရှိ အောက်ဖော်ပြပါ လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) Studio Complex ရှိ လေအေးပေးစက်များ
(ခ) Radio Transmitter Complex-1 ရှိ လေအေးပေးစက်များ
(ဂ) Radio Transmitter Complex-2 ရှိ လေအေးပေးစက်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၈-၂၀၁၅ရက်မှ ၁၆-၉-၂၀၁၅ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၉-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်တင်သွင်းလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၀**

# ဆုတောင်းပြည့်၊ ဆုတောင်းရဘုရားဗုဒ္ဓပူဇနိယပွဲတော်နှင့် တောင်ပြုံးမင်းနှစ်ပါးပွဲတော် စည်ကား

**မတ္တရာ ဩဂုတ် ၂၅**

နှစ်စဉ် ဝါခေါင်လဆန်း ၇ ရက်မှ ဝါခေါင်လပြည့်နေ့အထိ ကျင်းပမြဲဖြစ်သော တောင်ပြုံးပွဲတော်သည် ဩဂုတ် ၂၃ ရက် ဝါခေါင်လဆန်း ၈ ရက် ဥပုသ်ရက်နှင့် တနင်္ဂနွေရုံးပိတ်ရက် တိုက်ဆိုင်ခဲ့သောကြောင့် ဘုရားဖူးဧည့်သည်များ၊ တောင်ပြုံးမင်းနှစ်ပါး ပန်းဆက်သူများဖြင့် စည်ကားလျက်ရှိသည်။

တောင်ပြုံးပွဲတော်သို့လာရောက်သူများသည် ယခင်က မီးရထားကိုသာအများဆုံး အသုံးပြုပြီး လာရောက်ကြသည့်အတွက် မတ္တရာဘူတာနှင့် သူရဲဈေးဘူတာ အသွားအပြန် ရထားအားလုံးမှာ ခရီးသည်များပြည့်လျှံနေခဲ့ပြီး ယခုအခါ ဆိုင်ကယ်နှင့်ကားများ ပေါများလာသည့်အတွက် မီးရထားအသုံးပြုသူ နည်းပါးလာသည်ကို သိရသည်။

ယင်းသို့ ကားများ၊ ဆိုင်ကယ်များကို အသုံးများလာခြင်းကြောင့် မန္တလေး-မိုးကုတ်ကားလမ်းရှိ တောင်ပြုံးလမ်းခွဲအနီးနှင့် တောင်ပြုံးလမ်းတစ်လျှောက်တွင် ကားများပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

တောင်ပြုံးဆုတောင်းပြည့်နှင့်ဆုတောင်းရမြတ်စွာဘုရားတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသကဲ့သို့ တောင်ပြုံးမင်းနှစ်ပါးနန်းသို့ သွားရာလမ်းတစ်လျှောက်တွင်လည်း ဘောင်းတော်ရောင်းဆိုင်များ၊ ပန်းဆိုင်များတွင် ဈေးဝယ်သူများဖြင့် စည်ကားနေပြီး မင်းနှစ်ပါးနတ်နန်းတွင်လည်း ပန်းဆက်သူများ၊ ဘောင်းတော်ဆက်သူများ၊ ကန်တော့ပွဲထိုးသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

တောင်ပြုံးပွဲတော်သို့လာရောက်သူများမှာ စည်းကားလျက်ရှိပြီး လာရောက်သူများက ဆုတောင်းပြည့်ဘုရားနှင့် ဆုတောင်းရဘုရား အလှူခံဌာနနှင့် အလှူခံပုံးများသို့ လှူဒါန်းထားမှုမှာ ဩဂုတ် ၂၃ ရက်အထိ ငွေကျပ် ၁၅၆၃၀၇၅၀ အလှူခံရရှိပြီးဖြစ်ကြောင်း တောင်ပြုံးပွဲတော် ဘဏ္ဍာရေးကော်မတီမှ သိရသည်။



ပွဲတော်သို့လာရောက်သူများ သွားလာရေးအဆင်ပြေရေးအတွက် ရွာပတ်လမ်း၊ ဈေးလမ်းတို့တွင် ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းများခင်းပေးခဲ့ပြီး အဆင့်မြင့်ရေလောင်းအိမ်သာများကိုလည်း ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။ ပွဲဈေးတန်းတစ်လျှောက်ရှိ ရိုးရာမုန့်များဖြစ်သည့် မုန့်ခေါပျဉ်၊ မလိုင်ကရေကရာဆိုင်များတွင် ရောင်းသူဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် ဆက်လက်တည်ဆောက်

**မိတ္ထီလာ ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် တည်ရှိသည့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်အဆောက်အအုံ ကိုယ်ထည်ပိုင်းနှင့် ဦးခေါင်းပိုင်းကို ပြီးစီးအောင် ဆက်လက်တည်ဆောက်လျက်ရှိကြောင်း ၎င်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်သွင်ကပြောသည်။

"ကျောင်းသားဦးရေကလည်း တစ်နှစ်ထက်တစ်နှစ် ပိုတိုးလာတယ်။ စတင်ဖွင့်ခါစအချိန်က ကျောင်းသားဦးရေ ၂၀ ကျော်လောက်ပဲ တက်ရောက်သူရှိပေမယ့် ဒီနေ့ကျောင်းသားဦးရေ ၆၀၀ လောက် တက်ရောက်သင်ကြားနေပြီဖြစ်လို့ စာသင်ခန်းတွေ မဖြစ်မနေလိုအပ်လာတယ်။ ဒါကြောင့် လက်ရှိကျောင်းအဆောက်အအုံအမြီးပိုင်းအပြင် ကိုယ်ထည်ပိုင်းနဲ့ ဦးခေါင်းပိုင်းကို ဆက်လက်တည်ဆောက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှာ လက်ရှိကျောင်းစာသင်ခန်း ၂၂ ခန်း၊ လက်တွေ့စမ်းသပ်လေ့လာခန်း ရှစ်ခန်း စုစုပေါင်းအခန်း ၃၀ ခန့်ပဲရှိတာမို့ စာသင်ခန်းနဲ့ အခြားလက်တွေ့လေ့လာခန်းများ ထပ်မံလိုအပ်နေတာဖြစ်ပါတယ်" ဟု ပါမောက္ခချုပ် ဒေါက်တာကြည်သွင်ကပြောသည်။

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်အဆောက်အအုံမှာ ခရီးသည်တင်လေယာဉ်ပုံစံဖြစ်ပြီး အမြီးပိုင်းနှင့် နောက်တောင်ပံနှစ်ဘက် (ပင်မဆောင်) အား ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ACE ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ကာ ကိုယ်ထည်ပိုင်းနှင့် ဦးခေါင်းပိုင်း (ရှေ့တောင်ပံနှစ်ဖက်မပါ) အား Civil Tech ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။ ကျန်ရှိနေသေးသည့် ရှေ့တောင်ပံနှစ်ဖက်အား ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# လမ်းနယ်ကျူး အမိုး၊ အဖီ၊ အစွယ်များ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တွင် ဖယ်ရှားရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၅**

လမ်းနယ်နိမိတ်ကိုကျူး၍ အမိုး၊ အဖီ၊ အစွယ်များဖြင့် တည်ခင်းရောင်းချသော ဈေးသည်များကြောင့် လမ်းနယ်နိမိတ်ကျဉ်းမြောင်းပြီး လမ်းအသုံးပြုသူအများပြည်သူတို့ စိတ်အနှောင့်အယှက်ဖြစ်ပေါ်စေသောကြောင့် ယင်းအမိုး၊ အဖီ၊ အစွယ်များအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေကြောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မန္တလေးလမ်းရှိ လမ်းနယ်ကျူးအမိုး၊ အဖီ၊ အစွယ်များ ဖယ်ရှားရှင်းလင်းမှုလုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်က ဩဂုတ် ၂၃ ရက်တွင် ပြောကြားခဲ့သည်။

"လမ်းပေါ်က အမိုး၊ အဖီ၊ အစွယ်တွေကို ဖယ်ရှားပေးဖို့ ကြိုတင်အသိပေးထားပြီးပါပြီ။ လိုက်နာမှုမရှိရင်တော့ ဖယ်ရှားရှင်းလင်းမှာပါ" ဟု ၎င်းက ပြောသည်။ အဆိုပါလုပ်ငန်းခွင်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မန္တလေးလမ်းသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၉) ရပ်ကွက်နှင့် (၃၀)ရပ်ကွက်နယ်နိမိတ်ကို ပိုင်းခြားဖောက်လုပ်ထားသော လမ်းမကြီးဖြစ်သည်။ အထူးသဖြင့် မန္တလေးလမ်း ပျံကျဈေးသည် ညနေပိုင်းဈေးဖြစ်သည်။ **မောင်သုည**

# ရေဝင်နစ်မြုပ်ဒေသတွင် ရေကန်များအားကလိုရင်းဆေးခတ်

**ငါးသိုင်းချောင်း ဩဂုတ် ၂၅**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် ဩဂုတ် ၂၂ ရက်က ၂၆ ဒသမ ၇၀ ပေ စိုးရိမ်ရေမှတ်အောက် ဆက်လက်ကျဆင်းနေပြီး ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်ကျေးရွာများဖြစ်သည့် ငဝန်ရပ်ကွက်၊ ရှေ့ဆောင်ရပ်ကွက်၊ ဇီးကုန်းပိုင်းနှင့် မြို့သစ်ရပ်ကွက်၊ ရိုးကြီးလမ်းတို့ရှိ ရေတွင်း၊ ရေကန်၊ ရေတိုကင်များအား သက်ဆိုင်ရာကျန်းမာရေးဌာနဝန်ထမ်းများက ကလိုရင်းဆေးခတ်ခြင်းနှင့် စစ်ဆေးသန့်ရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ကမ်းဘေးတစ်လျှောက် ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်၊ ကျေးရွာများရှိ အ.မ.ကကျောင်းများတွင်လည်း ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဆရာဖြစ်သင်တန်းဖွင့်

**ကော့သောင်း ဩဂုတ် ၂၅**

ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်နှင့် ဆရာတော်သံဃာတော်ကြီးများ၊ ကော့သောင်းတပ်နယ် စစ်ဗျူဟာအဖွဲ့မှူး၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖ အလှူရှင်များ၊ ဆရာဖြစ်သင်တန်းတက်ရောက်မည့် သင်တန်းသားရဟန်းသံဃာနှင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တက်ရောက်လာသူများ၊ ဆရာတော်သံဃာတော်ကြီးများက ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဆရာဖြစ်သင်တန်းပို့ချမည့် ရည်ရွယ်ချက်၊ အစီအစဉ်များနှင့်စပ်လျဉ်း၍ ဩဝါဒကထာအသီးသီး မြွက်ကြားပြီး တက်ရောက်လာကြသည့် ရပ်မိရပ်ဖများမှ သင်တန်းဖြစ်မြောက်ရေး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်းကျောင်းများအား ကော့သောင်းမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းတည်ထောင် ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ ကျောင်းသူ၊ ကျောင်းသားများအား ဗုဒ္ဓသာသနာတော်နှင့် ဗုဒ္ဓဓမ္မစာပေများအား အခြေခံကျကျ သိရှိနားလည်လာကြ၍ သာသနာတော်အရှည်တည့်တံ့ပြန့်ပွားလာရေး၊ လိမ္မာယဉ်ကျေးသည့် အနာဂတ်သာသနာတော်အား စောင့်ထိန်းမည့် မျိုးဆက်သစ်များ ထွန်းတောက်လာရေး၊ ဆင့်ပွားသင်ကြားပို့ချပေးမည့် သင်တန်းဆရာများမွေးထုတ်ပေးနိုင်ရန် ရက်သတ္တပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်းပြန်/ဆက်)**

# နိုင်ငံကျော်ကျောက်ဆည်မြို့၏ ကျောက်ဆည်အလှဆင်ရုပ်များပြုလုပ်ခြင်း ပထမအကြိမ် သင်တန်းဖွင့်

**ကျောက်ဆည် ဩဂုတ် ၂၅**

ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆင်းရဲမှုလျှော့ချနိုင်ရေး အသက်မွေးဝမ်းကျောင်း အထောက်အကူဖြစ်စေနိုင်ရန်အတွက် နိုင်ငံကျော်ကျောက်ဆည်မြို့၏ အထင်ကရဆင်ကို အစွဲပြုကာ ပြုလုပ်ရောင်းချသည့် အမှတ်တရအလှဆင်ရုပ်များ ပြုလုပ်တတ်ရေးသင်တန်းကို ဩဂုတ် ၂၃ ရက်က ပတ္တာကျေးရွာဓမ္မာရုံတွင် နှစ်ရက်ကြာ သင်တန်းဖွင့်လှစ်ကာ သင်ကြားပေးကြောင်း သိရသည်။



ကျောက်ဆည်မြို့နယ်၏ အထင်ကရဆင် အထိမ်းအမှတ် အမှတ်တရဆင်ရုပ်များကို ယခင်နှစ်များက ဆင်ပွဲတော်ကျင်းပသည့် သီတင်းကျွတ်ကာလတွင် ဝယ်လိုအားကောင်းသော်လည်း ယခုနောက်ပိုင်း လေးနှစ်ခန့်မှစတင်ကာ နိုင်ငံအတွင်း ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာခြင်းနှင့် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဆင်များဖြင့် ဧည့်ခံဖျော်ဖြေခဲ့ခြင်းကြောင့် တစ်နှစ်ပတ်လုံး အမှတ်တရဆင်ရုပ်များ ရောင်းကောင်းလျက်ရှိကြောင်း သိရသည်။

အမှတ်တရ အလှဆင်ရုပ်များပြုလုပ်ရန်အတွက် ဆင်ရုပ်ပြုလုပ်ရန် ပုံစံ(မို) သာ လိုအပ်ပြီး အသုံးမပြုတော့သည့် သတင်းစာစက္ကူ၊ ဂျပ်စက္ကူအဟောင်းများကို ရေစိမ်ကာ ပုံစံပေါ်သို့ ကော်ဖြင့် အထပ်ထပ်ကပ်ရပြီး မိမိပြုလုပ်လိုသော အထူသို့ရောက်သောအခါ နေဖြင့် အခြောက်လှမ်းကာ ဆင်ရုပ်အကြမ်းထည်ပြီးပါက အလှဆင်ရန်အတွက် ဘော်ကြယ်ထိုးတက်သူများထံသို့ အပ်နှံကာ အလှခြယ်ရောင်းချကြသည်။

အမှတ်တရဆင်ရုပ်များ ဝယ်လိုအားများလာခြင်းကြောင်း ရောင်းချသောသူများသည် ဆင်ရုပ်ပြုလုပ်တတ်သောသူများအား တစ်နှစ်ပတ်လုံးကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မည်သူ့ကိုမျှပြုလုပ်မပေးရန် စာချုပ်ကဲ့သို့ နှုတ်ကတိဖြင့်ပင် ဆောင်ရွက်နေကြရကြောင်း သိရသည်။

အမှတ်တရဆင်ရုပ်များ ပြုလုပ်ရောင်းချသူများသည် နေရိပ်မှမထွက်ရဘဲ အရိပ်ထဲမှာပင် လက်မှုပညာဖြင့် ဝင်ငွေကောင်းလျက်ရှိပြီး အမှတ်တရ အလှဆင်ရုပ်များသည် အသေးဆုံး ခြောက်လက်မခန့်မှ အကြီးဆုံးနှစ်ပေခန့်အထိရှိပြီး ကျပ်ထောင်ဂဏန်းမှ သောင်းဂဏန်းအထိရှိကြောင်း အဆိုပါ အလှဆင်ရုပ်ရောင်းချသည့် ဆိုင်ရှင်များကပြောသည်။

"ကျွန်တော်တို့ ကျောက်ဆည်မြို့ရဲ့ အထင်ကရ အမှတ်တရ အလှဆင်ရုပ်တွေ ဒီဘက်နှစ်ပိုင်းမှာ တော်တော်ရောင်းကောင်းလာတယ်။ လုပ်တဲ့သူတွေကလည်း နဂိုလုပ်တတ်တဲ့သူတွေပဲရှိတာဆိုတော့ တစ်ခါတလေ ပစ္စည်းတောင်ပြတ်တယ်။ သင်ပေးတဲ့ သင်တန်းလည်းမရှိဘူးလေ။ ဒါကြောင့် ဈေးကွက်တစ်ခုလိုဖြစ်လာတဲ့အတွက် ဒီသင်တန်းကို ဖွင့်လှစ်တာပါ။ ဆင်ရုပ်လုပ်တတ်ရင် နေ့စဉ်ဝင်ငွေကတော့ ရှိနေမှာပါ။ ကိုယ့်စားဝတ်နေရေးအတွက် ပူစရာမလိုတော့ဘူး" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မိုးက ပြောသည်။

ကျောက်ဆည်မြို့နယ်တွင် အမှတ်တရ အလှဆင်ရုပ်ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသော်လည်း ဆင်ရုပ်ပြုလုပ်ခြင်းကို သင်ကြားပြသသည့် သင်တန်းများမရှိဘဲ ယခုဖွင့်လှစ်သည့် သင်တန်းသည် ပထမဆုံးဖွင့်လှစ်ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးလက်လူငယ်များ တက်ရောက်လျက်ရှိကြောင်းသိရသည်။

သင်တန်းကိုလည်း ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် လေးကြိမ်ခန့် ဖွင့်လှစ်မည်ဖြစ်ပြီး တစ်ကြိမ် လျှင် အနည်းဆုံး သင်တန်းသား ၂၀ အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဦးဇော်မိုးက ဆက်လက်ပြောသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ဖတ်စရာ




# ကြက်သွန်ဖြူ အသုံးဝင်ပုံ

**à ဖိုးကျော်(မင်းဘူး)တိုင်းရင်းဆေး**

ရှေးအခါက ရသေ့၊ ရဟန်းအပေါင်းတို့သည် ကြက်သွန်ဖြူကို အမြတ်ဆုံးသောရသာရနဆေးအဖြစ် နည်းအမျိုးမျိုးဖြင့် သုံးစွဲခဲ့ကြ၏။ အာယုဗ္ဗေဒဆေးအဖြစ် နည်းမျိုးမျိုးနှင့် ရှေးဆရာကြီးတို့သည် ကြက်သွန်ဖြူ၏ ဂုဏ်သတ္တိကို အမျိုးမျိုးရေးသားခဲ့ကြပါသည်။ အချို့ဆရာတို့သည် ကြက်သွန်နီထက် ကြက်သွန်ဖြူက ဂုဏ်သတ္တိသာလွန်သည်ဟု ဆိုကြသည်။

ကြက်သွန်ဖြူသည် သွေးကိုသန့်စေ၏၊ ပိုးသေ၏၊ လေသက်၏၊ ဖျားနာ၊ အရေပြားရောဂါကို ပျောက်စေ၏၊ ချွေးထွက်ခြင်း၊ သုတ်ပွားခြင်း ဖြစ်စေ၏၊ ဆီးဝမ်းကိုရှင်စေ၏၊ ကာမကိုအားပေး၏၊ မျက်စိကိုအကျိုးပြု၏၊ အသက်ရှည်၏။

သွေးတိုးရောဂါကို အိန္ဒိယနိုင်ငံ၏ သူရဲကောင်းကြီး မဟတ္တမဂန္ဒီကြီးက မိမိ၏သွေးတိုးရောဂါသည် ကြက်သွန်ဖြူကို နေ့စဉ်စားခြင်းဖြင့် ပျောက်ကင်းရသည်ဟု ဆိုထား၏။ ချောင်းဆိုးရောဂါသည် ကြက်သွန်ဖြူကို နာတာရှည်ရောဂါ၊ ချောင်းဆိုးရောဂါအတွက် အရည်ပြု၍တိုက်ပါ၊ ကျွေးပါ၊ အလွန်ထင်ရှားသော အိမ်သုံးဆေးဖြစ်သည်။ လေရောဂါသည် ကြက်သွန်ဖြူကို နွမ်းဆီနှင့်စိမ်၍ ဆားအနည်းငယ်ထည့်ပြီး ထမင်းမစားမီ စားပါ။ နာတာရှည်ရောဂါပျောက်၏။

ကလေးလေဆန်နာရောဂါကို ကလေးများ၏ လေဆန်ရောဂါအတွက် ကြက်သွန်ဖြူတစ်လုံးကို မီးဖုတ်၍ကျွေးရ၏။ ကြက်ညှာချောင်းဆိုးကို ကြက်သွန်ဖြူကိုထုထောင်း၍ နွမ်းဆီနှင့် ကျေအောင်နယ်ပြီး ရင်ဘက်နှင့် ကျောကိုလိမ်းကျံပေးပါ။ ခြေဖဝါးကို ၎င်းအတိုင်း ကြက်သွန်ဖြူထောင်း၍ နွမ်းဆီနှင့်နယ်ပြီး ပတ်တီးစည်းပေးထားပါ။ နံနက်မှခွာပါ၊ သို့မဟုတ် ကြက်သွန်ဖြူကို အရည်ညှစ်ပြီး ရေအနည်းငယ်နှင့် သကြားရောပြီး လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် တိုက်ပေးပါ။ လည်ပင်းကြီးရောဂါသည် ကြက်သွန်ဖြူဆီကို တစ်ကြိမ်လျှင် နှစ်စက်မျှ တစ်နေ့သုံးကြိမ် တိုက်ကျွေးပါ။ လည်ပင်းတွင်လိမ်းပေးပါ။

ခေါင်းကိုက်ရောဂါသည် ကြက်သွန်ဖြူကို ဆားနှင့်ရောပြီးသောက်ပါ။ ကြက်သွန်ဖြူကို ကြိတ်ပြီး နားထင်တွင် လိမ်းပေးပါ။ ကလေးချောင်းဆိုးရောဂါသည် ကြက်သွန်ဖြူကို အပ်နှင့်ထိုး၍ ပြာကျအောင် မီးဖုတ်၊ ပြာကိုအမှုန့်ပြု၍ ကလေးများ ချောင်းဆိုးရောဂါဖြစ်သောအခါ တိုက်ကြရသည်။ ပွေး၊ ဝဲ၊ ယားနာတို့သည် ကြက်သွန်ဖြူတစ်လုံးကို ဖင်မှလှီး၍ ထွက်လာသောအစေးနှင့် အနာကို မကြာခဏပွတ်ပေးပါ။ မုချပျောက်ကင်းပါ၏။

အဆုတ်ရောဂါကို ကြက်သွန်ဖြူတစ်လုံး တစ်နေ့တစ်ကြိမ် အရည်ညှစ်တိုက်ပါ၊ စားပါ။ ကြက်သွန်ဖြူကို ကြိတ်၍ ထွက်လာသောအဆီဖြင့် ရင်ဘက်ကိုလိမ်းပေးပြီး အဝတ်နှင့် ရင်ဘက်ကို ပတ်ထားပါ။ အရေပြားကွာခြင်းမရှိတော့ပါ ၎င်းအဆီ (အရည်)သည် အရေပြားမှ အတွင်းသို့ စိမ့်ဝင်ပြီး ပိုးများကိုသတ်နိုင်သော အစွမ်းသတ္တိရှိကြောင်း ရှေးဆရာကြီးမှ အဆိုရှိထားပါသည်။ အနာများသည် အရိုးထိအောင်စားတတ်သော အနာများပင်ဖြစ်ပါသည်။ အနာကို ရေနွေး (ဖန်ရည်)ဖြင့် ဆေးကြောပြီး ကြက်သွန်ဖြူကို ထုထောင်းအုံ၍ပတ်တီး စည်းပေးထားပါ။ ၂၄ နာရီကြာသောအခါ ပတ်တီးကိုဖြေ၍ အသစ်ထပ်မံ လိမ်းပေးပါ။ အနာတွင်ရှိသော ပိုးများကိုသတ်နိုင်သော သတ္တိရှိပါသည်။

အကြောအခြင်ကိုက်ခဲပါက ကြက်သွန်ဖြူကို အရည်ထုတ်၍ ပွတ်လိမ်းခြင်းဖြင့် ပျောက်ကင်း၏။ နားပြည်ယိုခြင်းကို နွမ်းဆီငါးကျပ်သားတွင် ကြက်သွန်ဖြူအနည်းအငယ်၊ လေးညှင်းနှစ်ပွင့်ခန့် ထည့်ပြုတ်၍ နားအတွင်း ပူနွေးနွေးထည့်ပေးပါ။ နားပြည်ယို၊ နားကိုက်၊ နားထိုင်း ပျောက်ကင်း၏။

ရာသီမှန်၍ ဒုက္ခရောက်သော် ကြက်သွန်ဖြူ စမုံနက်၊ ဆား၊ မန်ကျည်းသီးမှည့်၊ ထန်းလျက်ငါးကျပ်သားစီ၊မိဿလင်သုံးကျပ်သား ပေါင်းစပ်၍ကြိတ် (ရာသီဆိတ်သော်၊ ကြောက်ထိတ်မလန့်၊ ဆီးသီးခန့်လောက်စားသုံးမြောက်က ပျောက်ရဧကန် မလွဲမှန်၏။) အနာဝင်သော် ကြက်သွန်ဖြူဥတစ်လုံးနှင့်ငရုတ်ကောင်းခုနစ်စေ့ကို ကြိတ်၍အုံပါ။ ဒူလာ၊ မီးယပ်ပျောက်ဆေးကြက်သွန်ဖြူဥတစ်လုံးကို ဓားနှင့် အဖျားဘက်ကလှီးပြီး အခေါင်းလုပ်၊ဘိန်းခြောက်ရွေးသားထည့်၊ မီးကင်၊ မြေသင်းခဲကို အရည်ဖျော်အရည်ကြည်ရအောင်ခေတ္တထား၊ ၎င်းရေကြည်ဖြင့်ကြက်သွန်ဖြူမီးကင်ကို ကြိတ်၍ပဲနောက်စေ့ခန့်လုံး၍ထား ရောဂါရှင်ကို ချင့်ချိန်တိုက်ပါ။ တိုက်သည့်အခါတွင် မြေသင်းခဲ (မြေကြီးကိုမီးရဲ အောင်ဖုတ်ထားသောမြေ) အရည်နှင့်ပင်တိုက်ရမည်။ဝဲရောဂါ ပျောက်ကင်းချင်ပါက ကြက်သွန်ဖြူကိုထောင်းပြီး အုန်းဆီနှင့်လိမ်းပေးပါ။ ။

## ရေများပြန်လည်ကျဆင်းနေသော်လည်း လယ်စိုက်ဧကများ ထိခိုက်မှုများနိုင်

**ကျုံပျော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဩဂုတ် ၅ ရက်မှစတင်၍ ဒါကချောင်းရေနှင့် မြစ်ရေများတိုးဝင်မှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ပြီး ယခုအခါ ရေများတဖြည်းဖြည်း ပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

ကျေးရွာတစ်ခုလုံး ရေဝင်ရောက်ခြင်းခံခဲ့ရသော ထိန်တပင်ကျေးရွာတွင် နေထိုင်သူတစ်ဦးက "ရေက နည်းနည်းချင်း နေ့စဉ်ပြန်ကျနေပါတယ်။ ဩဂုတ် ၂၁ ရက်အထိဆိုရင် စုစုပေါင်းသုံးပေလောက် ပြန်ကျပါတယ်။

'နေအိမ်အတော်များများမှာ ဆင့်ထိုးထားတာတွေဖြုတ်ပြီး ကြမ်းခင်းတွေမှာ ပြန်နေလို့ ရပါ-ပြီ။ အနိမ့်ပိုင်းကျတဲ့ အိမ်အနည်းငယ်မှာတော့ ကြမ်းခင်းတွေ ရေဝင်ရောက်မှုရှိနေပါသေးတယ်" ဟု ပြောသည်။

ရေကျဆင်းလျက်ရှိသော်လည်း ချောင်းအနီးနှင့် အနိမ့်ပိုင်းကျေးရွာများရှိ နေအိမ်များမှာ ရေဝင်ရောက်မှုရှိသေးသည့်အတွက် နေထိုင်ရန်မဖြစ်နိုင်သေးသဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများတွင်ပင် ဆက်လက်နေထိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယခုနှစ် အဆိုပါမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် ရပ်ကွက်တစ်ခု၊ ကျေးရွာအုပ်စု ၂၈ စုမှ ကျေးရွာပေါင်း ၆၀ နှင့် လယ်ဧက ၈၀၀၀ ကျော် ရေဝင်ရောက်ခြင်းခံခဲ့ရပြီး နေအိမ်များ ထိခိုက်ပျက်စီးမှုမရှိသော်လည်း ရေကျနှေးမှုကြောင့် လယ်စိုက်ဧကများ ထိခိုက်ပျက်စီးမှုများနိုင်ကြောင်း ဒေသခံများကပြောသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## မကွေးတွင် ရေဘေးသင့်ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**မကွေး ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲကြီးကို ဩဂုတ် ၂၂ ရက် ည ၇ နာရီ ခွဲတွင် မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကြီးတွင် တေးသံရှင် ရဲသွင်၊ မာရဇ္ဇ၊ ဇော်ထက်ဟန်၊ ရင်ဂို၊ ဘိုဘို၊ ဘိုဖြူ၊ ဇော်ပိုင်၊ R ဇာနည်၊ ဖြိုးကြီး၊ ဝေလ၊ ဆိုးထက်၊ ချောစုခင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ စိုးပြည့်သဇင်၊ Jenny၊ လိမ္မော်သီး၊ ခိုင်ပွင့်အစရှိသော နာမည်ကျော်တေးသံရှင်များက မေတ္တာဖြင့် လာရောက်ကူညီ ဖျော်ဖြေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဂီတဖျော်ဖြေပွဲလက်မှတ်ဈေးနှုန်းများကို တစ်စောင်လျှင် ကျပ် ၇၀၀၀ နှင့် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(မင်းဘူး)**

## မြဝတီမြို့ရှိ ကျေးရွာ ၁၂ ရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**မြဝတီ ဩဂုတ် ၂၅**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများရရှိလာပြီး ဝင်ငွေတိုးပွားစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရန်၊ အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၁၂ ရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး ဦးနေဦး၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးငွေစိုးနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် တာဝန်ရှိသူများသည် ယခုလဒုတိယပတ်က အဆိုပါမြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ထီးချားရားကျေးရွာသို့ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ကျေးရွာဒေသခံများအား စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ကျေးရွာ ၁၂ ရွာကို တစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ မတည်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားဝင်ငွေတိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် လားဟူတိုင်းရင်းသားများ စုပေါင်းကောက်သစ်စားပွဲတော် ကျင်းပ

**မိုင်းဆတ် ဩဂုတ် ၂၅**

လားဟူတိုင်းရင်းသားများ စုပေါင်းကောက်သစ်စားပွဲတော်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်ကျေးရွာဒေသ ပူနားကိုကျေးရွာအုပ်စု၌ ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက လားဟူတိုင်းရင်းသားများ၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများနှင့်အညီ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း သိရသည်။



လားဟူတိုင်းရင်းသားများသည် ရာသီနှစ်တစ်နှစ်တာအား တိရစ္ဆာန်အကောင် ၁၂ ကောင်တို့ဖြင့် သတ်မှတ်ထားရှိရာ ယခင်နှစ် ၂၀၁၄ ခုနှစ် မြင်းနှစ်မှ ယခုနှစ် ၂၀၁၅ ခုနှစ် သိုးနှစ်သို့ကူးပြောင်းရောက်ရှိလာခဲ့ရာ တစ်နှစ်တာရာသီကာလအတွင်း ကျင်းပကြသည့် ပွဲတော်များထဲတွင် စုပေါင်းကောက်သစ်စားပွဲတော်ကို ရက်ကောင်းရွေးချယ်၍ သတ်မှတ်ထားရှိကြောင်း၊ ကောက်သစ်စားပွဲမတိုင်မီ လားဟူတိုင်းရင်းသားများသည် စုပေါင်းပြီး ဧပြီလတွင် ပေါင်းပင်များမီးရှို့ခြင်း၊ ထွန်းယက်ခြင်းများပြုလုပ်ပြီးနောက် တောင်ယာစပါးစိုက်ပျိုးကြကြောင်း သိရသည်။

မိမိတို့အထဲမှ အများဆုံးစိုက်ပျိုးသော တောင်ယာတွင် စုပေါင်းပြီး စပါးအထွက်တိုးကောင်းရန်အတွက် ဆုတောင်းပွဲများပြုလုပ်ပေးကြောင်း၊ စိုက်ပျိုးပြီး သုံးလတွင် စပါးအသစ်ပေါ်ချိန် ရိတ်သိမ်းကြပြီးနောက် ကောက်သစ်စားပွဲပြုလုပ်ရန် ဘာသာရေးအကြီးအကဲများ၊ ရွာသူကြီးများ၊ စိုက်ပျိုးတောင်သူများစုပေါင်းပြီး အစည်းအဝေးပြုလုပ်ကာ လားဟူရိုးရာပြက္ခဒိန်ကြည့်၍ ရက်သတ်မှတ်ကြသည်။

ရက်သတ်မှတ်ပြီးနောက် မိမိတို့တောင်ယာမှ စပါးများကိုကြိတ်ပြီး ဦးဦးဖျားဖျားထွက်ရှိသော ဆန်ကို မိမိတို့ကိုးကွယ်သည့် ဘုရားကျောင်းသို့ သွားရောက်လှူဒါန်းခြင်း၊ မိမိတို့ကိုးကွယ်သော ဘိုးဘွားစဉ်ဆက်က သေဆုံးသွားတဲ့ ဘိုးဘွားများကို ရည်စူးပြီးပူဇော်ခြင်းများ ပြုလုပ်ကြသည်။ ကျန်သောဆန်ကိုချက်ပြီး ကြီးစဉ်ငယ်လိုက် သက်ကြီးဝါကြီးပုဂ္ဂိုလ်တွေကို လူငယ်တွေက သွားရောက်လှူဒါန်းခြင်းနှင့် ရိုးရာလက်ဆေးမင်္ဂလာခံယူခြင်းဖြစ်သည်။ ပိုလျှံသောဆန်ကို ချက်ပြုတ်၍ ဧည့်သည်များကို ဖိတ်ကြားပြီး ကောက်သစ်မင်္ဂလာပွဲ ကျင်းပကြောင်း သိရသည်။

လားဟူတိုင်းရင်းသားတို့၏ အထိမ်းအမှတ်မှာ ဘူးပုလွေဖြစ်ပြီး ၎င်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစား၏ အရောင်ကို အမှီပြု၍ သံလွင်အရှေ့ခြမ်းတွင် အများဆုံးနေထိုင်သော လားဟူအနက်၊ လားဟူအနီ၊ လားဟူအဝါ(ဟူရှီး)၊ လားဟူအဖြူနှင့် လားဟူကျိုင်းရှီးဟူ၍ မျိုးနွယ်စုငါးစုမှ ပေါက်ဖွားကာ ယနေ့အထိ လားဟူမျိုးနွယ်စု ၂၀ ကျော်အထိ ရှိခဲ့သည်။

ပွဲတော်သို့ လားဟူတိုင်းရင်းသားရေးရာဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဒေသခံတိုင်းရင်းသားများ စုံလင်စွာတက်ရောက်ကြောင်း သိရသည်။ **မော်ကြီး(တြိဂံနယ်မြေ)**

# ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျော့ချရေးအစ စာသင်ကျောင်းက

ကြူကြူရွှေ(ပညာရေး)

လွန်ခဲ့သော ဆယ်စုနှစ်ကစပြီး ကမ္ဘာတစ်လွှား ဘေးအန္တရာယ်ကျရောက်မှု အကြိမ်နှုန်းနှင့် ပြင်းထန်မှုပိုမိုမြင့်တက်လာခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ အသက်အိုးအိမ်၊ ဥစ္စာများကြီးမားစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအပါအဝင် အာရှနှင့် ပစိဖိတ်ဒေသများသည် ပထဝီဝင်၊ စီးပွားရေး၊ လူမှုရေး အနေအထားအရ ဘေးအန္တရာယ်အများဆုံး ကြုံတွေ့ရသည့်ဒေသဖြစ်ပါသည်။ ကမ္ဘာ့လူအသေအပျောက်အများဆုံး ဘေးအန္တရာယ်များ၏ သုံးပုံတစ်ပုံသည် အဆိုပါဒေသများတွင် ဖြစ်ပွားခဲ့ပါသည်။

မိမိတို့မြန်မာနိုင်ငံသည် ဆိုင်ကလုန်း၊ မြေငလျင်၊ ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းဒီရေမြင့်တက်ခြင်း၊ မိုးခေါင်ခြင်း၊ ဆူနာမီရေလှိုင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့် မီး၊ မြေမြုပ်မိုင်း၊ ပဋိပက္ခအစရှိသော လူတို့ကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိသည်။ ရေဘေးမှာ ဖြစ်ပွားမှုအများဆုံး ဘေးအန္တရာယ်ဖြစ်ပါသည်။

ဘေးအန္တရာယ်အများစုသည် မမျှော်လင့်ဘဲ ဖြစ်တတ်ပါသည်။ ကြိုတင်ပြင်ဆင် ခြင်းဖြင့် ဆုံးရှုံးမှုများကို လျော့နည်း သက်သာစေပါသည်။ ကြိုတင်ပြင်ဆင်ရေးအတွက် တစ်ကျပ်ရင်းနှီးမြှုပ်နှံပါက ပြန်လည်ထူထောင်ရာတွင် ကုန်ကျမည့် ခုနစ်ကျပ်ကို သက်သာစေသည်ဟု ဆိုပါသည်။ ထို့ကြောင့် ပညာရေးကဏ္ဍတွင် ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များ Disaster Risk Reduction-DRR ကို ပေါင်းစပ်ထည့်သွင်း ရန်လိုပါသည်။

ကလေးများသည် အိပ်စက်နားနေချိန်မှလွဲ၍ ကျန်အချိန်များ၏ ၅၀ရာခိုင်နှုန်းသည် ကျောင်းတွင် ရှိနေကြသည်။ ထို့ကြောင့် ကျောင်းများဘေးကင်းလုံခြုံပြီး ခုခံနိုင်စွမ်းရှိသည့် ကျောင်းများဖြစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ၂၀၀၆-၂၀၀၇တွင် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာသဘာဝဘေး လျော့ချရေးနည်းဗျူဟာအဖွဲ့ (UN- ISDR) က ဘေးအန္တရာယ် ဖြစ်နိုင်ခြေလျော့ချရေး အစ စာသင်ကျောင်းက ( Disaster Risk Reduction Begins at Schools ) ဟူသော ဆောင်ပုဒ်ကြွေးကြော်သံဖြင့် ဘေးကင်းလုံခြုံ၍ခုခံနိုင်စွမ်းရှိသည့် စာသင်ကျောင်းများ ဖြစ်ရေးအတွက် စည်းရုံးလှုံ့ဆော်ခဲ့ပါသည်။

**ရည်ရွယ်ချက်မှာ** -

- အခြေခံပညာမူလတန်း/အလယ်တန်း/အထက်တန်း အဆင့်သင်ရိုးထဲတွင် ဘေးအန္တရာယ် ဖြစ်နိုင်ခြေလျော့ချရေး ဗဟုသုတများထည့်သွင်းရန်
- ကျောင်းများကို ဘေးအန္တရာယ်လျော့ချရေး (DRR) အရင်းအမြစ်ဌာနများ ဖြစ်လာစေရန်
- ဘေးဒဏ်ခံနိုင်ရည်ရှိသော ကျောင်းပုံစံဒီဇိုင်းရေးဆွဲ သတ်မှတ်ခြင်း၊ ပြင်ဆင်ဆောက်လုပ်ခြင်းနှင့် ကျောင်းများခိုင်မာတောင့်တင်းမှုကို မြှင့်တင်ရန်ဖြစ်ပါသည်။

ကျောင်းသားလူငယ်လေးများသည် ဘေးအန္တရာယ် ခုခံနိုင်စွမ်း အနည်းဆုံး(The Most Vulnerable Persons) ဖြစ်ပါသည်။ သို့သော် ၎င်းတို့ကို ဘေးအန္တရာယ်လျော့ချရေး အစီအစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်ပေးပါက ၎င်းတို့ကိုယ်တိုင်နှင့် ရပ်ရွာလူ့အဖွဲ့အစည်း ဘေးအန္တရာယ်လျော့ချရေးနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ပါသည်။

DRR ကိုယ်စားလှယ် ကျောင်းသားလေးများသည် -

- ဘေးကင်းလုံခြုံမှုနှင့် ခုခံနိုင်စွမ်းတိုးတက်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်သူ နောက်မျိုးဆက်သစ်များဆီသို့ ဘေးအန္တရာယ်လျော့ချရေးအသိ လက်ဆင့်ကမ်းပေးနိုင်သူ၊
- ကျောင်းကရသည့် ဘေးအန္တရာယ် လျော့ချရေးအသိကို အိမ်ရှိလူကြီးမိဘနှင့် ရပ်ရွာလူ့အဖွဲ့အစည်းသို့ လက်ဆင့်ကမ်းပေးနိုင်သူ၊
- အခြားသက်တူ၊ ရွယ်တူကလေးများကို ဘေးအန္တရာယ်လျော့ချရေးအသိ လက်ဆင့်ကမ်းပေးနိုင်သူများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကျောင်းသားသူငယ်လေးများကို ဘေးအန္တရာယ်လျော့ချရေးအသိ ပညာပေးပါက မျိုးဆက်သုံးဆက်ကို ပညာပေးခြင်းဟု ယူဆနိုင်ပါသည်။

အင်္ဂလန်နိုင်ငံမှ ခုနစ်တန်းကျောင်းသူကလေး တီလီစမစ် (Tilly Smith) သည် မိဘများနှင့်အတူ ထိုင်းနိုင်ငံ၊ ဖူးခက်အပန်းဖြေစခန်းသို့ လည်ပတ်စဉ် ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမီဖြစ်စဉ်နှင့် ကြုံတွေ့ခဲ့ရာ ဆူနာမီအကြောင်းကို သူ၏ပထဝီဝင် ဆရာ သင်ကြားပေးလိုက်၍ ဆူနာမီ ဖြစ်ပွားတော့မည်ကိုသိရှိပြီး သူတို့မိသားစုနှင့် ကျန်လူ (၁၀၀) ခန့်သည် ဘေးကင်းလုံခြုံသောနေရာကို တိမ်းရှောင်နိုင်၍ အသက်ချမ်းသာရာရခဲ့သည်။

ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်သည်။ ပညာရေးနှင့် အသိပညာဗဟုသုတများသည် လူတို့၏ အသက်များကို ကယ်တင်နိုင်ပါသည်။ (Education and Knowledge have the Power to Save Lives) ဟု ဆိုရိုးအတိုင်း ပညာရေးကဏ္ဍတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျော့ချရေးအစီအစဉ် Disaster Risk Reduction -DRR တို့ကို ပေါင်းစပ်ထည့်သွင်းရန်လိုသည်။

ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (Unicef) နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး တွဲဖက်သင်ရိုးညွှန်းတမ်း၊ ဘဝတွက်တာကျွမ်းကျင်စရာ (Life Skill) တွင် ဘေးအန္တရာယ်လျော့ချရေး သင်ခန်းစာများကို ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့တွင် ထည့်သွင်းပြဌာန်းခဲ့ပါသည်။ ကျောင်းသင်ရိုးတွင် ယခုထက်ပိုမိုပြီး ထည့်သွင်း ပြဌာန်းရန် လိုပါသည်။ ထို့အပြင် ဘေးဒဏ်ခံရခြင်း၊ နေရာပြောင်းရွှေ့ခံရ ခြင်းတို့ကြောင့် စိတ်ထိခိုက်ခံစားနေရသော ကလေးများအတွက် လူမှုစိတ်ပိုင်း ကူညီပံ့ပိုးမှု (Psycho Social Support) ကို နာဂစ်ဒဏ်ခံမြို့နယ်များမှ ဆရာများကို သင်တန်းပို့ချပေးခဲ့ပါသည်။

နာဂစ်အလွန်တွင် ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) တို့ ပူးပေါင်းပြီး ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျော့ချရေး (DRR) ပညာပေးစာစဉ်များနှင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသော မြို့နယ် များမှဆရာများကို ဖိတ်ကြား၊ သင်ကြားပို့ချခဲ့ပါသည်။ (NGO)နှင့်(INGO) စသည့် လူမှုအဖွဲ့အစည်းများ ဖြစ်ကြသည့် မင်္ဂလာမြန်မာ၊ World Vision နှင့် Save The Children တို့ကလည်း မြို့နယ်အချို့တွင် တိုးချဲ့ပို့ချပေးခဲ့သည်။ ထို့ကြောင့် ဘေးအန္တရာယ်လျော့ချ ရေး (DRR) ပညာပေးရေး အစီအစဉ်ကို တစ်ပြည်လုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးရန်လိုပါသည်။ နောင်ရေရှည်အတွက် ဆရာအတတ်သင် ကျောင်းများနှင့် ပညာရေး တက္ကသိုလ်များတွင် ဘေးအန္တရာယ်လျော့ချရေး (DRR) ပညာပေး အစီအစဉ်များကို သင်ရိုးများတွင် ထည့်သွင်းသင်ကြား ပေးသင့်သည်။

ယခုအချိန် ဘက်စုံလွှမ်းခြုံသော အခြေခံပညာကဏ္ဍ ပြန်လည်သုံးသပ်ခြင်း Comprehensive Basic Euductaion Sector Review - CESR ပြုလုပ်နေချိန်ဖြစ်၍ အခွင့်ကောင်း၊ အခါကောင်းဖြစ်ပါသည်။ ကျောင်းသင်ရိုးတွင် ဘေးအန္တရာယ်ဖြစ်နိုင် ခြေလျော့ချရေးပညာပေး သင်ခန်းစာများကို ပိုမိုတိုးချဲ့ပြဌာန်းနိုင်ပါသည်။

ပညာရေးသည် လူ့အခွင့်အရေးဖြစ်ပါသည်။ သာမန်အချိန်မှာသာမက အရေးပေါ်ကာလတွင်လည်း ပညာသင်ကြားရေး ပြတ်တောက်မှုမရှိစေရန် အလွန်အရေးကြီးသည်။ အုပ်ချုပ်သူများ၊ ရပ်ရွာလူကြီးများ၊ ဆရာ၊ ဆရာမများသည် အပြည်ပြည်ဆိုင်ရာ ပညာ ရေးအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များကိုသိရှိပြီး အရေးပေါ်ကာလ စီမံချက် (ContingencyPlan)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဘေးကင်းလုံခြုံပြီး ခုခံနိုင်စွမ်းရှိသည့် ကျောင်းများဖြစ်လာစေရေးအတွက် ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ ဘေးအန္တရာယ်လျော့ချရေး စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းကာစီမံချက်ရေးဆွဲခြင်း၊ လအလိုက်လုပ်ငန်း ပြက္ခဒိန်ရေးဆွဲခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသည်။ အောက်တိုဘာ ၁၃ ရက်နေ့သည် ကမ္ဘာ့ဘေးအန္တရာယ်လျော့ချရေးနေ့ ဖြစ်ပါသည်။ ထိုနေ့ကျရောက်သည့် သီတင်းပတ်ကို ဘေးအန္တရာယ်လျော့ချရေး သီတင်းအပတ်အဖြစ် သတ်မှတ်ပြီး လှုပ်ရှားမှုများ ပြုလုပ်နိုင်ပါသည်။ တာဝန်ရှိသူများ လှည့်လည်ကြည့်ရှု အားပေးခြင်းဖြင့် မဖြစ်မနေ ဆောင်ရွက်ရန်တွန်းအား ပေးနိုင်ပါသည်။

ပညာရေးသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်ပါသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအတွက် ပညာရေး (Education For Sustatimable Development) ကို ကမ္ဘာနှင့်အဝန်း နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဘေးအန္တရာယ်များသည် ပညာရေးကို များစွာထိခိုက်ပြတ်တောက်စေပါသည်။ သို့ပါ၍ ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျော့ချရေး (DRR)ကို ပညာရေးကဏ္ဍတွင်ချိတ်ဆက် အကောင်အထည်ဖော်ရန် အရေးကြီးပါသည်။ သို့ပါ၍ "ဘေးအန္တရာယ်လျော့ချရေး အစ စာသင်ကျောင်းက" ဆိုသည့် ကြွေးကြော်သံဖြင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်း တင်ပြအပ်ပါသည်။

# လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**လားရှိုး ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် လုံခြုံရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မြန်ဆန်မှုရှိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ဘဏ်၊ ဈေး၊ ဟိုတယ်၊ ကားကြီးကွင်းများမှ လုံခြုံရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် မြို့မရဲစခန်းဝင်းအတွင်းရှိ ရဲသူရိန်ခန်းမ၌ ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ လုံခြုံရေးအသိပညာပေးဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးက အဖွင့်အမှာစကားပြောကြားရာတွင် လားရှိုးမြို့ လုံခြုံရေးကိုစဉ်ဆက်မပြတ် ဆောင်ရွက်နေကြောင်း၊ ပုဂ္ဂလိကဘဏ်များ၊ ဈေးများ၊ ဟိုတယ်များ၊ ကားကြီးကွင်းများသည် မသမာသူတို့၏ ပစ်မှတ်ဖြစ်လာနိုင်သည့် ယခင်ကသာဓကများလည်းရှိခဲ့ကြောင်း၊ ထို့ကြောင့် ယင်းအဖွဲ့အစည်းများမှ သက်ဆိုင်ရာမန်နေဂျာနှင့် လုံခြုံရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်ထိရောက်မှု ရှိစေရေးကိုရည်ရွယ်၍ ဤလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန့်ဇင်က လုံခြုံရေးအသိပညာများကို တက်ရောက်လာသူများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကာ ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံး၊ ရဲမှူး(ဦးစီး)ရဲမှူးမျိုးထွန်းဦးက ဆက်လက်ဆွေးနွေးခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း၊ ဖော်ပြပါ လုံခြုံရေးအသိပညာပေးဆွေးနွေးပွဲသို့ လားရှိုးမြို့ပေါ်ရှိ ဘဏ်များ၊ ဟိုတယ်များ၊ ဈေးများ၊ ကားကြီးကွင်းများမှ မန်နေဂျာနှင့်လုံခြုံရေးဝန်ထမ်းများ အင်အား ၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **စာဏီအောင်(လားရှိုး)**

# အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၅**

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များကို ကြီးကြပ်ကွပ်ကဲရေး ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများမှ ကျယ်ပြန့်ရှင်းလင်းစွာ သိရှိနိုင်ရန် အကြံဉာဏ်ကောင်းများ ပေးအပ်နိုင်ရန် နှီးနွှယ်ဆက်စပ်သော မိတ်ဖက်ဌာန/အဖွဲ့အစည်းများနှင့် ဟန်ချက်ညီပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များကို ရရှိသုံးစွဲနိုင်ရေးတို့အတွက် အဖွဲ့အစည်းပေါင်းစုံပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

၎င်းအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် နှီးနွှယ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ရန် စီစဉ်ထားရှိပြီး ကြီးကြပ်ကွပ်ကဲရေးနည်းလမ်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**



# ဆင်ပေါင်ဝဲမြို့နယ်ကျွန်းကျေးရွာရှိ ရေဝင်အိမ်ထောင်စုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၅**

ဆင်ပေါင်ဝဲမြို့နယ်တွင် ရေဘေးသင့်အိမ်ထောင် စုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်လွင်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် မြို့နယ်သွားဆရာဝန်၊ မြို့နယ် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် ဩဂုတ် ၁၄ ရက်က ကျွန်းကျေးရွာသို့ သွားရောက်ပြီး ပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၌သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အိမ်များရှိရေသိုလှောင်သုံးသည့် ကျောက်စဉ်၊ စဉ့်အိုး၊ များထဲသို့ အဘိတ်ဆေးခပ်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စက်ရေတွင်း၊ တုံကင်တွင်းတို့အား ကလိုရင်းဆေးခပ်ခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ၊ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ယုကယုမောင်ကိုလှမ်းမြင်သည်။ ယု၏ခြေလှမ်းမသိမသာလေးပျက်သွားသည်။ ယုကလှမ်းကြည့်သည်ကို မြင်သောအခါ ယုမောင်ကမျက်လွှာလေးချကာခေါင်းငုံ့ထား၏။

သက်ခိုင်က မသိမသာ ခေါင်းခါပြီး ယုမောင်ကို ကြည့်မိ၏။ ယုမောင်၏မျက်နှာမှာ ပြုံတော့မည့်မိုးကဲ့သို့ ညိုနေသည်။ ယုမောင်ဟန်လုပ်နေသည်မဟုတ်မှန်း သက်ခိုင်ကောင်းစွာသိသည်။ ယောကျ်ားချင်းပင်ချောပါသည်ဟု ဝန်ခံရသည့် ဇာတ်လိုက်ချော ချောသော ယုမောင်၏ မျက်နှာသည် ယုနှင့်ရင်ဆိုင်မိတိုင်းပြိုတော့မည့်မိုးကဲ့သို့ ဖြစ်သွားတတ်မှန်း သက်ခိုင်မြင်ဖူးလှပြီ။

ယုက သူ့ကားဆီ လျှောက်သွားရာမှ ယုမောင်သည် ကိုယ်ကိုလှည့်ကာ ယုသွားရာသို့ ပြန်ငေးကြည့်သည်။

ယု၏ အနက်ရောင်ဂူစလေကားကြီးထွက်ခွာသွားသောအခါ ယုမောင်သည်သက်ပြင်းချပြီးဆို၏။

"အင်း. . တစ်နေ့တာ ဝတ္တရားတော့ပြီးခဲ့ပြန်ပြီ အမေရေ. . ကဲ သက်ခိုင်ပြန်ကြစို့"

သက်ခိုင်သည် မည်သို့မျှ ဝေဖန်မှုမပေးဘဲ ယုမောင်နှင့် အတူနေရာမှ ခွာခဲ့၏။

သက်ခိုင်နှင့်ယုမောင်သည် ပြည်ကျောင်းဆောင်၌ တစ်ခန်းတည်းအတူနေကြ၏။ ယုမောင်က သက်ခိုင်ထက် အသက်နှစ်နှစ်ကြီး၍ အတန်းလည်းတစ်နှစ်ကြီးသည်။ ယုမောင်သည် နယူးကို့(စ်)ခေါ် စနစ်သစ် အင်ဂျင်နီယာသင်တန်းမှဒုတိယနှစ်ကျောင်းသားဖြစ်၏။ပြည်ကျောင်းဆောင်တွင် အင်ဂျင်နီယာ ကျောင်းသားများသာနေကြ၏။ သက်ခိုင်သည် ယခုနှစ်မှကောလိပ်ရောက်သူဖြစ်ပြီး ဘိုင်အိုလိုဂျီခေါ် ပါဏဗေဒကို ရူပဗေဒ၊ ဓာတုဗေဒတို့နှင့် တွဲယူ၏။ ဝိဇ္ဇာသိပ္ပံကျောင်းသားများသည် ဗဟိုကျောင်းဆောင်များ၌ နေရိုးဖြစ်သည်။ သို့ရာတွင် သူငယ်ချင်းကို ခင်တတ်သော သက်ခိုင်က ယုမောင်နှင့်အတူပြည်ကျောင်းဆောင်၌ လိုက်နေ၏။

အမှန်မှာ ပြည်အထက်တန်းကျောင်း၌ နေကြစဉ်က ယုမောင်၊ သက်ခိုင်နှင့်ယုတို့သည် ခင်မင်သောသူငယ်ချင်းများဖြစ်ခဲ့ကြ၏။ သုံးပွင့်ဆိုင်သူငယ်ချင်းဘဝသည် ယုမောင်က ယုကိုစာပေးမိသည်မှစ၍ပျက်ပြားသွားခဲ့ရ၏။ ပျက်လည်းပျက်ပြားထိုက်သည်ဟု သက်ခိုင်ကတော့ထင်သည်။ သူငယ်ချင်းချစ်၏ ဖြူစင်ခြင်းကို ကိလေသာနွံက ဝင်မဖျက်စီးသင့်ဟု ယုံကြည်ထားသည်။


ယု မျက်နှာကို မကြည့်ဝံ့ပါဆိုကာ ယုမောင်သည် ကျောင်းမှ ထွက်သွားသည်။ သက်ခိုင်နှင့်ယုတို့ကထိုနှစ်တွင် ကျောင်းထွက်လက်မှတ်ရစာမေးပွဲ(ကိုးတန်း) ကိုသာ ဖြေကြသော်လည်း ယုမောင်က တက္ကသိုလ်ဝင်စာမေးပွဲ(မက်ထရစ်)ကို အလွတ်ပညာသင်၍တိုက်ရိုက်ဝင်ဖြေကာ အောင်သွားသောကြောင့်တက္ကသိုလ်သို့ တစ်နှစ်စောရောက်နေခြင်းဖြစ်သည်။ပြည်ကျောင်း၌နေကြစဉ်က ယုမောင်၏ နာမည်မှာ တင်လတ်ဟုသာဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေစဉ်က ယုမောင်ဟု အမည်ပြောင်းလိုက်သောကြောင့် တင်လတ်သည် ယခု ယုမောင်ဖြစ်နေ၏။

ယုမောင်ကောင်းမှုကြောင့် သက်ခိုင်နှင့်ယုပါ ခပ်တန်းတန်းဖြစ်ခဲ့ကြရ၏။ သက်ခိုင်က ခပ်တန်းတန်းနေခြင်းမှာ ယုမောင်ကိုယ်စားမျက်နှာပူ၍ ဖြစ်သည်။ ယုက ခပ်တန်းတန်းနေခြင်းမှာလည်း ယောကျ်ားလေးသူငယ်ချင်းဆိုလျှင် ကြောက်လန့်သွားလေ၍လော မပြောတတ်။

သက်ခိုင်နှင့်ယုမောင်တို့သည် သထုံကျောင်းဆောင်သို့ရောက်သည်အထိ အတွေးကိုယ်စီနှင့်လျှောက်လာကြသည်။ သထုံကျောင်းဆောင်ဘက်မှ အထွက်တွင် သက်ခိုင်က ထီးဖွင့်ပေးသည်။ ထီးရိပ်ခိုကာ နှစ်ယောက်သား ဆက်လျှောက်လာကြပြန်သည်။

သက်ခိုင်ကစ စကားပြောသည်။

"မင်းလည်း နေ့တိုင်းလိုလို ဒုက္ခကြီးလှပါလား




> ယုမောင်ကောင်းမှုကြောင့် သက်ခိုင်နှင့်ယုပါ ခပ်တန်းတန်းဖြစ်ခဲ့ကြရ၏။ သက်ခိုင်က ခပ်တန်းတန်းနေခြင်းမှာ ယုမောင်ကိုယ်စားမျက်နှာပူ၍ ဖြစ်သည်။ ယုက ခပ်တန်းတန်းနေခြင်းမှာလည်း ယောကျ်ားလေး သူငယ်ချင်းဆိုလျှင် ကြောက်လန့်သွားလေ၍လော မပြောတတ် သက်ခိုင်နှင့်ယုမောင်တို့သည် သထုံကျောင်းဆောင်သို့ရောက်သည်အထိအတွေး ကိုယ်စီနှင့်လျှောက်လာကြသည်။ သထုံကျောင်းဆောင်ဘက်မှ အထွက် တွင်သက်ခိုင်က ထီးဖွင့်ပေးသည်။ ထီးရိပ်ခိုကာ နှစ်ယောက်သားဆက်လျှောက် လာကြပြန်သည် . . . .

ယုမောင်"

ယုမောင်က လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ပိတောက်ပင်များထက်မှ ပွင့်ကြွင်းလေးများကို ငေးကြည့်လိုက်ကာမှ လေးလေးဖြေ၏။

"အင်း. . ဒုက္ခကြီးတယ် သူငယ်ချင်း၊ ယုလို မယ်သီလရှင်ကလေးကို ပြစ်မှားခဲ့မိတော့ ငါ့ဝဋ်ငါဆိုက်ပြီး ငါ ဒုက္ခကြီးရတာပေါ့"

ယုမောင်ထံမှ ကြားနေကျစကားဖြစ်သောကြောင့် သက်ခိုင်သည်ဘာမျှပြန်မပြောတော့။ ယုမောင်ကသာ ဆက်မေးသည်။

"ဒါထက် အေးဝင်းကော ဘယ်ကျန်ရစ်လဲ"

"ထုံးစံအတိုင်း မွန်နဲ့စကားကောင်းရစ်တယ်၊ သူ့ထီးလည်းမပါဘူး၊ အပြန်ရွာနေဦးမယ်"

"အင်း. . သူလည်း သူ့ဒုက္ခနဲ့သူပဲ"

"နေပါဦး. . မင်းတို့က ဒုက္ခကို ဒုက္ခမှန်းသိရက်နဲ့ ဘာလို့ဆက်ဒုက္ခခံနေကြရတာလဲ"

"ခက်ပါဘိ သက်ခိုင်လေး၊လူလေးက ငယ်ငယ်နဲ့ ဓမ္မကထိကလေသံ မပစ်စမ်းပါနဲ့၊ဒုက္ခကို ဒုက္ခမှန်းသိလို့ ဆက်ဒုက္ခမခံစတမ်းဆိုရင် လူတိုင်းနိဗ္ဗာန်ရောက်ပြီး လောကကြီးဆိတ်သုဉ်းသွားမှာပေါ့၊အင်းလေ . . မင်းက ကိုယ်ချင်းစာတတ်ဦးမှာ မဟုတ်သေးဘူး၊တစ်နေ့ . . မင်းကြုံမှ မင်းသိမယ်၊ ကြုံလည်း ကြုံရမှာပဲ၊ဘုရားစူး. . ဒီဒုက္ခ ဒီအပူဟာ သံသရာကျင်လည်သောယောကျ်ားတကာတို့ ခံရမြဲပဲ ငါ့ရှင်ရေ. . "

ယုမောင်၏စကားကြောင့် သက်ခိုင်သည် ရယ်၏။ သို့ရာတွင် ကျောင်းဆင်းလာစဉ် အမှတ်မထင်တွေ့ခဲ့ရသော ပပဝင်းသည် မျက်နှာလေးကို သတိရမိသည်နှင့်တစ်ပြိုင်နက် ချက်ချင်း အရယ်ရပ်ကာ မျက်မှောင်ကြုတ်သွားသည်။

"ဟေ့ကောင်. . သက်ခိုင်၊ မင်း ဘာဖြစ်သွားတာလဲ"

"ငါ ဘာဖြစ်လို့လဲ"

"မဖြစ်ဘဲနဲ့ ဘာကြောင့် ရယ်ရာကနေ မျက်နှာမှုန်သွားသလဲ၊နောက်တစ်ဆင့်ဆိုငိုရုံပဲ ရှိတော့တယ်"

သက်ခိုင်သည်ပြန်ပြုံး၏။ သူသည်သူငယ်ချင်းများကို လိမ်တတ်သူမဟုတ်။ဟန်လည်း မဆောင်တတ်။ သူသည် ရိုးသားစွာဝန်ခံ၏။

"မင်း ပြောတာ မှန်နေမလား မသိဘူး ယုမောင်၊ ဒီနေ့ ငါ ကျောင်းသူတစ်ဦးကို တွေ့ခဲ့ရတယ်"

"ဟေ. . ဟာ ကျောင်းတက်သွားတာ ကျောင်းသူတစ်ဦး တွေ့တာ ဆန်းသလား၊ တစ်ရာ. . နှစ်ရာ. . တစ်ထောင်တောင်တွေ့နိုင်တယ်"

"ပြောတာကို နားထောင်စမ်းပါဦး၊ အဲဒီ ကျောင်းသူကို မြင်လည်း မြင်လိုက်ရရော. . ငါ့ရင်ထဲ တစ်မျိုးကြီးဖြစ်ကျန်ရစ်တယ်"

"မြတ်စွာဘုရား. . ရင်ထဲ တစ်မျိုးကြီးဖြစ်တဲ့ အခြေအနေတောင် ရောက်သွားသလား၊မင့်ရင်တွေ တထိုင်းထိုင်း ခုန်သွားတယ်. . ဟုတ်လား"

"ဟင့်အင်း. . မခုန်ပါဘူး"

"လျှာတွေ အာတွေ လည်ချောင်းတွေကော ထူပူပြီး ခြောက်မသွားဘူးလား"

"ဟင့်အင်း. . မခြောက်ပါဘူး"

"ဒူးတွေ ဘာတွေ မခိုင်ချင်သလိုဖြစ်ပြီး အကြောတွေ အရိုးတွေထဲက စိမ့်ချမ်းပြီး ကြက်သီးတွေ ဘာတွေထမသွားဘူးလား"

"ဟင့်အင်း. . . အဲဒါတွေ တစ်ခုမှ ငါမဖြစ်ဘူး"

"နို့. . . ဘာဖြစ်သလဲ"

"ငါ ပြောပါကောလား၊ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲလို့၊ ဝမ်းသာသလိုလို. . ဝမ်းနည်းသလိုလို. . . တစ်ခုခု ကိုလည်း မှတ်မိသလိုလို. . . ပြီးတော့"

"တော်ပါတော့ကွာ. . . ပြီးတော့. . ဟိုဟာလိုလို ဒီဟာလိုလိုနဲ့ ရင်ထဲမှာ တစ်မျိုးကြီးပဲ မဟုတ်လား၊ အဲဒီ စကား အမှန်ဆုံးပဲ၊ ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ အေး. . ဒီလိုပဲ တစ်မျိုးကြီးနဲ့ စကြတာချည်းပဲ"

သက်ခိုင်က နှုတ်ခမ်းများနှင့်သာ ရယ်သည်။ ရင်နှင့် မရယ်နိုင်။ အမှန်ပင် သူ့ရင်ထဲ၌ တစ်မျိုးကြီးဖြစ်နေ၏။

ယုမောင်က ဆက်လက်စုံစမ်းသည်။

"မင်းကလေးမက ချောသလား"

"ငါ့ကလေးမ မဟုတ်ပါဘူး၊ ကျောင်းသူတစ်ယောက်သာပါ"

"တကတဲကွာ. . . ရိုးတော်မှာ အစစ်ခံတဲ့အတိုင်းပဲ၊ စကားအသုံးအနှုန်းရွေးနေပြန်ပါပြီ။ ထားပါတော့၊ အဲဒီ မင့်ကျောင်းသူက ချောသလား၊ ယုလောက်ချောသလား"

သက်ခိုင် ပြုံးမိသွား၏။

"ဒါတော့ ငါ ဘယ်ပြောနိုင်ပါ့မလဲ"

"အေးပါလေ. . . မင်း ပြောနိုင်တာတွေ ပြောပြစမ်း၊ အကုန်ပြောနော်"

"အသားက ဝါဝင်းပြီး ကြည်လဲ့နေတယ် သူငယ်ချင်း၊ ဆံပင်တွေကလည်း ခွေခွေ. . နွယ်နွယ်နဲ့၊ မျက်တောင်တွေက ကော့တယ်၊ မျက်လုံးက ကြည်ပြီးရွှန်းနေတယ်၊ နှာတံကထင်ပြီး နှုတ်ခမ်းလေးတွေက ပြည့်ပြည့်ဖောင်းဖောင်းလေးရယ်၊ မျက်နှာကတော့. . . မျက်နှာသွယ်ပဲ"

"အဲဒီလောက် အသေးစိတ်မြင်အောင် မင်းအတန်းထဲမှာ တစ်ချိန်လုံး ထိုင်ကြည့်နေခဲ့သလား"

"အတန်းထဲမှာတွေ့တာ မဟုတ်ပါဘူး၊ ကော်ရစ်ဒါမှာ ဖြတ်သွားတုန်း ခဏတွေ့ရတာပါ၊ လေးငါးစက္ကန့်ပဲ ကြာမယ်ထင်တယ်"

ယုမောင်က သက်ပြင်းရှိုက်ပြီး ခေါင်းယမ်း၍ ဆို၏။

"လေးငါးစက္ကန့်နဲ့တင် ဒီလောက်မှတ်မိတယ်ဆိုရင် ဘုရားသာတပေတော့ သက်ခိုင်ရေ. . . မင်းတော့ ဒုက္ခပဲ"

ပြည်ကျောင်းဆောင်ဝင်းအတွင်း ရောက်လာကြသဖြင့် သူငယ်ချင်းနှစ်ယောက် စကားပြတ်သွားကြသည်။

ကျောင်းဆောင်၏ အရှေ့ဘက် တောင်မျက်နှာ လှေကားဦးရောက်မှ ယုမောင်က ကတိတည်စွာမေး၏။

"လက်ဖက်ရည်တော့ သိမ်းပြီးထင်တယ်၊ တို့ ကရာနီဆိုင်သွားကြမလား"

"မသွားပါဘူးကွာ၊ ငါဆာလည်း မဆာဘူး"

"အေး. . . ဒါဖြင့် မင်းအခန်းပြန်ချင်ရင် ပြန်နှင့်၊ ငါတော့ ဒီညနေ ကလပ်(စ်)လစ်ထားမိလို့ တင်မောင်စိုးတို့. . . မောင်ရှိန်တို့ဆီ နုတ်(စ်)သွားတောင်းလိုက်ဦးမယ်"

သက်ခိုင်က အဆောင်၏အရှေ့ဘက် စင်္ကြံအတိုင်း ဆက်လျှောက်လာခဲ့သည်။ ဆက်လျှောက်လာစဉ် မိုးသံလေသံကိုခွင်း၍ တအီအီ တကျွီကျွီနှင့် မပီသ၊ ပီသဖြင့် မကြောင်တစ်ဝက် ကြောင်တစ်ဝက် ပေါ်ထွက်လာနေသော တယောသံကို ကြားရသည်။

တယောသံ ပေါ်ထွက်လာနေသော အခန်းရှေ့၌ သက်ခိုင်ခေတ္တရပ်လိုက်သည်။ အခန်းရှေ့ ပြတင်းပေါက်ဘောင်ပေါ်၌ "မြင့်သောင်း(သီပေါ)"ဟု မြေဖြူနှင့်ရေးထား၏။

ပီသ၍ ဖမ်းမိသမျှသော တယောသံက"အမြင်သာနီးရဲ့. . အမြင်သာနီးရဲ့. . သဇင်ခက်ညွှာ. . . " ဟူသော သီချင်း၏ အသွားကို ခဲရာခဲဆစ် ရင့်ရှူနေ၏။

သက်ခိုင်က အခန်းပေါက်ဝ၌ ရပ်လိုက်ပြီး အသံပြုသည်။

" ဘယ့်နှယ်လဲ. . . ရှနက်ကြီး၊ တယောတစ်လက်နဲ့ သိပ်လွမ်းနေပါလား"

အခန်းတွင် ခုတင်တစ်လုံးပေါ်၌ စိတ်ပါလက်ပါ တယောတီးနေသူ ကျောင်းသားက သူ့အနုပညာဖန်တီးမှုကို ရပ်လိုက်၏။

သူ့ဆံပင်တို့က နက်မှောင်သိပ်သည်းကာ လုံးဝန်းသော ဦးခေါင်းထက်၌ သပ်ရပ်ပိရိစွာ ရှိနေ၏။ မျက်လုံးပြူး၊ မျက်ခုံးထူ၊ နှာတံပေါ်နှင့် ဖြစ်သော်လည်း အသားက အနည်းငယ်မည်းသည်။ သူ့ကိုယ်အထက်ပိုင်း၌ အပြာနုရောင် စပို့ရှပ်အင်္ကျီလက်တိုကို ဝတ်ထားပြီး အောက်ပိုင်း၌ ပင်နီရောင်ရှမ်းဘောင်းဘီကို ဝတ်ထားသည်။

သူ့အခန်းနံရံပတ်လည်၌ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ သင်္ကေတာလက္ခဏာများနှင့် အီကွေးရှင်းများကို မြေဖြူရောင်စုံနှင့် ကမ္ဘည်းထိုးထားသည်။ ခုတင်ခေါင်းရင်ခေါင်းအုံးပေါ်၌ စာအုပ်တစ်အုပ်က ပွင့်လျက်သား ရှိနေသည်။ စားပွဲပေါ်၌လည်း မှောက်လျက်. . လှန်လျက်. . . ပွင့်လျက်နှင့် စာအုပ်တချို့ ရှိနေသေးသည်။ ခုတင်ခြေရင်းကြိုးတန်းပေါ်တွင် သေသပ်စွာ ခေါက်၍တင်ထားသော ပုဆိုးများနှင့်အတူ ရှမ်းဘောင်းဘီနှစ် ထည်ရှိနေသည်။

သီပေါ၌ ကြီးသော ကိုမြင့်သောင်းသည် ရှမ်းစရိုက်၊ ရှမ်းဓလေ့၊ ရှမ်းယဉ်ကျေးမှုကို မြတ်မြတ်နိုးနိုးဆောင်ထား၏။ သူ့ကိုယ်သူ ရှမ်းပြည်သားဟုလည်း ဂုဏ်ယူသည်။ သို့ရာတွင် ရှမ်းတို့မည်သည် အသားဖြူ၏။ ကိုမြင့်သောင်းက အသားမည်းသည်။ ထို့ကြောင့် ရင်းနှီးခင်မင်သော သူငယ်ချင်းများက သူ့ကို ရှနက်(ရှမ်းနက်) ဟု နောက်ပြောင်ခေါ်ကြသည်။ သဘောကောင်းသော ကိုမြင့်သောင်းက စိတ်မဆိုးတတ်။

"အေး. . ဗမာစင်စစ်က ဘိုဖြူလို့ အခေါ်ခံရတာထက်စာရင် ရှနက်လို့ အခေါ်ခံရတာကို ကိုယ်တို့ကတော့ ဂုဏ်ယူသကွ"

ရှနက်ကိုမြင့်သောင်းသည် ဖြူဖွေးညီညာသော သွားများပေါ်အောင် ပြုံးပြရင် သက်ခိုင်ကို ဖိတ်ခေါ်သည်။

"လာလေကွာ. . . ကိုယ့်လူ ဝင်ထိုင်လေ"

"တော်ပါပြီ. . . မောင်ရင့်အခန်းက မကြားစဖူး တယောသံထူးတာနဲ့ဝင်ကြည့်တာ"

"အေးကွ. . . ကိုယ်လည်း စာကြည့်ရတာကလည်း ခေါင်းကိုက်၊ ဒီသောက်မိုးကလည်း ရွာနေတော့ လွမ်းသလိုလို ဘာလိုလို ဟိုလိုလို ဒီလိုလိုဖြစ်တာနဲ့ အရင်က လက်စလက်နလေးကလည်းရှိတော့ တယောငှားထိုးကြည့်တာ"

**ဆက်လက်ဖော်ပြပါမည်။**

(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

# ပုဂံ အာနန္ဒာဘုရား၌ ကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိ အဆင့်မြင့်လုံခြုံရေးကင်မရာများ တိုးမြှင့်တပ်ဆင်



**ပုဂံ ဩဂုတ် ၂၅**

သမိုင်းဝင်တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် ပုဂံမြို့ရှိအာနန္ဒာဘုရားဝင်းအတွင်း ကျပ်သိန်း ၅၀၀ ကျော် အကုန်အကျခံကာ အဆင့်မြင့်လုံခြုံရေးကင်မရာများ တိုးမြှင့်တပ်ဆင်ထားရှိကြောင်း သိရသည်။

အာနန္ဒာဘုရားဝင်းအတွင်း ယခင်တပ်ဆင်ထားသည့် ကင်မရာများနေရာတွင် အဆင့်မြင့်လုံခြုံရေးကင်မရာ ၈၄ လုံးကို တပ်ဆင်ထားရှိခြင်းဖြစ်ကာ လုံခြုံရေးဝန်ထမ်းများက ၂၄ နာရီ အလှည့်ကျစောင့်ကြည့်လျက်ရှိသည်။

"အရင်က ဘုရားမှာ လုံခြုံရေးကင်မရာ ၁၆ လုံးတပ်ဆင်ထားပါတယ်။ လုံခြုံရေးကင်မရာတပ်ဆင်ထားတာကြောင့် ၂၀၁၅ ခုနှစ် မတ်လလောက်က အလှူခံပုံးအခိုးခံရတာကို သူခိုးရဲ့လုပ်ဆောင်ချက်တွေအားလုံး သိရတယ်။ ပထမအကြိမ်ခိုးတာမမိလိုက်ပေမယ့် ဒုတိယအကြိမ်မှာ အဲဒီအတိုင်း ပဲဝင်ခိုးတာ ဖမ်းမိတယ်။ အဲဒီတုန်းက လုံခြုံရေးကင်မရာကို စောင့်ကြည့်တာမရှိခဲ့တော့ ချက်ချင်းမမိဘူး။ အခုတော့ ပိုကောင်းတဲ့လုံခြုံရေးကင်မရာတွေကိုတပ်ဆင်ထားတယ်။ ၂၄ နာရီ စောင့်ကြည့်မယ်။

"ဒီဘုရားကြီးက သမိုင်းဝင်ဘုရားကြီးတစ်ဆူဖြစ်သလို အနုပညာလက်ရာ စုံလင်လှတယ်။ ဘုရားကြီးအတွင်းက ရှေးဟောင်းအနုပညာလက်ရာ စဉ့်ကွက်တွေ၊ ရုပ်ပွားတော်၊ ဆင်းတုတော်တွေကိုခိုးယူခြင်းမရှိအောင် ကာကွယ်ဖို့နဲ့ အများပြည်သူဘုရားဖူးတွေရဲ့ လုံခြုံရေးအတွက် လုံခြုံရေးကင်မရာတွေ တိုးမြှင့်တပ်ဆင်တာပါ"ဟု ဂေါပကဒုဥက္ကဋ္ဌ ဦးအောင်သန်းက ပြောသည်။

ပိုမိုကြည်လင်သည့် အဆင့်မြင့်လုံခြုံရေးကင်မရာ AHD-M (720 p) တပ်ဆင်ခြင်းလုပ်ငန်းအား ၂၀၁၅ ခုနှစ် ဇူလိုင်လကစတင်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေကာ လုံခြုံရေးအတွက် ဆောင်ရွက်နေပြီဖြစ်သည်။ လုံခြုံရေးကင်မရာတပ်ဆင်ခြင်းလုပ်ငန်းကို LEO CCTV Co. Ltd.မှ တာဝန်ယူနေပြီး ညပိုင်းအသုံးပြုနိုင်မည့်အနီအောက်ရောင်ခြည်သုံး လုံခြုံရေးကိရိယာတပ်ဆင်ခြင်းနှင့် အသံဖြင့်အချက်ပေးစနစ်ကိုလည်း တပ်ဆင်ပေးမည်ဖြစ်ကာ လိုအပ်ပါက လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လုံခြုံရေးကင်မရာတွေကို ဘုရားဝင်းတစ်ခုလုံး အကြားအလပ်မရှိအောင်တပ်ပေးထားတယ်။ ထိန်းချုပ်ခန်းကနေ တိုက်ရိုက်ကြည့်လို့ရတယ်။ အခုတပ်ထားတဲ့ကင်မရာတွေက အဆင့်မြင့်ပြီး အရုပ်တွေ ပိုပြီးကြည်လင်မယ်။ ရွေ့လျား၊ ချုံ့ချဲ့ကြည့်လို့ရတယ်။ ဒီလို ကင်မရာတွေ တပ်ဆင်ထားတာကြောင့် မသမာတဲ့သူများရန်ကနေ အပြည့်အဝကာကွယ်နိုင်ပါတယ်"ဟု လုံခြုံရေးကင်မရာတပ်ဆင်ခြင်းဆိုင်ရာနည်းပညာအကြံပေး ဦးမြတ်မင်းက ပြောသည်။

အာနန္ဒာဘုရားသည် ကွမ်းတောင်ပေါက်လိုဏ်တစ်ဆင့်ဂူဘုရားဖြစ်ပြီး အေဒီ ၁၀၉၀ တွင် ကျန်စစ်မင်းတည်ထားခြင်းဖြစ်ပြီး ဗုဒ္ဓရုပ်ပွားဆင်းတုများ၊ နံရံဆေးပန်းချီများ၊ ကျောက်ဆစ်ပန်းတမော့လက်ရာများနှင့် စဉ့်စိမ်းသုတ် မြေမီးဖုတ်အုတ်ချပ် (စဉ့်ကွင်း) များ ရှိသည်။

နှစ်ပေါင်း ၁၀၀၀ ကျော်အတွင်း မီးလောင်မှု၊ ပျက်စီးယိုယွင်းမှုများရှိခဲ့သော်လည်း အစဉ်အဆက်ထိန်းသိမ်းမှုများကြောင့် ရှေးမူမပျက်ဖူးတွေ့နိုင်ပြီးအာနန္ဒာဘုရားပွဲတော်ကို နှစ်စဉ်ပြာသိုလဆန်း ၈ ရက်မှ လကွယ်နေ့အထိ ဆိုင်ခန်း ၁၈၀၀ ကျော်လာရောက်ဖွင့်လှစ်သည့် မြန်မာနိုင်ငံတွင် အစည်းအကားဆုံးဘုရားပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

(၀၀၂)

## တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ဖွင့်ပွဲကျင်းပ

**တာချီလိတ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၇၁)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၄၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းရှိ ခန်းမဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်နှင့်အညီ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားပြည်သူများက အားသွန်ခွန်စိုက် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းကို အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ ၎င်းက လူမှုရေးဦးတည်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး လမ်း၊ တံတားဖောက်လုပ်ဆောင်ရွက်ခြင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် တက္ကသိုလ်၊ အခြေခံပညာကျောင်းများ၊ အသက်မွေးဝမ်းကျောင်း ပညာသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့အပြင် နယ်စပ်ဒေသရှိ တိုင်းရင်းသူကလေးများအား အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးများဖြစ်လာစေရန်၊ တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးချစ်စိတ် အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများဖြစ်လာစေရန်၊ ရိုးရာယဉ်ကျေးမှု အိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန်ဟူသော ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ဆက်လက်ပြောသည်။

ယင်းနောက် သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက သင်တန်းဆောင်၌ပြသထားသည့် သင်တန်းသူများအား သင်ကြားပေးမည့် အဝတ်အထည်ချုပ်လုပ်နည်း၊ စားသောက်ဖွယ်ရာချက်ပြုတ်နည်းများနှင့် အခြားဘာသာရပ်ဆိုင်ရာများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ ကျိုင်းလပ်မြို့နယ်များမှ သင်တန်းသူ ၃၅ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှဋ္ဌေး(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မကျီးအင်းကျေးရွာလမ်း အရှည်နှစ်မိုင် ခင်းကျင်းဆောင်ရွက်



**ကျွန်းလှ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူစေရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ၁၀၂ ဒသမ ၀၀၀ သန်းဖြင့် မကျီးအင်းကျေးရွာအဝင်လမ်း အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ ကျောက်ချောလမ်းကို AFC ကုမ္ပဏီမှ တာဝန်ယူခင်းကျင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းခင်းခြင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာအဝင်လမ်းကို ကျွန်းလှ-သဖန်ဆိပ်လမ်းနှင့် ဆက်သွယ်ထားပါတယ်။ အရင်က မြေသားလမ်းသာဖြစ်တဲ့အတွက် မိုးရာသီမှာသွားလာရေးခက်ခဲပါတယ်။ ရွာသူ၊ ရွာသားတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ၊ ဈေးသည်တွေ ကျွန်းလှမြို့ကိုသွားရင် ဒီလမ်းကိုပဲ အားကိုးပြီးသွားရပါတယ်။ အခုလို ကျောက်ချောလမ်း အဆင့်မြှင့်တင်လိုက်တော့ ရာသီမရွေးသွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများအပြင် ကုန်စည်ကူးသန်းမှုတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု ကျေးရွာသားတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ဆောင်ရွက်

**ဝမ်းတွင်း ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရပ်ကွက်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားသုံးစွဲလျက်ရှိသော ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးရည်ရွယ်ချက်ဖြင့် ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲလျက်ရှိသည့် ကျေးရွာ ၃၈ ရွာနှင့် ရပ်ကွက်ခြောက်ခုတို့မှ ဒေသခံပြည်သူများ၏ နေအိမ်များတွင် အိမ်သုံးနှင့် လုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားသုံးစွဲနေမှုအခြေအနေ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာသုံးစွဲမှုရှိ-မရှိ၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်ခြင်း ရှိ-မရှိ၊ တရားမဝင်လျှပ်စစ်ဓာတ်အားသုံးစွဲမှု ရှိ-မရှိတို့အား ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ခရိုင်လျှပ်စစ်မန်နေဂျာ၊ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။ ဝမ်းတွင်းမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများ၌ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၁၄၀၀၀ ခန့်တွင် အိမ်သုံး ၉၀၀၀ ကျော်နှင့် လုပ်ငန်းသုံး ၄၀၀၀ ကျော် လျှပ်စစ်ဓာတ်အားရယူသုံးစွဲလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေး၊ ပြည်သူများအား လျှပ်စစ်ကဏ္ဍမှ ကောင်းမွန်သောဝန်ဆောင်မှုပေးရေး ရည်ရွယ်ချက်များဖြင့် ဝမ်းတွင်းမြို့နယ်ဒေသခံပြည်သူများအား မြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ (၅+၁၀) အမ်ဗွီအေမှ ဓာတ်အား ဖြန့်ဖြူးပေးသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျောင်းကျန်းမာရေးလုပ်ငန်းများ အခမဲ့ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဩဂုတ် ၂၄ နံနက် ၉ နာရီမှ စတင်၍ ဖြူတ်ခွဲကျေးလက်ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးလုပ်ငန်းများ အခမဲ့ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများအား ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သွားဆရာဝန် ဒေါက်တာသစ်သစ်ကိုက သွားနှင့်ခံတွင်းကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ သူနာပြုအဆင့်(၁) ဒေါ်စောမြင့်က HIV၊ AIDS ရောဂါအကြောင်းနှင့် ဖြူတ်ခွဲကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးလှဇော်ဦးက ဆေးလိပ်နှင့်ဆေးရွက်ကြီးအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောခဲ့ပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၉၄ ဦးအား အရေပြားရောဂါ၊ တစ်ကိုယ်ရေသန့်ရှင်းမှုကျန်းမာရေးနှင့် သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးမှုများကို အခမဲ့စမ်းသပ်ကုသပေးခြင်းနှင့် သံချဆေးများတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**



# ဇွန်လကုန်ထိ ကမ္ဘာ့လှည့်ခရီးသွား နှစ်သန်းနီးပါး ဝင်ရောက်မှုနှင့်အတူ ဧည့်လမ်းညွှန်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၂၅**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းကို ၁၉၉၂ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ အမှတ်စဉ်(၄၈)အထိ စုစုပေါင်း ၈၅၇၅ ဦးမွေးထုတ်နိုင်ခဲ့သည်ဟု ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက ပြောသည်။

ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းများကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ အမှတ်စဉ်(၁၃)အထိ စုစုပေါင်း ၁၄၀၅ ဦး မွေးထုတ်နိုင်ခဲ့ပြီး အမှတ်စဉ်(၁၄)ကို ကော့သောင်းမြို့နယ်တွင် သင်တန်းသား ၁၁၀ ဖြင့် ဖွင့်လှစ်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးကဏ္ဍ ခုနစ်ရပ်အနက် တစ်ရပ်အပါအဝင်ဖြစ်ပြီး နိုင်ငံစီးပွားရေး၏ တိုးတက်မှုအမြန်ဆုံးသော ကဏ္ဍများထဲက တစ်ခုလည်းဖြစ်ကြောင်း၊ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်အစိုးရကလည်း ထောက်ပံ့ကူညီမှုများပေးခဲ့ကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် Panda Hotel ၌ ကျင်းပသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ဖွင့်လှစ်သော ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းအမှတ်စဉ်(၄၉)သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထောင့်၊ ရသာကွန်ဒို (ဒုတိယထပ်)အမှတ်(၄၅၈/၄၆၀)ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတွင် ယနေ့မှ အောက်တိုဘာ ၂၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၁၃၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာမှ ခရီးသွားများနှင့်စီးပွားလုပ်ငန်းရှင်များအတွက် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသအဖြစ် ထွက်ပေါ်လာခဲ့ပြီး နိုင်ငံတကာမှ ကမ္ဘာ့လှည့်ခရီးသည်များ ဝင်ရောက်မှုတစ်နှစ်ထက် တစ်နှစ် ပိုမိုဝင်ရောက်လျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် ၈ ဒသမ ၁၈ သိန်း၊ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၅ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း ဝင်ရောက်မှုရှိခဲ့ပြီး တိုးတက်မှု ၉၃ ဒသမ ၀၄ ရာခိုင်နှုန်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်းဝင်ရောက်ခဲ့ပြီး တိုးတက်မှု ၅၁ ရာခိုင်နှုန်းဖြစ်သည်။ ယခု ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာမှ ကမ္ဘာ့လှည့်ခရီးသည် ငါးသန်းခန့် ဝင်ရောက်နိုင်ရန် မျှော်မှန်းထားရှိရာ ဇွန်လကုန်ထိ ၁ ဒသမ ၈ သန်းဝင်ရောက်ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ဘားအံမြို့ကျောင်းပြင်ပမူလတန်းပညာရေးစခန်းများသို့ စာရေးကိရိယာများနှင့် လိုအပ်ချက်များအားထောက်ပံ့



**ဘားအံ ဩဂုတ် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေဘူးသေးသူများ၊ ကျောင်းနေခဲ့ရသော်လည်း မူလတန်းပညာမပြီးမြောက်ခင် ကျောင်းစောထွက်ခဲ့ရသူ အသက် ၁၀ နှစ်မှ ၁၄ နှစ်ကြား ကလေးများကို ဒုတိယအကြိမ် ပညာရေးအခွင့်အလမ်းပေးရန်နှင့် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်သို့ ဆက်လက်ပညာသင်ကြားစေနိုင်ရေး ရည်ရွယ်ပြီး ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) စခန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဩဂုတ် ၂၃ ရက် ညနေ ၃ နာရီတွင် ဘားအံမြို့အတွင်းရှိ စခန်းသုံးခုမှ ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ စာရေးကိရိယာများနှင့် လိုအပ်ချက်များကို သွားရောက်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက အောက်ကော့ရင်းကျေးရွာစခန်းတွင် ရှင်သာမနေအပါး ၂၀၊ ကျောင်းသား၊ ကျောင်းသူ ၄၄ ဦး၊ ခွယ်ကဘောင်ပညာ့ဥယျာဉ်ဘုန်းတော်ကြီးကျောင်းရှိစခန်းတွင် ရှင်သာမနေ ၂၁ ပါး၊ တောင်တန်းသာသနာပြုကျောင်းတွင် ရှင်သာမနေနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅ ဦးတို့အား သွားရောက်တွေ့ဆုံအားပေးကာ စာရေးကိရိယာများ၊ ကျောင်းဝတ်အင်္ကျီများ၊ အစားအသောက်များကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကြီးကြပ်သူ လိုအပ်ချက်များနှင့်ပတ်သက်သည့် တင်ပြတောင်းဆိုမှုများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး မြန်အောင်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်ယာမြေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်

**မြန်အောင် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါး ၅၄၂၅၄ ဧက ရေကြီးနစ်မြုပ်ခဲ့ပြီး ဩဂုတ် ၂၃ ရက်အထိ ပျက်စီးဧရိယာစစ်စစ်ရရှိမှုမှာ ၃၃၉၆၆ ဧကရှိပြီး ပြန်လည်စိုက်ပျိုးပြီးလယ်ဧက ၉၇၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

မြန်အောင်မြို့နယ်အတွင်း မိုးစပါးပျက်စီးဧရိယာများအပေါ် ပြန်လည်ထူထောင်စိုက်ပျိုးရေးအတွက် ထူးကုမ္ပဏီမှလှူဒါန်းသော သီးထပ်ရင်မျိုးစပါးတင်း ၅၀၀ ကို တောင်သူလက်ဝယ်ဖြန့်ဝေပေးပြီး စိုက်ပျိုးနေပြီဖြစ်သည်။ ယင်းအပြင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော မြို့နယ်ဌာနဆိုင်ရာများနှင့် မမြရေလှောင်တမံတို့က စုပေါင်းလှူဒါန်းသော သီးထပ်ရင်မျိုးစပါးတင်း ၂၀၀ ကို မြို့နယ်စိုက်တိုးမြှင့်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ ဌာနဆိုင်ရာများက ရေနစ်မြုပ်မှုပြန်လည်ထူထောင်ရေး ရွှေ့တန်းစခန်းနယ်မြေခုနစ်ခုကို မိုးစပါးအချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် ခွဲဝေပေးခဲ့ကြောင်း သိရသည်။

ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်မြေများ ပြန်လည်စိုက်ပျိုးရာတွင် တောင်သူများ အခက်အခဲမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်မြေကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်အောင်မြို့နယ်အတွင်း ပေါ်ဆန်းစပါးစိုက်ပျိုးသော တောင်သူတစ်ဦးက ရေကြီးနစ်မြုပ်သွားသောသူ၏လယ်ကို ပြန်လည်စိုက်ပျိုးရန်အတွက် စပါးခင်းတစ်ကြိုးကို စပါးပေါ်ချိန်တွင် စပါးတင်း ၂၀ ပေး၍ ဝယ်ယူပြီး ပြန်လည်စိုက်ပျိုးကြောင်းနှင့် စပါးခင်းတစ်ကြိုးလျှင် လယ်နှစ်ဧကခန့်စိုက်ပျိုး၍ ရကြောင်းပြောပြသည်။ တောင်သူအများစုမှာ သီးထပ်ယဉ်စပါးမျိုးနှင့် ကြဲခင်းပြန်လည်စိုက်ပျိုးနေကြောင်း သိရသည်။ **ဝင်းဗိုလ်(မြို့နယ်ပြန်/ဆက်)**

## ဝဲလောင်–အောင်ချမ်းသာ–ကံနီ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး

**တောင်သာ ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း ဝဲလောင်-အောင်ချမ်းသာ-ကံနီ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်နေမှုကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့်အဖွဲ့သည် ဩဂုတ် ၂၂ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝဲလောင်-အောင်ချမ်းသာ-ကံနီ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၄၇ သန်းဖြင့် 'မန်းဧရာဝတီ' ကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်နေခြင်းဖြစ်သည်။ အဆိုပါကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီးပါက အောင်ချမ်းသာကျေးရွာ၊ ကံနီကျေးရွာအပြင် အနီးပတ်ဝန်းကျင်ကျေးရွာတို့မှ ဒေသခံများသည် ဝဲလောင်ကျေးရွာမှတစ်ဆင့် မြို့ကြီးများကို လွယ်ကူချောမောစွာဖြင့် သွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများတိုးတက်ရေးအတွက် အထောက်အကူတစ်ရပ်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ဝဲလောင်-အောင်ချမ်းသာ-ကံနီကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်နေရာသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျိုးလျှန်ဗိုလ်၊ တောင်သာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်နှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## တံတားတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး မကွေး-တောင်တွင်းကြီးကားလမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ထားသည့် ကျေးလက်လမ်းပေါ်မှ ကန်ချောင်းတံတားသစ်တည်ဆောက်ရေး ပန္နက်တင်မင်္ဂလာကို ဩဂုတ် ၂၂ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့် တာဝန်ရှိသူများက အဆိုပါတံတားသစ်အား ပန္နက်ရိုက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါကန်ချောင်းတံတားသည် ဇူလိုင် ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် တံတား၏ဘေးနံရံတန်းဘောင်များ၊ ကျောက်ခဲများ ကျိုးပဲ့ပျက်စီးကာ ရေစီးနောက်မျောပါသွားခဲ့ပြီး ဥက္ကာလာပ၊ စည်ပင်သာယာ၊ ပျားစည်ပင်၊ မြင်းစု၊ သံပရာကျင်း၊ စမုံရွာသစ်၊ ကိုးပင်ကျေးရွာတို့မှ ဒေသံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ၅၀၀၀ ကျော် နေ့စဉ်သွာလာရေးအခက်အခဲများ ကြုံတွေ့နေရသည်။ **(ကြေးမုံ)**

## မောက်မယ်မြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မောက်မယ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့်အတူ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့သည် ဩဂုတ် ၂၃ ရက်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ကျပ်သိန်း ၂၁၆ စီဖြင့် ရွှေမိုးလေးကုမ္ပဏီကဆောက်လုပ်လျက်ရှိသော ပေ ၆၀ × ပေ ၃၀ သွပ်မိုး၊အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်သစ်ခုနစ်ကျောင်း နှင့် ကွန်မခေတံတားတည်ဆောက်ပြီးစီးမှု၊ မိုက်ညကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီးစီးနေမှု၊ မောက်မယ်-မိုးနဲလမ်းမကြီးနှင့် ခုံမမွန်ကျေးရွာအဝင်လမ်း ၃ မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စံချိန်စံညွှန်းပြည့်မီရေးနှင့် အချိန်မီပြီးစီးမှုအခြေအနေအား စစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျပ်သိန်း ၂၁၆ စီ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရွှေမိုးလေးကုမ္ပဏီက အသစ်ဆောက်လုပ်သည့် ကျောင်းများမှာ အ. ထ. က (မောက်မယ်)၊ အ. ထ. က(ခွဲ) ဥယာစန်း၊ မူလွန် (ကုန်းလမ်း)၊ အ. မ. က (ပုန်းလော)၊ အ. မ. က (နားသဲ)၊ အ. မ. က (နားဟီး)၊ အ. မ. က (မွေတော်)ကျောင်းများ ဖြစ်ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**



# တာမွေတွင် ရေလျှံမှုကင်းဝေးစေရေး ဆောင်ရွက်မှုလုပ်ငန်း ၉၅ ရာခိုင်နှုန်းပြီးစီး



**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်မြို့ တာမွေမြို့နယ်တွင် ရေလျှံမှုကင်းဝေးစေရန် ဆောင်ရွက်လျက်ရှိပြီး ကျိုက္ကဆံလမ်း ၁၅၅ လမ်းထိပ်မှ နတ်ချောင်းထိ မြေအောက်မြောင်းမကြီး ပေ ၂၂၀၀ ခန့်ကို အကျယ် ၆ ပေခွဲအနက် ၈ ပေ နှင့် မြောင်းဖုံးကို ၁၅ ပေခြားပြီးဆောင်ရွက်ကာ Box Culvert သုံးခုကို ယာဉ်ကြောမပိတ်စေရန် အကန့်ခွဲပြီး ဆောင်ရွက်ခဲ့ကြရာ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တာမွေမြို့နယ် ကျိုက္ကဆံလမ်းနှင့် သမိန်ဗရမ်းလမ်းဆုံတစ်ဝိုက်တွင် မိုးသည်းထန်စွာရွာသွန်းသည့်အခါ ရေကြီးရေလျှံမှုများ နှစ်စဉ်ကြုံတွေ့ခဲ့ကြသဖြင့် ခရီးသွားများ၊ မော်တော်ယာဉ်များနှင့် လမ်းမတန်းနေပြည်သူများ အခက်အခဲများဖြင့် အဆင်မပြေဖြစ်လျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းတံတား)က ၂၀၁၅ ခုနှစ် ဇွန်လဒုတိယပတ်ကစတင်၍ ဩဂုတ် ၂၄ ရက်အထိ စက်ယန္တရားအကူအညီများရယူကာ လူအင်အားများဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ပေးသဖြင့် ရေကြီးရေလျှံမှုများမဖြစ်တော့ဘဲ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့က တာမွေကြီး(က/ဂ) ရပ်ကွက် ၁၅၇ လမ်းနဲ့ သမိန်ဗရမ်းလမ်းထောင့်က မြေညီထပ်တိုက်ခန်းမှာနေတာ ၁၅ နှစ်ရှိပါပြီ။ နှစ်တိုင်းမိုးရွာတာနဲ့ ရေကြီးတော့တာပဲ။ အိမ်ထဲအထိ ရေရောက်တယ်။ တစ်ပေခွဲနှစ်ပေလောက် အမြဲရေလျှံတာကြုံခဲ့ရတယ်။ ဒီနှစ်တော့ စည်ပင်ကလုပ်နေတာတွေကို မယုံတစ်ဝက်ယုံတစ်ဝက်နဲ့ စောင့်ကြည့်လာတာ။ အခုရေကြီးရေလျှံတာမျိုးမရှိတော့လို့ အထူးကျေးဇူးတင်ပါတယ်" ဟု ဒေါ်နွဲ့ရီက ပြောသည်။

**(၅၉၇)**

# ကရင်ပြည်နယ်မှအလှူရှင်များ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

**ဘားအံ ဩဂုတ် ၂၅**

ကရင်ပြည်နယ်အတွင်းရှိ စေတနာရှင်အလှူရှင်များက တိုင်းရင်းသားအချင်းချင်း စာနာသောအားဖြင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းနိုင်ရန် စုပေါင်းလှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းစုပေါင်းလှူဒါန်းပွဲတွင် အလှူရှင်များ၏ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ တမခ(၂၂)၊ ထိုင်းနိုင်ငံနရေစွန်စစ်ကြောင်းမှူး ဗိုလ်ချုပ်နဖွန်လင်းကျန်းနှင့်အဖွဲ့၊ ကရင်ပြည်နယ်အတွင်းရှိ စေတနာရှင်များမှလှူဒါန်းသော သိန်း ၉၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများဖြစ်သော ဆန်အိတ် ၃၀၊ မားမားခေါက်ဆွဲခြောက်ဖာကြီး ၁၁၅ ဖာနှင့် ဖာသေး ၃၃ ဖာ၊ ငါးသေတ္တာ ၁၀ ဖာနှင့် ကိုးကတ်၊ နို့ဆီဘူးဖာ ၂၀၊ ဘီစကွတ်ပုံးကြီး နှစ်ပုံးနှင့် ပုံးသေးနှစ်ဖာ၊ ရေသန့် ၁၃၂ ကတ်၊ စက္ကူလိပ် ၁၂ ကတ်၊ ကော်ဖီမစ်နှစ်ဖာ၊ ကရင်ပုဆိုး၊ ထဘီဖာကြီးငါးဖာ၊ စောင် ၈၅ ထည်၊ ခြင်းတောင်း ၂၃ လုံး၊ ဆားတစ်အိတ်၊ ဘီစကွတ်ဖာသေးလေးဖာ၊ ဖိနပ်သုံးအိတ်ကိုလည်းကောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကရင်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အလှူရှင်များမှလှူဒါန်းသော အလှူငွေကျပ်စုစုပေါင်း ၅၃၆၅၄၃၅၀ ကိုလည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်းရှိ စေတနာရှင်အလှူရှင်များက လှူဒါန်းသောပစ္စည်းများနှင့် အလှူငွေများအား အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဗဟိုသိုလှောင်ရုံသို့ ကားများဖြင့် ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# (၆)ကြိမ်မြောက် Myanmar Cosplay Festival Animation ပြပွဲပြိုင်ပွဲ MICT Park တွင်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

(၆) ကြိမ်မြောက် Myanmar Cosplay Festival Animation ပြပွဲပြိုင်ပွဲ Cosplay ကို ရန်ကုန်မြို့ MICT Park၊ Conference Room တွင် ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဒီဂျစ်တယ်နည်းပညာခေတ်တွင် ခေတ်စားလာသော Anime၊ Manga၊ Comic၊ Game၊ Movie များကို ဖန်တီးသူ၊ ရေးဆွဲသူများ တိုးတက်များပြားလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ကွန်ပျူတာ Anime များက ဇာတ်ကောင်များကို လက်တွေ့ရေးဆွဲပြခဲ့ကြသည်။ ဆုရရှိသူများကို ဆုတံဆိပ်နှင့် အသိအမှတ်ပြုကတ်ပြားတစ်ခု၊ ဆုငွေကျပ် ၈၀၀၀၀ နှင့် တခြားလက်ဆောင်များချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို လေးနှစ်တစ်ကြိမ်ကျင်းပပြီး Cosplay ပွဲတွင် ယှဉ်ပြိုင်သူ Anime ပြိုင်ပွဲဝင် ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်ပြီး တက်ရောက်သူ ၁၆၀၀ ခန့်ရှိကြောင်း ပြပွဲတာဝန်ခံ ကိုလင်းအောင်ကျော်က ပြောသည်။

**သန့်ဇင်ဝင်း**




**အမည်မှန်**

အထက(၂)၊ ရွှေပြည်သာ၊ ဒသမတန်း(J)မှ မကေခိုင်ထွန်းအား မွေးစာရင်းအရ မခင်သန္တာဖေ ဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း TTC Grade (9-J) မှ မောင်ထက်အောင်ကောင်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးစိုးနိုင်(ခ)ချမ်းသာ [၁၄/ပသန(နိုင်)၀၀၆၀၂၆)] ဖြစ်ပါသည်။

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်အောင်မင်းဦး CDC No. 84920 S.S.A Certificate ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးစေချင်ပါသည်။

ဖုန်း-၀၉-၇၉၉၆၉၈၉၁၅

**ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မြို့ပတ်(၆)လမ်း၊ အမှတ်-၄၇၊ ပထမထပ် (မှန်ခန်း)နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်တို့အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့် ရပ်ကွက်၊ မြို့ပတ်(၆)လမ်း၊ အမှတ်-၄၇၊ ပထမထပ် (မှန်ခန်း)နေ ဦးပြည့်သိမ်းကျော်[၁၂/မဂတ(နိုင်)၀၈၆၃၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာ အပ်ပါသည်။

၂၁-၈-၂၀၁၅ ရက်စွဲပါစာချုပ်အရ ကျွန်ုပ်တို့အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူ ဦးပြည့်သိမ်းကျော်မှ အပြီးအပိုင် လွှဲပြောင်းလက်ရောက် ရရှိပြီးဖြစ်၍ ဦးပြည့်သိမ်းကျော်မသိရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးကမ်းခြင်းများ မပြုလုပ်ကြပါရန်နှင့် ကျွန်ုပ်တို့အား အရေးအခွင့် တာဝန်ပေးလွှဲအပ်သူ တစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်သူဖြစ်၍ ဦးပြည့်သိမ်းကျော်သာလျှင် လွှဲပြောင်း ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘိုဘို (စဉ်-၂၂၆၄၁)
**B.Sc(Geol), M.P.A,M.A (Business Law)**
**H.G.P,D.M.A.,D.A Psy, D.A.E**
**D.B.L,D.M.L, D.I.L, D.I.R, PG.D.L**
ဥပဒေအကျိုးဆောင်နှင့် စီးပွားရေးဥပဒေအကြံပေး

ဒေါ်ခင်မျိုးကြည်(စဉ်-၃၂၁၁၂)
**LL.B,D.B.L,D.LL**
အထက်တန်းရှေ့နေ

**MYAT & ASSOCIATES LAW FIRM**
အမှတ်(၅၆၅)၊ အခန်း(၆၀၄)၊ (၆)လွှာ၊ **MAC Tower** ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၁၇၈၇၊ ၀၉၅၁၄၈၉၄၂

**"၄၄လမ်းတိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါသည်"**

ဒေါ်ဖာတမာဘီဘီ (၁၂/ဗတထ(နိုင်)၀၂၈၄၃၂) နှင့်ဒေါ်မမကြီး (၁၂/ဗတထ(နိုင်) ၀၂၈၄၄၀)တို့ကရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊(၈)ရပ်ကွက်၊၄၄လမ်း၊အမှတ်-၇၇/၇၉၊ ဒုတိယထပ်(ဝဲ)တိုက်ခန်းကို ၎င်းတို့တရားဝင်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသည်ဖြစ်၍၊ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူဦးကြည်မြင့် (၁၂/ပဇတ(နိုင်)၀၂၅၁၆၅)က အဆိုပါတိုက်ခန်းကို ၎င်းတို့ထံမှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းကိုပိုင်ရေးဆိုင်ခွင့်ရှိသူများသည်ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်းခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့်ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

ဦးစန်းဝင်း (စဉ်-၂၄၆၆)
B.A,D.A,H.G.P,R.L
တရားလွှတ်တော်ရှေ့နေ

ဒေါ်ခိုင်ဆုဝေ (စဉ်-၃၁၇၁၂)
LL.B,D.B.L
အထက်တန်းရှေ့နေ

ဒေါ်မေသူအောင် (စဉ်-၄၂၈၅၂)
LL.B,D.B.L,D.I.L
အထက်တန်းရှေ့နေ

ဒေါ်သီသီဖြူ (စဉ်-၄၂၈၉၇)
LL.B
အထက်တန်းရှေ့နေ

အမှတ်(၈၅)၊ ပထမထပ် (ယာ)၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၉၁၅၅ ၊ ၀၁-၂၉၆၃၀၃

## ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## တင်ဒါ(Tender)ခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကမ္ဘောဇရိပ်သာ ပင်မအဆောက်အဦအကြီးစား မွမ်းမံခြင်းလုပ်ငန်းအတွက် တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၂၇-၈-၂၀၁၅ရက်
တင်ဒါတင်သွင်းရမည့်ရက် - ၇-၉-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ
တင်ဒါတင်သွင်းရန်နေရာ - အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်
တင်ဒါဖွင့်မည့်ရက် - ၉-၉-၂၀၁၅ရက်

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၆၇-၄၀၈၀၃၄၊ ၀၆၇-၄၀၈၀၃၇၊ ၀၆၇-၄၀၈၁၆၆**
**(အနုပညာဦးစီးဌာန)**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးချုပ်လေး(ငြိမ်း) (လေ/၁၁၇၃) (၈၉)နှစ်
**ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)နာယက**
**ရာသက်ပန်အသင်းဝင်၊ သက်ကြီးကန်တော့ခံ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ရင်းတိုက်ပင်လမ်းနေ ဒေါ်ရင်အေး(လက်ထောက်ကထိက၊ ငြိမ်း၊ လှည်းကူးပညာရေးကောလိပ်)၏ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ်လေး(ငြိမ်း) (လေ/၁၁၇၃)သည် ၁၉-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်းစန်း
### အသက်(၈၃)နှစ်

သူငယ်ချင်း ဗိုလ်ချုပ်ကံမြင့်သန်း-ဒေါ်လွင်မီသင်တို့၏ချစ်လှစွာသောမိခင် ဒေါ်စန်းစန်း(မအူပင်)သည် ၂၂-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၆၆)မှ သူငယ်ချင်းများ**

---

## အထူးကျေးဇူးတင်ရှိခြင်း
### ဦးကျင်စိန်(ခ)လီထျန်ရင်း
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ ၄၉လမ်းထိပ်၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ အမှတ်(C-၆) ခြောက်လွှာနေ (ဒေါ်ကျင်မီ)၏ခင်ပွန်း၊ ဦးခင်မောင်လတ်(Ex-EPC)-ဒေါ်အေးအေး(Ex-EPC)၊ (Drချူပိန်ရှင်း)-Dr တင်တင်လှိုင် (Hong Kong)၊ ဦးမြင့်သိန်း(MOGE-ငြိမ်း)၊ Drစုစုလှိုင် (YGH-ငြိမ်း)၊ ဦးစိန်ကြီး-ဒေါ်ငယ်ငယ်စိန် (Taiwan)၊ Colin Chu-ဒေါ်ဖြူဖြူ(Canada)တို့၏ဖခင်ကြီးသည် ၁၈-၈-၂၀၁၅(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ဖခင်ကြီးနာမကျန်းဖြစ်စဉ် ကြည့်ရှုကုသပေးသော ဗဟိုစည်ဆေးရုံမှ ပါမောက္ခဒေါက်တာဒေါ်သန်းသန်းအေးနှင့်တကွ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စတွင် အဘက်ဘက်မှလိုလေးသေးမရှိအောင် ကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ် သင်္ဂဟအပေါင်းတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်ကွက်၊ ဗန္ဓုလလမ်း၊ အိမ်အမှတ်(၃၈)နေ ဦးထွန်းလွင်-ဒေါ်မြင့်သန်းကြည်တို့၏ ဒုတိယမြောက်သမီးဖြစ်သူ မစိုးစိုး(ခ) မစန္ဒာဦး [၆/ဘပန(နိုင်)၀၂၀၉၆၅]သည် မိဘများ၏ဆိုဆုံးမမှုကို နားထောင်ခြင်းမရှိဘဲ အမျိုးမျိုးဒုက္ခပေးနေပြီး ၂၇-၅-၂၀၁၅ ရက်တွင် မိမိဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးထွန်းလွင်-ဒေါ်မြင့်သန်းကြည်**

---

## အထူးကျေးဇူးတင်ရှိခြင်း

၆-၈-၂၀၁၅ရက် နံနက် ၂း၅၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းလွင်(၉၆)နှစ်အား နာမကျန်းရှိစဉ်မှစ၍ အထူးဂရုစိုက်ပြုစုကုသစောင့်ရှောက်ပေးခဲ့ကြသော သမားတော်ကြီး ပါမောက္ခဒေါက်တာဦးနေဝင်းနှင့် တာဝန်ကျ ဆရာဝန်၊ ဆရာမများ၊ ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်ငွေးနှင့်တကွ ဗဟိုစည်ဆေးရုံအထူးကြပ်မတ်ကုသဆောင်မှ တာဝန်ကျဆရာဝန်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်တကွ တာဝန်ရှိသူများ၊ စေတနာဖြင့်သွေးလှူပေးကြသော သွေးအလှူရှင်များအားလည်းကောင်း၊ ဈာပနကိစ္စမှရက်လည်ပြီးစီးသည်အထိ ဝိုင်းဝန်းကူညီကြသော မိုးကုတ်အသင်းနှင့် ဗန်းမော်အသင်းတို့အားလည်းကောင်း၊ သတင်းမေးမြန်းကြသူများ၊ ကိုယ်တိုင်ကြွရောက်အားပေး ကူညီကြသူများအားလည်းကောင်း၊ ရပ်ဝေးမှ မကြွရောက်နိုင်သော်လည်း ဝမ်းနည်းကြောင်း တယ်လီဖုန်း၊ Email ဖြင့်ပေးပို့မေးမြန်းကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုကိစ္စအဝဝများပေးပို့လှူဒါန်းကြသူများအားလည်းကောင်း၊ ဖခင်ကြီး၏ဆန္ဒအရ အရိုးပြာအိုးကို ကျိုက်ထီးဆောင်းနယ်မြေတွင် မြေချ၍အမှတ်တရ ကမ္ပည်းကျောက်တိုင်စိုက်ထူကာ ဆွမ်းကျွေးတရားနာပါဝင် ကူညီပေးခဲ့ကြသော ကျိုက်ထီးဆောင်းသာသနာ့နယ်မြေ ဂေါပကအဖွဲ့ဝင်လူကြီးများနှင့် ကျေးရွာသူကျေးရွာသားများ၊ ရပ်မိရပ်ဖများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိ အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်တင်တင်အုံး
### အသက်(၈၃)နှစ်
**အထက်တန်းပြ(ငြိမ်း)၊ အထက(၆) ဗိုလ်တထောင်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားလမ်း၊ အမှတ်(၂/၄၆)နေ (ဒေါက်တာရန်ရှင်း-ဒေါ်ခင်သိန်း)တို့၏သမီးကြီး၊ (ဦးအလီ-ဒေါ်မိန်းကလေး)တို့၏ သမီးချွေးမ၊ (ဦးမြ) သစ်လုပ်ငန်း၏ ချစ်လှစွာသောဇနီး၊ (ဒေါ်ခင်သူဇာ)၊ ဦးဝေဖြိုး-ဒေါ်ခင်သီတာ၊ ဒေါ်ခင်သန္တာတို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းပြည့်ဖြိုး၊ မောင်အောင်သုတတို့၏ ချစ်လှစွာသောအဘွား ဒေါ်တင်တင်အုံးသည် ၂၃-၈-၂၀၁၅ ရက် မွန်းလွဲ ၁၂း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၅(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဦးဘကျော် (၇၂)နှစ်
**ကုန်သွယ် (ဆောက်/လျှပ်) (ငြိမ်း)**
**သာကေတမြို့နယ် မလွန်ဆန်လှူအသင်းထောက်အဖွဲ့**
**အတွင်းရေးမှူး၊ တိနိအကျိုးတော်ဆောင်**

ကျိုက်လတ်မြို့၊ ထားဝယ်ပိုင်းကျေးရွာနေ (ဦးလှမောင်-ဒေါ်ကျင်စိန်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၇၄၀)၊ နိဗ္ဗာန်လမ်း၊ (၈)ရပ်ကွက်နေ ဒေါ်လှငွေး၏ခင်ပွန်း၊ ဦးနိုင်ဝင်း-ဒေါ်ဝါဝါသိန်း၊ ဦးဇော်မိုး၊ ဦးဇော်မျိုး-ဒေါ်စန္ဒာစိုး၊ ဦးဇော်မင်းထူး(ခ)ဖိုးထူး-ဒေါ်စန္ဒာအောင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးဘကျော်သည် ၂၂-၈-၂၀၁၅(စနေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[၂၈-၈-၂၀၁၅(သောကြာနေ့)တွင် သာကေတမြို့နယ်၊ အမှတ် (၇၄၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးဆွေမြင့်(ပြင်ဦးလွင်ပျိုးဥယျာဉ်)
### အသက်(၇၄)နှစ်
**(ဒု-ထွေဂျာ၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း-ငြိမ်း)**

သူငယ်ချင်း ဒေါ်စန်းစန်းရီ(B.Ag-၁၉၇၁)၏ခင်ပွန်း ဦးဆွေမြင့် ကွယ်လွန်သွားပါ၍ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**B.Ag-၁၉၇၁ဘွဲ့ရများ**
**မန္တလေး၊ စိုက်ပျိုးရေးတက္ကသိုလ်**

---

## အထူးကျေးဇူးတင်ရှိခြင်း
### ဟာဂျီဦးညွန့်ဖေ
**ဒူးယားမုန့်တိုက်၊ တောင်ကြီး**
### အသက်(၇၆)နှစ်

၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၇ရက်(တနင်္လာနေ့)တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားသော ဟာဂျီဦးညွန့်ဖေအား အထူးကြပ်မတ်ကုသပေးခဲ့သော"မြတ်တော်ဝင်"အထူးကုဆေးရုံမှ သမားတော်ကြီးနှင့်တကွ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ဒါဖနာသင်္ဂြိုဟ်ခြင်းကိစ္စတွင် ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ခဲ့ကြသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ ဘာသာအသီးသီးမှ ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များ၊ ဆရာ/ဆရာမများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ အီးမေးလ်၊ မက်ဆေ့(ခ်ျ)နှင့် လူမှုကွန်ရက်မှတစ်ဆင့် ဝမ်းနည်းကြေကွဲကြောင်း နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
**တောင်ကြီးပရိယတ္တိစာသင်တိုက်၊ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတဆရာတော်**
### ဘဒ္ဒန္တဥတ္တမ မဟာထေရ်
### သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ အမှတ်(၇၁)၊ တောင်ကြီးပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဥတ္တမ မဟာထေရ် သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်သည် (၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်) ၂၁-၈-၂၀၁၅ (သောကြာနေ့) ည ၉နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်) ၂၇-၈-၂၀၁၅ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိစာသင်တိုက်၌ တရားနာအခမ်းအနားကျင်းပပြီး ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ပြီး အန္တိမအဂ္ဂိစျာပနသဘင်ဆင်ယင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(တောင်ကြီးကျောင်းတိုက် မှကားများ မွန်းလွဲ ၁း၃၀နာရီထွက်ပါမည်။)

**တပည့် ဒါယကာ၊ ဒါယိကာမများ**

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
### ဒေါ်ဝင်းဝင်း
### အသက်(၆၅)နှစ်
**(ဝင်းသရဖူ-အီလက်ထရွန်နစ်၊ ဝင်းကမ္ဘာထီရောင်းဝယ်ရေး)**

ရန်ကုန်မြို့၊ အမှတ်(၁၆၉)၊ (၄၇) လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးချစ်-ဒေါ်အေးကြည်)တို့၏ သမီးကြီး၊ သန်လျင်မြို့နေ ဦးစောညွန့်-ဒေါ်သိန်း တို့၏သမီးချွေးမ၊ ဦးကြည်တင်-ဒေါ်အေးသန်း၊ ဦးကြည်ခင်-ဒေါ်ယဉ်နွဲ့ဟန် (USA)၊ ဦးခင်ရွှေ-(ဒေါ်သန်းဝင်း)တို့၏ ညီမ၊ ဦးဝင်းဟန်(C.E-LIZTER)၏ဇနီး၊ ဦးတင်မြင့်-ဒေါ်ရီရီစန်း(ရွှေပဒေသာ-အီလက်ထရွန်နစ်)၊ ဦးခိုင်ထူး-ဒေါ်သန်းသန်းငွေး(ဂျပန်)၊ ဦးသက်နိုင်အေး-ဒေါ်ခင်ခင်ဆွေ၊ ဦးသန်းထွဋ်(ဝင်း-အီလက်ထရွန်နစ်)တို့၏အစ်မ၊ မောင်ဝေယံအောင်(AIT-THAILAND)၊ မခင်ရတနာဝင်း (Final Year BBM,NMC) တို့၏မိခင်ကြီးသည် ၂၃-၈-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၇း၁၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၅ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
**ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
### ဒေါ်နုနုကြည်(ညောင်လေးပင်)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ အသင်းဝင်(ဦးသန်းဖေလေး)-ဒေါ်နုနုရီတို့၏အစ်မသည် ၁၆-၈-၂၀၁၅ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်သိန်း(B.A Geography)
### အသက်(၆၃)နှစ်

ဦးမြင့်သိန်း(ငြိမ်း) လက်ထောက်ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ၂၂-၈-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့ပထဝီဝင်အသင်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွန်း(ခ)ဦးခိုင်မင်း(ပြည်)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၅၆)၊ (၄)လွှာ၊ မဟာဗန္ဓုလပန်းခြံလမ်းနေ ဒေါ်ခင်ပြုံးရီ(ခ)ဒေါ်ကျင်တီ၏ ခင်ပွန်းဖြစ်သူ ဦးတင်ထွန်း(ခ)ဦးခိုင်မင်း(ပြည်)သည် ၁၉-၈-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သမားတော်ကြီး ဦးသောင်းနိုင်၊ ဒေါ်ခင်သိန်းမိသားစု**
**တောင်ဥက္ကလာပ၊ ရန်ကုန်**

---

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးတင်ရွှေ
### အသက်(၇၅)နှစ်
**ရေယာဉ်မှူးကြီး(ငြိမ်း) စွမ်းအင်ဝန်ကြီးဌာန(PIC)**
**၂၆-၈-၂၀၁၃ - ၂၆-၈-၂၀၁၅**

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၂၆-၈-၂၀၁၅ရက်တွင် (၂)နှစ်ပြည့်မြောက်ခဲ့သော်လည်း နေ့စဉ်သတိရ တမ်းတဆဲပါ ဖေဖေ။ ဖေဖေ့အတွက် ရည်စူး၍ လစဉ်ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုနှင့် ယခု (၂)နှစ်ပြည့်တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ခဲဖွယ်၊ ဒါတဗ္ဗဝတ္ထုအစုစုတို့အား လှူဒါန်းရသောအကျိုးကြောင့် ဖေဖေ မြင့်မြတ်သော ဘုံဘဝမှာ အေးငြိမ်းချမ်းသာစွာ သာဓုခေါ်ဆိုနိုင်ပါစေ။ မြင့်မြတ်သောဘဝမှာခံစားစံစားနိုင်ပါစေ. . . အမျှ-အမျှ-အမျှပေးဝေပါတယ် ဖေဖေ။

**ချစ်ဇနီး-ဒေါ်တင်တင်သော်(ခ)အန်တီမာ**
**ချစ်သားကြီး-ကိုဇော်မင်းတင်-မခင်မျိုးမြတ်(ခေတ္တ-USA)**
**ချစ်သားလတ်-ကိုဇော်မျိုးတင်-ဗစ်တိုးရီးယားကိုင်ရာ(ခေတ္တ-USA)**
**ချစ်သမီးငယ်-ကိုကိုထွေး(2nd Mate FG)-မခင်ငြိမ်းငြိမ်းရွှေ(ဦးစီးအရာရှိ၊ အခြေခံပညာဦးစီးဌာန)**
**ချစ်မြေးကြီး-ဝေယံမင်းဒင်(ခေတ္တ-USA)**
**ချစ်မြေးငယ်-ဂျိုးဇက်မျိုးတင်(ခေတ္တ-USA)**

# မြန်မာနိုင်ငံက ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂၅ ဦးအား ထပ်မံလွှဲပြောင်း

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံက ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံအတည်ပြုပြီးသူ ၁၂၅ ဦးကို ယနေ့နံနက်ပိုင်းတွင် တောင်ပြို(လက်ဝဲ)မြို့၌ နှစ်နိုင်ငံအလံတင် အစည်းအဝေးကျင်းပပြီး နှစ်နိုင်ငံနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တရားဝင် ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

နှစ်နိုင်ငံ အလံတင်အစည်းအဝေးတွင် မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင် ဦးဆောင်သောအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံအတည်ပြုပြီးသူ ၁၂၅ ဦးကို ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့် တပ်ရင်းအမှတ် (၁၇) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မိုဟာမက်ရာဘီးယူ အစ္စလာမ် ဦးဆောင်သည့် အဖွဲ့ထံ လွှဲပြောင်းပေးခဲ့ရာ ၎င်းနိုင်ငံသား ၁၂၅ ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။**(ယာပုံ)**

အဆိုပါ လွှဲပြောင်းသည့် အခမ်းအနားသို့ မြန်မာဘက်မှ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ယာယီဒုတိယရဲမှူးကြီး ကျော်တေဇနှင့် စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် မာဘူဘာရာမန်တို့ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံက ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက်မှ အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၆၂၆ ဦးကို ငါးကြိမ်ခွဲ၍ ၎င်းတို့၏ မူရင်းနေရပ်ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်ပို့ဆောင်ပြီးဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရန် ကျန်ရှိသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က စိစစ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိရာ စိစစ်အတည်ပြုပြီးပါက မူရင်းနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



ယ ၆ နေ့

## မာတိကာ

**ဂျပန်မောင်းသူမဲ့ ကုန်တင် အာကာသယာဉ် နိုင်ငံတကာ အာကာသစခန်းသို့ ဆိုက်ရောက်**

——— စာမျက်နှာ ›› ၄

**ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ခြေချရန် ဘင်ဇီမာငြင်းဆို**

——— စာမျက်နှာ ›› ၁၃

# ဘိုကလေးကမ်းနားတွင် လူတစ်ဦးကို မိကျောင်းကိုက်ချီသွား

**ဘိုကလေး ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာအုပ်စုအပိုင်တွင် လူတစ်ဦးမိကျောင်းကိုက်ချီသွားကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ရက် နံနက် ၁၁နာရီခွဲတွင် ဘိုကလေးနယ်မြေ ကဒုံကနိကျေးရွာအုပ်စု လိပ်သောင်ရေကျော်ဝက်ချောင်းကမ်းနားဘေးတွင် နေထိုင်သော အဘ ဦးလှငွေ၏သား မောင်သန်းထိုက် (၁၄)နှစ်၊ညီမဖြစ်သူ မကျော့ကေခိုင် (၆)နှစ်တို့နှစ်ဦးသည် အိမ်ရှေ့ရေချိုးဆိပ်၌ ရေဆင်းချိုးနေစဉ် မောင်သန်းထိုက်ကို မိကျောင်းတစ်ကောင် ကိုက်ချီသွားခြင်းဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့**❖



# ဒတ်ချ်စွမ်းအင်ကုမ္ပဏီက ထားဝယ်အထူးစီးပွားရေးဇုန်၌ ကန်ဒေါ်လာ သန်း ၅၀၀ တန် ဓာတ်ငွေ့ရည်သိုလှောင်ဆိပ်ကမ်းတစ်ခု တည်ဆောက်မည်

နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးဖြစ်သည့် Royal Dutch Shell က မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး၌ အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန် သဘာဝဓာတ်ငွေ့ရည်သိုလှောင်ဆိပ်ကမ်းတစ်ခု တည်ဆောက်ရန် Italian-Thai Development နှင့် LNG Plus International အပါအဝင် ထိုင်းကုမ္ပဏီများနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးလိုက်ကြောင်း Energy Business Review တွင် ရေးသားဖော်ပြသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံတန် ထားဝယ်စီမံကိန်း ပထမအဆင့်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော အဆိုပါဓာတ်ငွေ့ရည် သိုလှောင်ဆိပ်ကမ်းမှာ တစ်နှစ်လျှင် ဓာတ်ငွေ့ရည်တန်ချိန်ခြောက်သန်း တင်သွင်းနိုင်ကြောင်း ရိုက်တာသတင်းဌာနက အစောပိုင်းတွင် ရေးသားထားသည်။

သဘောတူညီချက်အရ Shell ကုမ္ပဏီက ထားဝယ်၌ ဓာတ်ငွေ့ရည်သိုလှောင်ဆိပ်ကမ်း တည်ဆောက်ရေးအတွက် နည်းပညာကျွမ်းကျင်သူများ အကူအညီပေးရမည့်အပြင် ဖောက်သည်များသို့ သဘာဝဓာတ်ငွေ့ရည် ထောက်ပံ့ပေးရမည်ဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန်ရှိ ယင်းပထမအဆင့်စီမံကိန်းမှာ ထားဝယ်၊ ထိုင်းနှင့် မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းများသို့ သဘာဝဓာတ်ငွေ့ရည်များ သဘော်ဖြင့်ပို့ဆောင်ရာ အဓိကနေရာတစ်ခုဖြစ်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့**❒




themirror.npt@gmail.com www.facebook.com/themirrordaily